# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ ပြာသိုလဆန်း (၂) ရက် ၊ သောကြာနေ့ ၊ (23-12-2022) ၊ အတွဲ (၃၁) ၊ အမှတ် (၂၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန်မြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် Jeng Phang နော်တောင်နှင့် စောဒန်နီယယ်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေတို့က ဖားစည် ကိုးချက်တီး၍ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ယနေ့ကျရောက်သည့် ၂၇၆၂ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဖားစည်တီး၍ ကရင်အမျိုးသားအလံကို လွှင့်ထူပေးသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံကို အလေးပြုကြပြီး ကရင်အမျိုးသားသီချင်းသီဆိုကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အခမ်းအနားကို ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် **Jeng Phang** နော်တောင်၊ စောဒန်နီယယ်နှင့် ဇနီး၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့**

**ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၄၇၂ သန်းရရှိ**

စာမျက်နှာ - ၂၅

**မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်က ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပို့ကုန်၊ သွင်းကုန်လိုင်စင် ၅၁၄ စောင် ခွင့်ပြုထုတ်ပေးခဲ့**

စာမျက်နှာ - ၅

**မန္တလေးတိုင်းဒေသကြီးအတွင်း လူသုံးကုန်နှင့် အလှကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်လှစ်ပေးသွားမည်**

စာမျက်နှာ - ၂




ရတနာပုံ
၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်
အယ်ဒီတာ့အာဘော်

# အလေးထားမြတ်နိုးစရာ မြန်မာစာပေ

မြန်မာစာပေသည် ပုဂံခေတ်ကပင် စတင်ပေါ်ပေါက်လာသည်ဟု ဆိုနိုင်သည်။ ပုဂံခေတ်ထိုးကျောက်စာဖြစ်သည့် ရာဇကုမာရ်ကျောက်စာတွင် မြန်မာဘာသာဖြင့်ပါ ထည့်သွင်းရေးထိုးထားကြောင်း သမိုင်းအထောက်အထားများက သက်သေပြလျက်ရှိသည်။

မြန်မာစာအရေးအသားမပေါ်မီက ပျူ၊ မွန်၊ ပါဠိ၊ သက္ကတစာအရေးအသားများ ပုဂံတွင်ထွန်းကားနေသည့်အလျောက် ထိုစာအရေးအသားများသည် မြန်မာစာအရေးအသား ပေါ်ပေါက်ရေးအတွက် လမ်းခင်းပေးခဲ့သည်ကို တွေ့နိုင်သည်။ စာအရေးအသားမပေါ်မီက ဖွဲ့လိုသောအကြောင်းအရာကို နှုတ်ဖြင့်ရွတ်ဆိုဖန်တီးဖွဲ့နွဲ့သော၊ 'နှုတ်ပြောစာပေ'များ လူမျိုးအသီးသီးတွင်ရှိမည်ဖြစ်သည်နှင့်အညီ မြန်မာတို့ စာအရေးအသား မတီထွင်ရသေးမီက နှုတ်ဖြင့်ဖွဲ့ခဲ့သော သီချင်း၊ ကဗျာ၊ ပုံပြင် စသည်တို့သည် နှုတ်ပြောစာပေအဖြစ် ပေါ်ပေါက်ခဲ့မည်ဖြစ်သည်။ နှုတ်ပြောစာပေသည် စာနှင့်ပေနှင့် အက္ခရာတင်သော 'အရေးစာပေ'၏ ရှေ့ပြေးသဖွယ်ဖြစ်သည်။

မြန်မာစာပေသည် သမိုင်းအစဉ်အဆက် ဆက်လက်ရှင်သန်ဖွံ့ဖြိုးလာခဲ့ရာ စာပေဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် ကဗျာပိုင်း၌ ပျို့၊ လင်္ကာ၊ သာချင်း၊ မော်ကွန်း၊ သံပိုင်း စသည်တို့မှသည် ရတု၊ ရကန်၊ အဲ၊ အန်၊ လူးတား၊ ဘောလယ်၊ သဖြန်၊ တေးထပ်၊ ကာချင်း၊ ဒုံးချင်း၊ အဲချင်း၊ လွမ်းချင်းတို့ ဆက်လက်ဖြစ်ထွန်းပေါ်ပေါက်လာသလို စကားပြေပိုင်းတွင် ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊ ရသစာတမ်း၊ ပြဇာတ်၊ စာစီစာကုံး၊ အတ္ထုပ္ပတ္တိ စသည်ဖြင့် စာပေပုံသဏ္ဌာန်မျိုးစုံကြွယ်ဝနေပြီဖြစ်သည်ကို တွေ့နိုင်သည်။

မြန်မာစာပေသည် ဗုဒ္ဓစာပေကိုအခြေပြု၍ ပေါ်ထွန်းလာသည်နှင့်အညီ မြန်မာဝတ္ထုစာပေသည်လည်း ဗုဒ္ဓစာပေကို ပါဠိဘာသာမှ မြန်မာပြန်ခြင်းဖြင့် ပေါ်ပေါက်လာသော ဝတ္ထုစာပေဖြစ်သည်။ အထင်ရှားဆုံးမှာ ဘုရားရှင်၏အတိတ်ဘဝ ဖြစ်တော်ခန်းများဖြစ်သော ဇာတကဝတ္ထုစာပေဖြစ်သည်။ မြန်မာစာပေတွင် အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ကြရမည့် စာအုပ်စာပေများစွာရှိသည်။ ဇာတ်ကြီး ၁၀ ဘွဲ့၊ ၅၅၀ ဇာတ်တော်၊ ၃၈ ဖြာ မင်္ဂလာတရားတော် စသည့်မြန်မာလူနေမှုစနစ်ကို ထိန်းကျောင်းပေးသည့် စာအုပ်စာပေများရှိနေသလို မြန်မာတို့၏ဇာတိမာန်ကို နှိုးဆော်သော စာအုပ်စာပေများ၊ မျိုးချစ်စိတ်ကို ပေါက်ဖွားစေသော စာအုပ်စာပေများ၊ ကိုယ်ကျင့်တရားကိုထိန်းကျောင်းပေးသော စာအုပ်စာပေများ၊ စာရိတ္တပြုပြင်ရေးနှင့် အသိအမြင်ဆင်ခြင်မှုကို ဖြစ်ပေါ်စေသော စာအုပ်စာပေများ၊ ငဲ့ညှာစာနာမှုနှင့် ကရုဏာစိတ်ကိုဖြစ်ပေါ်စေသော စာအုပ်စာပေများ စသည်ဖြင့်အမျိုးအစားစုံလင်စွာတည်ရှိသည်။

စာပေမြင့်လျှင် လူမျိုးမြင့်မည်ကို အမြဲမပြတ် သတိမူလျက် ကိုယ်ပိုင်ယဉ်ကျေးမှုရှိ၍ တန်ဖိုးကြွယ်ဝ မြင့်မားသော မြန်မာစာပေအဆင့်အတန်းကို ထိန်းသိမ်းစောင့်ရှောက်ကာ ဆက်လက်မြှင့်တင်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ မြန်မာစာပေအဆင့်အတန်းကို ထိန်းသိမ်းစောင့်ရှောက်ကြရာတွင် စာရေးသူ၊ စာဖတ်သူ၊ ပုံနှိပ်ထုတ်ဝေသူ၊ ဖြန့်ချိရောင်းချသူများ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သလို စာကြည့်တိုက်များ၏ အခန်းကဏ္ဍတို့ကို အလေးထားလုပ်ဆောင်ရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ခေတ်အဆက်ဆက် ခံ့ညားထည်ဝါစွာ တည်ရှိလာခဲ့သော မြန်မာစာပေ၏အမွေအနှစ်ကို မြတ်နိုးစွာဖြင့် အလေးထားတန်ဖိုးထားကာ မပျောက်ပျက်အောင် မြန်မာနိုင်ငံသားတိုင်းက ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း လူသုံးကုန်နှင့်အလုကုန်ပစ္စည်း ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပေးသွားမည်



**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီးအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာရေးအတွက် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်နှင့် အလှကုန်ပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

အဆိုပါ သင်တန်းကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်ထိ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၂၅ လမ်းထောင့်ရှိ တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လူသုံးကုန်ဆိုတာ ပြည်သူတွေ နေ့စဉ်နဲ့အမျှ မသုံးမဖြစ်သုံးနေကြတဲ့ ပစ္စည်းဖြစ်ပါတယ်။ ပြည်တွင်းမှာ ထုတ်လုပ်မှုမလုံလောက်လို့ ပြည်ပက တင်သွင်းနေတာတွေလဲ ရှိပါတယ်။ ဒါကြောင့် ပြည်ပသွင်းကုန်အစားထိုးပစ္စည်း ထုတ်လုပ်နိုင်စေဖို့အတွက် လူသုံးကုန်နဲ့ အလှကုန်ပစ္စည်းထုတ်လုပ်မှုသင်တန်းတွေ ဖွင့်လှစ်ပေးတာပါ။ အဲဒီလို ဖွင့်လှစ်ပေးခြင်းအားဖြင့် ကျေးလက်တွေမှာ တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်လာနိုင်မယ်။ တန်ဖိုးမြင့်ထုတ်ကုန်တွေ ထုတ်လုပ်လာနိုင်မယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလဲ ရရှိလာမယ်။ သင်တန်းကို ဘယ်သူမဆို တက်ရောက်လို့ရပါတယ်။ သင်တန်းကြေးအနေနဲ့ ငွေကျပ် ၁၀၀၀၀ ပေးသွင်းရမှာပါ။ ဌာနက ကျွမ်းကျင်ပညာရှင်တွေကိုယ်တိုင် ပို့ချပေးသွားမှာပါ"ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

သင်တန်းတွင်သင်ကြားပို့ချပေးမည့် ဘာသာရပ်များမှာ ပန်းကန်ဆေးဆပ်ပြာဆီ၊ အဝတ်လျှော်ဆပ်ပြာဆီ၊ မှန်ကြည်ဆေး၊ Hand Gel၊ Hand Spray၊ သဘာဝခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာရည်၊ ပျားရည်ဆပ်ပြာခဲ၊ ရှားစောင်းဆပ်ပြာခဲ၊ Lotion၊ အမွှေးဆီ၊ ဆပ်ပြာခရင်ပြုလုပ်နည်း စသည်တို့ဖြစ်ကြောင်း သိရသည်။

(၁၈၅)

# မန္တလေးဈေးကွက်အတွင်း စားတော်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေး ဈေးကွက်အတွင်း စားတော်ပဲ အရောင်းအဝယ်ကောင်းလာပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုအခါ စားတော်ပဲကိုရန်ကုန်၊ လားရှိုး၊ မန္တလေးမြို့မှ ကုန်သည်များက အဝယ်များပြားလျက်ရှိကြောင်း၊ စားတော်ပဲမှာ ယခင်က အရောင်းအဝယ် အေးနေခဲ့သော်လည်း ယခုလက်ရှိတွင် စားတော်ပဲများ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း သိရသည်။

"အခုလက်တလော ပြည်တွင်းကော ပြည်ပကပါ စားတော်ပဲတွေ အဝယ်လိုက်နေတာကြောင့် မန္တလေးဈေးကွက်ထဲမှာ ဈေးကောင်းရနေတယ်။ ပြည်ပက ဒီထက်ပိုပြီး ဝယ်ယူမှုများလာရင်တော့ မန္တလေးဈေးကွက်မှာ အခုဈေးထက်ကို ဈေးကောင်းပိုရနိုင်တယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဒီဇင်ဘာလ ပထမပတ်က စားတော်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၁၈၀၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း ဒီဇင်ဘာ ၂၁ ရက်တွင် စားတော်ပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလက်တလော ပြည်တွင်းဈေးကွက်မှာ စားတော်ပဲအရောင်းအဝယ်ဖြစ်နေတယ်။ ပြည်ပကိုတင်ပို့မှုနဲ့စာရင် ပြည်တွင်းဈေးကွက်ကိုပဲ အားထားပြီး လက်လီ၊ လက်ကားရောင်းနေရပါတယ်"ဟု ပွဲစားကုန်သည်စက်ပိုင်များမဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဒီဇင်ဘာ ၂၂**

မန္တလေး ကားဈေးကွက်တွင် ယခုတစ်ပတ်အတွင်း စလစ်ကပ်ကားများမှ တိုယိုတာဗွစ်ရှ်၊ ကလူဂါကားများ အရောင်းအဝယ်ရှိလာပြီး ဖရီးပါမစ်ပွိုင့်သရီးကားလေးများဖြစ်သည့် နံပါတ်ထွက်ပြီးသား ကားဟောင်းများလည်း ဈေးနှုန်းမြင့်တက်လာကြောင်း ကားဈေးကွက်အတွင်းမှ သိရသည်။

နံပါတ်ထွက်ပြီးသား ကားဟောင်းများအနက် ဟွန်ဒါဖစ်၊ တိုယိုတာကလူဂါ၊ ဆူဇူကီးဆွစ် စသည့်ကားများ အရောင်းအဝယ်ရှိပြီး ဈေးနှုန်းမြင့်လာကာ စလစ်ကပ်ကားများလည်း ဈေးမြင့်လာကြောင်း သိရသည်။

ကားဈေးကွက်အတွင်း ယခင်ကဲ့သို့ အရောင်းအဝယ်ဖြစ်နေမှုမျိုး မဟုတ်သော်လည်း ပုံမှန်အရောင်းအဝယ်ရှိလာပြီး ဈေးနှုန်းများ တည်ငြိမ်စပြုလာကြောင်း ကားအရောင်းအဝယ်ပြုလုပ်သူများက ပြောပြသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ်၂၀ အမည်ပေါက်စလစ် ငွေကျပ် ၁၂၂ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် ၁၀၅ သိန်း၊ တက္ကစီစလစ် ငွေကျပ်သိန်း ၁၁၀ ခန့် ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများ အရောင်းအဝယ် ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇော်ချမ်းအမျိုးအစားများမှာ ငွေကျပ် လေးသိန်းခန့်ဆိုင်ကယ်များ အရောင်းအဝယ် ဖြစ်နေကြောင်း မန္တလေးမြို့ ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၃၅ သိန်းမှ သိန်း ၅၀၊ နောက်ဆုံးမော်ဒယ်မဟုတ်သည့် အနိမ့်ဘီး Click များမှာ ငွေကျပ် ၁၈ သိန်းမှ ၂၅ သိန်းခန့်ဈေးရှိကြောင်း၊ Scoopy i အမျိုးအစားဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၃၃ သိန်းမှ ၄၅ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် ၁၇ သိန်းမှ ၂၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ဈေးနှုန်းများမှာ အင်ဂျင်ပါဝါ 110 အမျိုးအစားများ ငွေကျပ် ၆ သိန်း ၅ သောင်းမှ ၉ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရှပ်ဆိုး/125 R/CZI များမှာ ငွေကျပ် ၇ သိန်း ၅ သောင်းမှ ၁၂ သိန်းခန့်၊ CZI နောက်ဆုံးထုတ်အသစ်တစ်စီးလျှင် ငွေကျပ် ၁၂ သိန်း၊ ဆိုင်ကလုန်းမှာ ငွေကျပ် ၁၇ သိန်းမှ ၁၈ သိန်း ၈ သောင်း ဈေးရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးအောင်ကိုဝင်းထံမှ သိရသည်။

(၁၇၃)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လပွတ္တာမြို့နယ် ကန့်ဘလာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**လပွတ္တာ ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဖြင့် ထင်းပုံကွင်းကျေးရွာအုပ်စု ကန့်ဘလာကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လပွတ္တာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်နိုင်မိုး၊ လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူ၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ကန့်ဘလာကျေးရွာတွင် အရှည် ပေ ၁၂၀၀၊ အကျယ် လေးပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ကန့်ဘလာကျေးရွာတွင် ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ၁၂ သိန်းကို အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် နိုဝင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံးရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျေးရွာရှိ အိမ်ခြေ ၁၃၇ အိမ်၊ လူ ၆၈၄ ဦးတို့ ရာသီမရွေးသွားလာနိုင်ပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်ကျော်သူက ပြောပြ၍ သိရသည်။

**မောင်နိုင်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးအောင်ဆန်းဦး(ဓော်ဓကော်မှုလက်မှု)က မိဘများအားရည်စူး၍ ဆွမ်းအတွက် ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၇၄၇၀၉ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၇၄၇၀၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းနေကြာ ၃၅၁၇၇၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့ထိ နေကြာ ၁၇၄၇၀၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်အထွက်နှုန်းကောင်းတဲ့ နေကြာမျိုးတွေ အဓိကထားစိုက်ပျိုးသွားမယ်။ နေကြာဆီက ကျန်းမာရေးနဲ့ညီညွတ်တယ်။ နေကြာကို အလေအလွင့်မရှိ ဆီကြိတ်နိုင်တယ်။ စိုက်တဲ့နေကြာတွေက ဆီကြိတ်တာများတယ်။ ဆီဖူလုံမှုပိုတိုးတက်လာမယ်။ ပြည်ပကနေ စာအုန်းဆီတင်သွင်းရမှု သက်သာပြီးတော့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ နေကြာဆီပိုမိုထုတ်လုပ်နိုင်အောင် ရည်ရွယ်ချက်နဲ့ဆောင်ရွက်တာပါ" ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းနေကြာသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မော်လိုက်ခရိုင်တွင် ၃၉၅၉ ဧက၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၃၃ ဧက၊ ခန္တီးခရိုင်တွင် ဧက ၁၂၀၊ ဟုမ္မလင်းခရိုင်တွင် ၁၀၄ ဧက၊ တမူးခရိုင်တွင် ၅၂၅ ဧက၊ ကလေးခရိုင်တွင် ၁၁၂၈၅ ဧက၊ မုံရွာခရိုင်တွင် ၂၀၅၄၆ ဧက၊ ယင်းမာပင်ခရိုင်တွင် ၅၉၄၈၇ ဧက၊ စစ်ကိုင်းခရိုင်တွင် ၅၀၂၃၉ ဧက၊ ရွှေဘိုခရိုင်တွင် ၄၈၇၇ ဧက၊ ရေဦးခရိုင်တွင် ၆၆၂၉ ဧက၊ ကန့်ဘလူခရိုင်တွင် ၂၆၀၇ ဧက၊ ကသာခရိုင်တွင် ၁၀၃၇၇ ဧက၊ ကောလင်းခရိုင်တွင် ၃၉၂၁ ဧက တို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှစ်စဉ် ပဲသီးနှံစိုက်ဧက ၂၆ သိန်းကျော်၊ ဆီထွက်သီးနှံစိုက်ဧက ၂၃ သိန်းကျော်၊ စပါးသီးနှံစိုက်ဧက ၂၂ သိန်းကျော် စိုက်ပျိုးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ (၂၀၆)

# မြဝတီမြို့နယ် ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဒီဇင်ဘာ ၂၂**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာအုပ်စု ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့်စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာမြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် တွေ့ဆုံ၍ ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို စစ်ဆေးကြည့်ရှုပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့အောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ပွင့်လင်းအေးမြိုင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ သတ္တမနှစ်စက်ဝန်းအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား ၁၄၅ ဦးကို ငွေကျပ် ၃၉၄ ဒသမ ၉၃၄၆ သိန်း ထုတ်ချေးပေးထားကြောင်း မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက ပြောပြ၍ သိရသည်။

**သူသူ**

# ကျွန်းလှမြို့နယ် တင်းတိန်ယံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျွန်းလှ ဒီဇင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တင်းတိန်ယံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိဏ်းမောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅၁၅၀၀၀၀ ကို တင်းတိန်ယံကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက တင်းတိန်ယံကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ကိုးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၁၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၅၁၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ကစတင်၍ တင်းတိန်ယံကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စီမံကိန်းသတ်တမ်းကာလမှာ တစ်နှစ်ပြည့်ပြီဖြစ်၍ အရင်း၊ အတိုးငွေများကို အဆိုပါကျေးရွာ၌ ဒုတိယအကြိမ် ပြန်လည် ထုတ်ချေးခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးသိဏ်းမောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**



# သိက္ခာကို ရိက္ခာနဲ့ မလဲခဲ့တဲ့ စွယ်စုံရအနုပညာရှင်ကြီး မြတ်လေး

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

ကမ္ဘာ့ကပ်ရောဂါကြောင့် အထွေထွေရပ်ဆိုင်းသွားကြရသည့်လုပ်ငန်းစဉ်များထဲတွင် ကမ္ဘာပေါ်မှာမြန်မာနိုင်ငံ တစ်နိုင်ငံတည်းသာကျင်းပနေသည့် **စာပေဟောပြောပွဲများ**လည်း ပါဝင်သည်။

မြန်မာစာပေနှင့် မြန်မာ့ယဉ်ကျေးမှုအတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းမြှင့်တင်ခဲ့ကြသော စာပေဟောပြောပွဲများကို ပြည်ပရောက်မြန်မာနိုင်ငံသားများက လွမ်းဆွတ်တသစွာဖြင့် သူတို့နေထိုင်ကြရာ ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံမှ စာရေးဆရာများကို ဖိတ်ကြားကာ နှစ်စဉ်ကျင်းပခဲ့ကြသည်မှာ မြန်မာစာပေဟောပြောပွဲများ၏ ဂုဏ်ရောင်ကို ထွန်းပြောင်စေသည်။

သို့သော် ယခုတော့ ပြည်တွင်းမှာရော ပြည်ပမှာပါ စားဝတ်နေရေးနှင့် ရှင်သန်ရပ်တည်ရေး အဓိကမို့ စာပေဟောပြောပွဲများကျင်းပနိုင်ရန် လမ်းစမမြင်ကြတော့ပေ။ လွမ်းမောဖွယ်ကောင်းလေစွ။ လွမ်းမောဖွယ်ကောင်းသည့်ကြားမှ ရွံရှာအော့နှလုံးနာစရာကောင်းလှသည့် ဆွမ်းဆန်ထဲမှ ကြွက်ချေးများကိုလည်း ပြန်လည်မြင်ယောင်လာသည်။ သန့်စင်မွန်မြတ်လှသည့် စာပေဟောပြောပွဲများကို စီးပွားရေးဈေးကွက်ပမာလုပ်စားနေကြသော သိက္ခာမဲ့များ၊ စာပေဟောပြောပွဲစင်မြင့်ကို နိုင်ငံရေးစင်မြင့်ပမာ လိမ်ညာဟန်ဆောင်နေကြသော စာပေအရေခြုံ စာပေသစ္စာဖောက်လောက်ကောင်များ၊ နိုင်ငံရေးလော်ဘီများ၊ စာရေးဆရာအမည်ခံအတုအယောင်များ၊ စာပေမျိုးမစစ်များကား ဆွမ်းဆန်ထဲမှ ကြွက်ချေးများပင်ဖြစ်ကြသည်။

ထိုကြွက်ချေးများစွာထဲမှ သိက္ခာကို ရိက္ခာနှင့်လဲစားနေကြသော ဟောပြောပွဲလုပ်စားသူတချို့၏ သိက္ခာမဲ့ ကလိမ်ကကျစ်ညစ်ပတ်မှုများကို တင်ပြလိုသည်။ စာပေဟောပြောပွဲကျင်းပရေးကော်မတီက သူတို့တတ်နိုင်သမျှ စာရေးဆရာတစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းစီဖြင့် ဟောပြောကြမည့်စာရေးဆရာများနှင့် ကြိုတင်ညှိနှိုင်းသဘောတူထားကြသည်။ သို့သော် သဘောတူလက်ခံထားခဲ့ကြသော စာရေးဆရာများက ငွေကျပ် နှစ်သိန်း၊ သုံးသိန်းပေး၍ ခေါ်သောဒေသများသို့ လိုက်ပါဟောပြောကြရန် ထပ်မံလက်ခံလိုက်ကြပြန်သည်။ မူလက ငွေကျပ်တစ်သိန်းစီဖြင့်လက်ခံထားသောဒေသမှ ဟောပြောပွဲကျင်းပရေးကော်မတီက တကူးတကလာရောက်ခေါ်ကြသောအခါ အကြောင်းအမျိုးမျိုးပြကာ ငြင်းဆိုပယ်ဖျက်ခဲ့ကြသည်။

ဟောပြောကြမည့်စာရေးဆရာများ၏ အမည်များကိုကြေညာပြီး ရန်ပုံငွေရှာထားကြသော ဟောပြောပွဲကျင်းပရေးကော်မတီဝင်များခမျာ မျက်နှာငယ်လေးများနှင့်ပြန်သွားကြပြီး ဒေသခံများကို ခယယရှင်းပြတောင်းပန်ကြကာ ဖြစ်သလိုကျင်းပခဲ့ကြရသည်။

ကတိဖျက်ခဲ့ကြသောစာရေးဆရာများက မည်သို့ပင်အကြောင်းပြပြီး ကတိဖျက်ခဲ့ကြစေကာမူ သတင်းစာများနှင့် ဂျာနယ်များတွင် ထိုစာရေးဆရာများက အခြားဒေသများတွင် ထိုနေ့ရက်က စာပေဟောပြောနေကြသည့်သတင်းဓာတ်ပုံများ ပါလာကြသောအခါ ထိုစာရေးဆရာများသည် သိက္ခာကို ရိက္ခာနှင့်လဲနေကြသူများအဖြစ် ကလိမ်ကကျစ်မှတ်တမ်းဝင်သွားကြပါတော့သည်။ ကတိဖျက်ခံကြရသော နယ်မြေခံ စာချစ်သူများက အလွန်ပင်နာကြည်းမုန်းတီးအော့နှလုံးနာကုန်ကြသည်။

ဤသည်မှာ သာဓကတစ်ရပ်သာဖြစ်သည်။ သိက္ခာကို ရိက္ခာနှင့်လဲခဲ့ကြသောလုပ်ရပ်များစွာရှိခဲ့ရာ စာပေဟောပြောပွဲများ၏ပုံရိပ်ကို အလွန်ပင်ထိခိုက်စေခဲ့သည်။ ကျွန်တော်က ဘဝတူစာရေးဆရာအချင်းချင်း စကားလက်ဆုံကျရင်းက ဆောင်ဖွယ်ရှောင်ဖွယ်အသွယ်သွယ်ကိုပြောပြခဲ့ရာမှ **စာရေးဆရာ တောင်တွင်းကိုရင်ညြ**က စာပေဟောပြောပွဲများတွင် စာရေးဆရာစစ်စစ်များက ကတိဖျက်သစ္စာမဲ့နေကြသော်လည်း ရုပ်ရှင်နယ်ပယ်မှ အနုပညာရှင်ကြီးတစ်ဦးကတော့ သူ့ရုပ်ရှင်လောကသားများထက် စာပေချစ်သူများကိုသာ ဦးစားပေးကတိတည်ခဲ့သည့်အကြောင်း သူကိုယ်တွေ့ဖြစ်ရပ်ကိုခံစားချက်ဖြင့် ရှင်းပြခဲ့ရာ စံနမူနာယူဖွယ်ကောင်းလှသည်။

**ဒါရိုက်တာ၊ ရုပ်ရှင်မင်းသား၊ စာရေးဆရာ၊ သီချင်းရေးဆရာ၊ အဆိုတော်၊ စွယ်စုံရအကယ်ဒမီမင်းသားကြီး(ဦး)မြတ်လေး** ကို အနုပညာဝါသနာပါသူတိုင်းသိခဲ့ကြသည်။ နှစ်သက်လက်ခံအားပေးခဲ့ကြသည်။ သူ့ခေတ်တွင် သူလည်း စူပါတစ်ဦးအဖြစ် ထင်ရှားကျော်ကြားလူကြိုက်များခဲ့သည်။

"အလှဘုရားမလေး ××× လိုရာဖဲ၊ လိုရာဖန် ××× ကပြားမလေးညှိပြာညက် ××× ဂိုယာရမ်" ဟူသော သီချင်းနှင့် "သို့ . . . မခင်နှင်းဆီ" ဟူသော သီချင်းများသည် ဆရာမြတ်လေး၏ ဂန္ထဝင်သီချင်းများပင်ဖြစ်သည်။ "ဆံမြိတ်လည်းပြေ×××ပန်းလည်းကြွေ" တက္ကသိုလ်နောက်ခံဝတ္ထုလည်း ထင်ရှားခဲ့သည်။

"လောကမှာ ကိုယ် ××× ရွှေမဖြစ်ချင်ဘူး ပပ ××× ရွှေကိုစိန်နဲ့ကွပ်တော့ စိန်လက်စွပ်၊ ပတ္တမြားနဲ့ကွပ်တော့ ပတ္တမြားလက်စွပ်၊ ရွှေရဲ့တန်ဖိုးတွေပျောက်လွန်းလို့"ဟူသော "ငို၍ရယ်၍ မရသောမျက်နှာ"ဇာတ်ကားမှဒိုင်ယာလော့များနှင့် ဟန်အမူအရာများကိုရုပ်ရှင်ချစ်သူများမမေ့နိုင်ကြဘဲ တသသစွဲထင်နေကြဆဲပါ။

**ပန်းပန်လျက်ပါ**ဇာတ်ကားထဲတွင် ကောလိပ်ဂျင်နေဝင်းနှင့် မြတ်လေးတို့ အချေအတင်အပြန်အလှန်စကားနိုင်လုခဲ့ကြသည့်ပုံရိပ်များကိုလည်း ရုပ်ရှင်ချစ်သူများ ပြန်လည်မြင်ယောင်နေကြဆဲ၊ ကြားယောင်နေကြဆဲပါ။

"မြို့ကြီးပြကြီးမှာ နေထိုင်ကြရတာ၊ သွားသုတ်သုတ်၊ လာသုတ်သုတ်၊ စားသုတ်သုတ်နဲ့ ရှုပ်ယှက်ခတ်နေတာပါပဲ အရီးလေးရာ။ ဟော . . . အခုလိုလယ်ယာမြေထဲမှာ သန့်ရှင်းတဲ့ လေကောင်းလေသန့်လေးကို ရှူရှိုက်လိုက်ရတော့ လူကိုလန်း၊ စိတ်ချမ်းသာသွားတာပဲ အရီးလေးရာ"ဟု **ရွှေနှင့်သွေးနှင့်ရင်းသည့်မြေ** ဇာတ်ကားတွင် မြတ်လေးက လက်နှစ်ဖက်ကိုအားရပါးရလွှဲပြီး ရင်ကိုကော့ကာ လမ်းလျှောက်နေရင်းက ဒေါ်ဂျမ်းစိန်ကို ပြောပြနေပုံကိုလည်း ရုပ်ရှင်ချစ်သူများ၏ နှလုံးသားထဲတွင် စွဲထင်နေကြဆဲပင်။

ထိုသို့ နာမည်ကျော်ကြားလူကြိုက်များလှသော ဆရာမြတ်လေးကို လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်တွင် စာပေဟောပြောပေးရန်အတွက် ထိုအချိန်က ကျောင်းဆရာ(ယခုစာရေးဆရာ တောင်တွင်းကိုရင်ညြ)က ဆရာမြတ်လေးရှိသော လှစ္စလမ်း (ယခု ဆိပ်ကမ်းသာလမ်း)ရှိ မြတ်လေးနှင့်အပေါင်းလက္ခဏာရုပ်ရှင်ရုံးခန်းသို့ သွားရောက်ဖိတ်ကြားခဲ့သည်။ ဆရာမြတ်လေးကလည်း ဟောပြောပေးပါမည်ဟု ကတိပေးကာ သူဟောပြောမည့် ခေါင်းစဉ်ကိုပါပေးလိုက်သည်။

တောင်တွင်းကိုရင်ညြနှင့် ဟောပြောပွဲကျင်းပရေးကော်မတီဝင်များ ဝမ်းသာအားရညှိနှိုင်းတိုင်ပင်ကြကာ ဖိတ်စာရိုက်ပြီး ရင်ထိုးတံဆိပ်နှင့်တွဲကာ ဆရာမြတ်လေးထံသို့ သွားရောက်ပေးအပ်သောအခါ ဆရာမြတ်လေးထံမှ မထင်မှတ်သောစကားကို အံ့အားသင့်စွာကြားလိုက်ရသည်။

"စာပေဟောပြောပွဲကျင်းပမဲ့နေ့မှာ ရုပ်ရှင်အကယ်ဒမီချီးမြှင့်ပွဲကျင်းပမှာတဲ့ဗျာ။ သူတို့က နောက်ကျပြီးမှ သတ်မှတ်တာပါ။ ဝန်ကြီးကလဲ ကျွန်တော့်ကို မတက်မဖြစ် ဆက်ဆက်တက်ပါလို့ မှာထားတယ်တဲ့ဗျာ။ ဒါပေမဲ့ ခင်ဗျားတို့ ဘာမှပူပင်မနေကြပါနဲ့။ အကယ်ဒမီပွဲပြီးတာနဲ့ ကျွန်တော်ဆက်ဆက်လာခဲ့ပါမယ်။ ရော့ . . . ကျွန်တော့်ဖုန်းနံပါတ်ယူသွားပါ။"

တောင်တွင်းကိုရင်ညြ ရင်မောစိုးရိမ်သွားရလေပြီ။ သူလိုနာမည်ကျော်အနုပညာရှင်ကြီးက အကယ်ဒမီပွဲအပြီးမှာ မထင်မရှားရပ်ကွက်လေးထဲမှ သာမန်စာပေဟောပြောပွဲလေးကို သတိရတော့မည်မထင်ပါဘူးလေဟု စိတ်က ဖြေသိမ့်လျှော့ထားခဲ့ရလေသည်။

လှိုင်မြို့နယ် အမှတ်(၂)ရပ်ကွက်၊ သီရိလမ်းပေါ်ရှိ စာပေဟောပြောပွဲကို ည ၈ နာရီမှစတင်၍ဟောပြောခဲ့သည်။ စာပေဟောပြောနေစဉ် ည ၈ နာရီ သတင်းကြေညာခဲ့ရာ **ရင်ထဲမှာရှာသောဓမ္မ** ဇာတ်ကားဖြင့် ၁၉၈၄ ခုနှစ်အတွက် အမျိုးသားဇာတ်ပို့ အကယ်ဒမီဆုကို ဆရာမြတ်လေးဆွတ်ခူးရရှိကြောင်း သတင်းပါလာခဲ့သည်။

ဟောပြောပွဲကျင်းပရေးကော်မတီဝင်များ ဆရာမြတ်လေးအတွက်ဝမ်းသာကြသော်လည်း မျှော်လင့်ချက်ကိုတော့ လုံးဝလျှော့လိုက်ကြသည်။ စာရေးဆရာတစ်ဦး စာပေဟောပြောအပြီးမှာ အခမ်းနားမှူးကို ဆရာမြတ်လေး အကယ်ဒမီဆုရရှိသွားကြောင်း၊ အကယ်ဒမီ ပူပူနွေးနွေးရရှိလိုက်သောဆရာမြတ်လေး အကယ်ဒမီပွဲကြောင့် စာပေဟောပြောပွဲသို့ အချိန်မီရောက်မလာပါက စာနာနားလည်ခွင့်လွှတ်ပေးကြစေလိုကြောင်း မေတ္တာရပ်ခံပန်ကြားစေခဲ့ရာ ပြေလည်သွားခဲ့သည်။

သို့သော် တောင်တွင်းကိုရင်ညြက စိတ်ထဲမချင့်မရဲဖြင့် ဆရာမြတ်လေးအိမ်ကို ဖုန်းဆက်ကြည့်လိုက်သောအခါ အမျိုးသမီးတစ်ဦးက "ကမာရွတ်လား၊ ဘာလားတော့မသိဘူး စာပေဟောပြောပွဲရှိလို့ သူမိတ်ဆွေတွေကို အိမ်မှာပဲစောင့်နေကြပါ။ ပြန်လာမှ ကျေနပ်တဲ့ထိ မိုးအလင်းဧည့်ခံပါ့မယ်လို့တောင်းပန်ပြီး ကားနဲ့ ခုနကပဲ ထွက်သွားပါပြီ"ဟု ပြန်လည်ပြောကြားခဲ့သည်။

ဝမ်းသာအားရထခုန်သူ ကိုရင်ညြနှင့်ဟောပြောပွဲကျင်းပရေးကော်မတီဝင်များအားလုံး ပြုံးပျော်ကြည်နူးသွားခဲ့ကြသည်။ နှုတ်အပြောနှင့် အလုပ်သဘောထပ်တူကျပြီး ကတိတည်သောဆရာမြတ်လေး စာပေဟောပြောပွဲသို့ လာနေပြီဖြစ်ကြောင်း ကြေညာစေခဲ့ရာ စာချစ်သူများ၏ လက်ခုပ်သံတဖြောင်းဖြောင်းက ကြက်သီးမွေးညင်းထလောက်အောင် လွှင့်ပျံ့ဝေစည်သွားခဲ့သည်။

ဆရာမြတ်လေးရောက်လာသောအခါ ကြိုဆိုနေရာချထားပေးကြကာ "ဆရာဘာများ သုံးဆောင်ချင်ပါသလဲ၊ ဒီမှာတော့ အချမ်းပြေမြန်မာရမ်ပဲရှိပါတယ်"ဟု အားနာပါးနာ ပြောပြသောအခါ ဆရာမြတ်လေးက "ဘာမှ ဒုက္ခမရှာကြပါနဲ့။ ရှိတာပဲ သုံးဆောင်ပါမယ်။ အရေးကြီးတာက စာပေဟောပြောဖို့ပါ"ဟု ပြုံးပြုံးရယ်ရယ်ပြောဆိုကာ မှီဝဲသုံးဆောင်ပြီး သူပေးထားသောခေါင်းစဉ်နှင့်အညီ သုတရသအဖြာဖြာကိုစိတ်ပါလက်ပါ အားပါးတရဟောပြောသွားခဲ့သည်။ စာချစ်သူများကလည်း လက်ခုပ်သံတဖြောင်းဖြောင်းနှင့် အားရကျေနပ်သွားကြသည်။

စာပေဟောပြောပွဲလက်ဆောင်အဖြစ် ဆရာမြတ်လေးကို တိုက်ပုံစ တစ်စတည်းသာ ပေးအပ်နိုင်ခဲ့သည်ကိုလည်း ကျေနပ်လက်ခံကာ မည်သူမျှလိုက်ပို့စရာမလိုဘဲ သူ့ကားဖြင့်ပင် ပြန်သွားခဲ့သည်။ ဆရာမြတ်လေး၏ အကယ်ဒမီရပြီး ပွဲဦးထွက်စာပေဟောပြောပွဲပင်ဖြစ်သည်။

ယခုခေတ်စာပေဟောပြောပွဲများ၏ ပုံသဏ္ဌာန်နှင့်အတွင်းသရုပ်ကို စာချစ်သူများကိုယ်တွေ့မို့ အဖြူနှင့် အမည်း၊ ဓမ္မနှင့် အဓမ္မကို ဓမ္မဓိဋ္ဌာန်ကျကျခွဲခြားစဉ်းစားနားလည်နိုင်ကြပေလိမ့်မည်။


မျက်မှောက်ကာလမှာတော့ စာရေးဆရာကို အိမ်တိုင်ရာရောက်လာရောက်ပင့်ခေါ်ကြရသည်။ ကားလမ်းခရီးထက်လေယာဉ်ခရီးကို ဦးစားပေးကြ။ စာရေးဆရာကြိုက်နှစ်သက်ရာကိုသာ ရှာဖွေဧည့်ခံကျွေးမွေးရ။ တချို့ကလည်း မိသားစုပျော်ပွဲစားထွက်သည့်ပမာ ဇနီးမယား၊ သားသမီး၊ ခယ်မ မကျန် ခေါ်ဆောင်လာခဲ့ကြရာ ဟောပြောပွဲကျင်းပရေးကော်မတီကြွေးတင်ခံရ။ ဂျာနယ်များထဲတွင်ဖွင့်ကြရာမှ အရှက်ကွဲကြ။ နယ်ဟောပြောပွဲကို အကြောင်းအမျိုးမျိုးပြဖျက်ပြီး ရန်ကုန်မြို့ထဲတွင် တစ်ညတည်း စင်သုံးစင်ကူးပြီး ဟောပြောကြ။ စင်ကူးဟောပြောသူများအတွက် အဆင့်ဆင့်ပို့ဆောင်ပေးကြရ။ ဟောပြောကြေး ကြမ်းခင်းဈေးက အနည်းဆုံးငွေကျပ်နှစ်သိန်းနှင့် ဒေသထွက်လက်ဆောင်များ။ နယ်တွင်ကျင်းပသူများက ရန်ကုန်မှစာရေးဆရာများကို အသွားအပြန် စားသောက်စရိတ်အားလုံး တာဝန်ယူကြရ။ ရောက်ရှိရာဒေသတွင် လေ့လာရေး၊ ဘုရားဖူးမြော်ရေး၊ ဈေးဝယ်ရေး ပူဆာကြပါက လိုက်ပါပို့ဆောင်ပေးကြရသည်။ ဤသည်တို့က ထုံးစံနိယာမဖြစ်နေကြလေပြီ။

ဆရာမြတ်လေး၏ စာပေဟောပြောပွဲ သစ္စာရှိကတိတည်ပုံ၊ ကရိကထမများဘဲ စေတနာထားပုံ၊ ဟောပြောပွဲကော်မတီဝင်များကို တာဝန်ပိ စိတ်မဖိစီးစေဘဲ ကိုယ့်အစီအစဉ်ဖြင့်သွားလာခဲ့ပုံ၊ အနစ်နာခံခဲ့ပုံ၊ မာန်မာနမထားပုံများကို ယနေ့စာရေးဆရာ၊ ဆရာမများစဉ်းစားဆင်ခြင် အတုယူကြစေချင်သည်။

တကယ်တော့ သိက္ခာကို ရိက္ခာနှင့်မလဲခဲ့သော စွယ်စုံရအနုပညာရှင်ကြီး အကယ်ဒမီဆရာ(ဦး)မြတ်လေး၏ စာပေသမိုင်းကား မော်ကွန်းတင်အမှတ်ကွန်းဝင်နေလေပြီတည်း။

❖ စာပေဟောပြောပွဲလက်ဆောင်အဖြစ် ဆရာမြတ်လေးကို တိုက်ပုံစ တစ်စတည်းသာပေးအပ်နိုင်ခဲ့သည်ကိုလည်း ကျေနပ်လက်ခံကာ မည်သူမျှ လိုက်ပို့စရာမလိုဘဲ သူ့ကားဖြင့်ပင် ပြန်သွားခဲ့သည်။ ဆရာမြတ်လေး၏ အကယ်ဒမီရပြီး ပွဲဦးထွက်စာပေဟောပြောပွဲပင်ဖြစ်သည်။ ယခုခေတ် စာပေဟောပြောပွဲများ၏ ပုံသဏ္ဌာန်နှင့် အတွင်းသရုပ်ကို စာချစ်သူများ ကိုယ်တွေ့မို့ အဖြူနှင့် အမည်း၊ ဓမ္မနှင့် အဓမ္မကို ဓမ္မဓိဋ္ဌာန်ကျကျခွဲခြား စဉ်းစားနားလည်နိုင်ကြပေလိမ့်မည်။ မျက်မှောက်ကာလမှာတော့ စာရေး ဆရာကို အိမ်တိုင်ရာရောက်လာရောက်ပင့်ခေါ်ကြရသည်။ ❖

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်က ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပို့ကုန်၊ သွင်းကုန်လိုင်စင် ၅၁၄ စောင် ခွင့်ပြုထုတ်ပေးခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂၂**

မူဆယ်နယ်စပ် ကုန်သွယ်ရေးဇုန်အနေဖြင့် ယခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပို့ကုန်၊ သွင်းကုန်လိုင်စင် ၅၁၄ စောင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ပြည်ပဖောက်သည် ဈေးကွက်နိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများဆောင်ရွက်နေသည့် ပြည်တွင်းက သွင်းကုန်၊ပို့ကုန်လုပ်ငန်းကုမ္ပဏီများအနေဖြင့် ပို့ကုန်၊ သွင်းကုန်လိုင်စင် လျှောက်ထားခြင်းများကို Tradenet 2.0 System တွင် Online ဖြင့် လျှောက်ထားနိုင်သကဲ့သို့ နယ်စပ်ကုန်သွယ်ရေးစခန်းများ၊ နယ်စပ်ကုန်သွယ်ရေးဇုန်များတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ပေးမှုများအရ မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်အနေဖြင့် ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပို့ကုန်လိုင်စင် သုံးစောင်၊ သွင်းကုန်လိုင်စင် ၅၁၁ စောင် စုစုပေါင်းပို့ကုန်၊ သွင်းကုန်လိုင်စင် ၅၁၄ စောင်ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ခွင့်ပြုထုတ်ပေးရာတွင် မူဆယ်နယ်စပ်ကုန်သွယ်ရေးဇုန်က ဒီဇင်ဘာ ၁၈ ရက် တစ်ရက်တည်းမှာပင် တရုတ်နိုင်ငံသုံးငွေ ယွမ် သုည ဒသမ ၂၅၆ သန်းတန်ဖိုးရှိ စက်နှင့် စက်အပိုပစ္စည်းများ၊ ပန်းသစ်တော်သီး၊ လိမ္မော်သီး၊ စာရေးကိရိယာများ၊ ပိုးသတ်ဆေး စသည့် သွင်းကုန်ပစ္စည်းများ တင်သွင်းရန်အတွက် သွင်းကုန်လိုင်စင် ၁၉ စောင်ကို ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

မူဆယ်နယ်စပ် ကုန်သွယ်ရေးဇုန်အနေဖြင့် ဒီဇင်ဘာ ၁ ရက်မှ ၁၈ ရက်အတွင်း ပို့ကုန်မော်တော်ယာဉ် ၂၈၄၄ စီး၊ သွင်းကုန် မော်တော်ယာဉ် ၁၁၇၄ စီး စုစုပေါင်း ပို့ကုန်၊ သွင်းကုန် မော်တော်ယာဉ် ၄၀၁၈ စီးထိ ကုန်သွယ်မှုပြုလုပ်ဆောင်ရွက်နိုင်ခဲ့သဖြင့် အဆိုပါကာလအတွင်း ပျမ်းမျှတစ်ရက်လျှင် ပို့ကုန်၊ သွင်းကုန်မော်တော်ယာဉ် အစီးရေ ၂၈၀ ကျော်ထိ ကုန်သွယ်မှု ပြုလုပ်ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ SKL



# ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာ၌ ကွန်ပျူတာသင်တန်းဆင်း

**ပင်းတယ ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာသင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက သစ်အယ်ပင်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းထွဋ်ခိုင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းက သင်ကြားပေးခဲ့သည့် ကွန်ပျူတာဆိုင်ရာ အတတ်ပညာများကို စဉ်ဆက်မပြတ်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချစေလိုကြောင်းနှင့် ရှေ့ဆက်လက်ဖွင့်လှစ်မည့် သင်တန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများထံ အသီးသီးပေးအပ်ခဲ့ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါကွန်ပျူတာသင်တန်းသို့ ပင်းတယမြို့နယ် သစ်အယ်ပင်ကျေးရွာ၊ သရက်ပြားကျေးရွာနှင့် နန်းပလန်ကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းတွင် Microsoft Word၊ Excel၊ Power Point စသည့်ကွန်ပျူတာနှင့်ပတ်သက်သော သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမ နှစ်ဦးက စာတွေ့၊ လက်တွေ့ဖြင့် ဒီဇင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၂၁ ရက်ထိ ၁၅ ရက်ကြာ အခမဲ့သင်ကြားပို့ချပေးခဲ့ကြောင်း ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ထံမှသိရသည်။ **ရှိုးသန်းညွန့်**

# တူယှဉ်နွဲပျော် ပန်းပွဲတော်

\- ပန်းမြို့တော် လှမ်းအတက်
ချမ်းသက်သက် ရင်မှာဖို၊
ပန်းချယ်ရီ အပျိုဖြန်းက
"တို့"နမ်းလို့ကြို၊
ရှက်သွေးရယ်ပို
"မော"မေပျို နှမလေး၊
"မိုင်းဆွန်ခ"တဲ့ နှုတ်ခွန်းချို
ဆိုပါတဲ့ မောမေလေး၊
ချစ်စဖွယ် ကိုယ့်ရင်ထဲ
စွဲထင်မိသေး။

\- မေးတုန်အောင် ခိုက်ခိုက်ချမ်းတဲ့
နှင်းမှုန်ဆမ်း ဒီဇင်ဘာ၊
ပန်းပွဲတော် တူယှဉ်နွှဲတော့
ရင်ထဲမှာ ပီတိဖူး
ကြည်နူးရရှာ၊
ပန်းအလှ စုံအဖြာ
မြန်မာတို့ သဘာဝ၊
တစ်နှစ်မှာ တစ်ကြိမ်တည်းရယ်မို့
ထူးကဲပေစွ။

\- မြန်မာပြည် နယ်အနှံ့က
ခြေဆန့်လို့ ခရီးနှင်၊
သွားကြမယ် စိတ်တူကူး
မြို့"ပြင်ဦးလွင်"၊
တိုင်းရင်းသားတို့ စုံတလင်
ခုံမင်ဖွယ် ဂုဏ်ဒြပ်၊
ပန်းများစွာ ရောင်စုံဆင်းနဲ့
သင်းထုံလို့မြတ်။ ။

**သန့်ဇင်ဦး(တောင်တွင်း)**

# ဆင်ပေါင်ဝဲမြို့နယ် သပြေစမ်းကျေးရွာ၌ ရေရရှိရေးဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**ဆင်ပေါင်ဝဲ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် သပြေစမ်းကျေးရွာ၌ ဆိုလာစနစ်ဖြင့် သောက်သုံးရေရရှိရေး ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက် ၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဆင်ပေါင်ဝဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် ဝန်ထမ်းများက ကုမ္ပဏီမှ တာဝန်ရှိသူများ၊ ကျေးရွာရေပေးရေးကော်မတီဝင်များနှင့်အတူ သပြေစမ်းကျေးရွာ၌ နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်ဖြင့် ရေရရှိရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများကို ရေရှည်တည်တံ့ရေးဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

သပြေစမ်းကျေးရွာ၌ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၄၆ ဒသမ ၄၇၇၅ သန်းဖြင့် အကျယ်လေးလက်မ၊ အနက်ပေ ၇၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ အမြင့်ပေ ၂၀ ရှိ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း၊ ဆိုလာပြားများနှင့် ဆိုလာပန့်တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို Pro Engineering ကုမ္ပဏီက ဩဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

## နိုင်ငံတကာ သတင်းများ

# ဘဏ်များမှထုတ်ယူနိုင်သော ငွေပမာဏကို နိုင်ဂျီးရီးယား ဗဟိုဘဏ်ထပ်တိုးပေး

**အဘူဂျာ ဒီဇင်ဘာ ၂၂**

နိုင်ဂျီးရီးယား ဗဟိုဘဏ်သည် ငွေစက္ကူသုံးစွဲမှုကန့်သတ်ရေး အစီအစဉ်အရ ဘဏ်များမှ ရက်သတ္တပတ်လျှင် ထုတ်ယူနိုင်သော ငွေပမာဏကန့်သတ်ချက်ကို ဒီဇင်ဘာ ၂၁ ရက်တွင် ထပ်တိုးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြထားသည်။

နိုင်ဂျီးရီးယား ဗဟိုဘဏ်၏ စည်းမျဉ်းများအရ ဘဏ်များ၌ ငွေအပ်နှံထားသူများအနေဖြင့် ရက်သတ္တပတ်လျှင် တစ်ဦးချင်းစီအတွက် နိုင်ရာငွေ ၅၀၀၀၀၀(အမေရိကန်ဒေါ်လာ ၁၁၂၀ ဒေါ်လာ)ထုတ်ယူနိုင်မည်ဖြစ်သည်။

ပြီးခဲ့သည့် ဒီဇင်ဘာ ၆ ရက်က ချမှတ်ခဲ့သော စည်းမျဉ်းတွင်မူ နိုင်ဂျီးရီးယား ဗဟိုဘဏ်သည် လူတစ်ဦးလျှင် ရက်သတ္တပတ်အတွက် နိုင်ရာငွေ ၁၀၀၀၀၀ ထိသာထုတ်ခွင့်ပေးထားသည်။

ထို့နည်းတူ နိုင်ဂျီးရီးယားဗဟိုဘဏ်စည်းမျဉ်းသစ်များအရ စီးပွားရေးလုပ်ငန်းများ အနေဖြင့်လည်း ရက်သတ္တပတ်လျှင် နိုင်ရာငွေ ၄သန်းထိ ထုတ်ယူနိုင်မည်ဖြစ်သည်။

နိုင်ဂျီးရီးယားပြည်သူအများစုမှာ ဘဏ်များ၌ ဘဏ်စာရင်းဖွင့်ထားသူများမဟုတ်ဘဲငွေစက္ကူကိုသာ အဓိကထားသော ဈေးကွက်များကို အသုံးပြုနေရသူများဖြစ်သည်။

သို့ဖြစ်ရာ နိုင်ဂျီးရီးယားဗဟိုဘဏ်၏ ထုတ်ယူခွင့်ရှိသော ငွေပမာဏကန့်သတ်ချက်များကြောင့် ပြည်သူများနှင့်စီးပွားရေးလုပ်ငန်းအချို့ ထိခိုက်နစ်နာမှုများရှိလာနိုင်ကြောင်း လေ့လာသူအချို့က ဝေဖန်ထားသည်။ KKO

# ကိုလံဘီယာနိုင်ငံ ကာရစ်ဘီယံဆိပ်ကမ်း၌ လောင်စာဆီသိုလှောင်ကန် ပေါက်ကွဲမီးလောင်

**ဘိုဂိုတာ ဒီဇင်ဘာ ၂၂**

ကိုလံဘီယာနိုင်ငံ ကာရစ်ဘီယံဆိပ်ကမ်းမြို့ဖြစ်သည့်ဘာရန်ကွီလာဆိပ်ကမ်းမြို့၌ ဒီဇင်ဘာ ၂၁ ရက်က လောင်စာဆီသိုလှောင်ကန်တစ်လုံးပေါက်ကွဲမီးလောင်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

လောင်စာဆီ သိုလှောင်ကန် ပေါက်ကွဲ မီးလောင်မှုကြောင့် မီးသတ်သမားတစ်ဦး သေဆုံးခဲ့ရကြောင်း ကိုလံဘီယာသမ္မတ ဂူစတာဗိုပက်ထရိုက တွစ်တာစာမျက်နှာ၌ ဖော်ပြထားသည်။

လက်ရှိအချိန်တွင်လောင်စာဆီသိုလှောင်ကန်မီးကို ထိန်းချုပ်ရန်ကြိုးစားနေပြီး ယင်းသိုလှောင်ကန်၌သာ မီးလောင်ကျွမ်းမှုကိုကန့်သတ်ထားကြောင်း ဘာရန်ကွီလာမြို့တော်ဝန်က ထုတ်ဖော်ပြောကြားထားသည်။

လောင်စာဆီ သိုလှောင်ကန် မီးလောင်မှုဖြစ်ပွားပြီးနောက် ယင်းသိုလှောင်ကန်တည်ရှိရာ ဝန်းကျင်နယ်မြေများရှိ ဒေသခံများကို ကိုလံဘီယာ အာဏာပိုင်များက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။

လောင်စာဆီ သိုလှောင်ကန် မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ရေးအတွက် မီးသတ်သမားများအနေဖြင့် သုံးရက်မှ လေးရက်ထိ အချိန်ယူရဖွယ်ရှိသည်။

လောင်စာဆီ သိုလှောင်ကန် မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်ပြီးချိန်ထိတိုင် ဘာရန်ကွီလာဆိပ်ကမ်း၌ ဆိပ်ကမ်းလုပ်ငန်းများရပ်ထားမည်ဟု ကိုလံဘီယာတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

KKO



# ရုရှားစစ်အင်အား ထပ်တိုးရေးအဆိုပြုချက်ကို သမ္မတပူတင် အတည်ပြုထောက်ခံ



**မော်စကို ဒီဇင်ဘာ ၂၂**

ရုရှားလက်နက်ကိုင်တပ်ဖွဲ့ဝင်များ၏ အင်အားရာခိုင်နှုန်း ၃၀ ထပ်တိုးရေးအဆိုပြုချက်ကို ရုရှားသမ္မတပူတင်က ဒီဇင်ဘာ ၂၁ ရက်တွင်အတည်ပြုထောက်ခံခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရုရှား လက်နက်ကိုင်တပ်များ၏ အင်အားထပ်တိုးရေးအဆိုကို သမ္မတပူတင်က ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သော ရုရှားစစ်ဘက်ထိပ်တန်းတပ်မှူးကြီးများညီလာခံ၌ ထောက်ခံခဲ့ခြင်းဖြစ်သည်။

အဆိုပါညီလာခံတွင် ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူးသည် လက်နက်ကိုင်တပ်များ၏ အင်အားရာခိုင်နှုန်း ၃၀ ထပ်တိုးရေးအစီအစဉ်ကို အဆိုပြုခဲ့သည်။

ယင်းအဆိုပြုချက်အရ ရုရှားလက်နက်ကိုင်တပ်များ၏အင်အားကို ၁ ဒသမ ၁၅ သန်းမှ ၁ ဒသမ ၅ သန်းထိ ထပ်တိုးမည်ဖြစ်ကြောင်း သိရသည်။

မိမိအနေဖြင့် ကာကွယ်ရေးဝန်ကြီး ဆာဂေးရှိုဂူး တင်သွင်းခဲ့သည့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များ အင်အားမြှင့်တင်ရေး အဆိုကို သဘောတူထားကြောင်းတပ်မှူးကြီးများညီလာခံ ပိတ်ပွဲမိန့်ခွန်း၌ သမ္မတပူတင်က ပြောကြားခဲ့သည်။

ထို့ပြင် ယူကရိန်းနိုင်ငံ၌ ကြုံတွေ့ခဲ့ရသောပြဿနာများကို ပြုပြင်ရန်၊ ယင်းပြဿနာများမှသင်ခန်းစာရယူရန်လိုအပ်သည်ဟု တပ်မှူးကြီးများ ညီလာခံ၌သမ္မတပူတင်ကတိုက်တွန်းခဲ့ကြောင်း သိရသည်။ KKO

# ကုန်တင်သင်္ဘောအများအပြား ငွေပေးချေမှုစနစ်ပြဿနာများကြောင့် အီရန်ဆိပ်ကမ်းများသို့မဝင်နိုင်သေးဘဲ ဆိပ်ကမ်းများပြင်ပ၌ ရပ်ထားရ

**တီဟီရန် ဒီဇင်ဘာ ၂၂**

ကောက်ပဲသီးနှံနှင့်သကြားများ တင်ဆောင်ထားသည့် ကုန်တင်သင်္ဘောအများအပြားသည် ငွေပေးချေမှုဆိုင်ရာ ပြဿနာများကြောင့် အီရန်ဆိပ်ကမ်းများသို့ မဝင်နိုင်သေးဘဲ ဆိပ်ကမ်းများပြင်ပ၌ ရက်သတ္တပတ်နှင့်ချီ၍ ရပ်ထားရကြောင်း ရိုက်တာသတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်တွင် ဖော်ပြခဲ့သည်။



ငွေပေးချေမှုဆိုင်ရာ ပြဿနာများကြောင့် အီရန်နိုင်ငံအတွင်းသို့ ပြည်ပသွင်းကုန်များ စီးဆင်းဝင်ရောက်မှု နှောင့်နှေးကြန့်ကြာနေရကြောင်း ကုန်သွယ်ရေးလုပ်ငန်းများနှင့် ရေကြောင်းပို့ဆောင်ရေးဆိုင်ရာ သတင်း အချက်အလက်များအရ သိရသည်။

ချူကလီးယားအစီအစဉ်များကို အကြောင်းပြု၍ အနောက်အုပ်စုနိုင်ငံများက အီရန်နိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုစည်းမျဉ်းများထဲတွင် စားနပ်ရိက္ခာတင်သွင်းမှုကို ကင်းလွတ်ခွင့်ပေးထားသည်။

သို့သော် အီရန်ဘဏ္ဍာရေးစနစ်အပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုစည်းမျဉ်းများ၏ အကျိုးဆက်အဖြစ် ပြည်ပကုမ္ပဏီများနှင့် ငွေပေးချေမှုပြုလုပ်ရာတွင် အီရန်အတွက် ရှုပ်ထွေးကြန့်ကြာမှုများ ရှိလာခဲ့ရသည်။

လက်ရှိ ပေါ်ပေါက်နေသော ငွေပေးချေမှုဆိုင်ရာ ပြဿနာများကြောင့် အီရန်ဆိပ်ကမ်းများသို့ မဝင်နိုင်သေးသည့်ကုန်တင်သင်္ဘောစင်းရေမှာ ၄၀ ခန့်ထိ ရှိကြောင်း သိရသည်။

အဆိုပါ ကုန်တင်သင်္ဘောများသည် ဘန္ဒါအီမန်ခိုမေနီဆိပ်ကမ်းနှင့် ဘန္ဒါအဘတ်စ်ဆိပ်ကမ်းနယ်နိမိတ်များပြင်ပ၌ ရပ်ထားရခြင်းဖြစ်ကြောင်း သိရသည်။

KKO

# တောင်တရုတ်ပင်လယ်၌ စစ်ရေးအရနေရာယူမှုမြှင့်တင်ရန် ဖိလစ်ပိုင်တပ်များကို ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြား

**မနီလာ ဒီဇင်ဘာ ၂၂**

တောင်တရုတ် ပင်လယ်ဒေသ၌ စစ်ရေးအရ နေရာယူထားမှုများကို မြှင့်တင်ရန် ဖိလစ်ပိုင်စစ်ဘက်ကို ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာနက ယနေ့တွင် ညွှန်ကြားထားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံက ထိန်းချုပ်ထားသော မဟာဗျူဟာမြောက်ကျွန်းတစ်ကျွန်းအနီးရှိ ပိုင်ဆိုင်ခွင့်အငြင်းပွားရေပြင်အတွင်း တရုတ်နိုင်ငံ၏ပင်လယ်ရေကြောင်းလှုပ်ရှားမှုများရှိခဲ့ပြီးနောက် ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုပါညွှန်ကြားချက် ပေါ်ထွက်ခဲ့ခြင်းဖြစ်သည်။

သို့သော် တရုတ်နိုင်ငံ၏ ရေကြောင်း လှုပ်ရှားမှုများမှာ မည်သည့်ရေကြောင်းလှုပ်ရှားမှုမျိုးဖြစ်သည်ကို ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာနညွှန်ကြားချက်၌ ထည့်သွင်း ဖော်ပြထားခြင်းမရှိကြောင်း သိရသည်။

တရုတ်နှင့် ဖိလစ်ပိုင်ကြား ပိုင်ဆိုင်ခွင့် အငြင်းပွားနေသည့် စပရက်ပ်လီကျွန်းစုနယ်မြေအတွင်းရှိ လူသူနေထိုင်မှုမရှိသည့် ကျွန်းနေရာလေးခု၌ တရုတ်နိုင်ငံက တည်ဆောက်မှုလုပ်ငန်းများ ပြုလုပ်နေကြောင်း ယခုရက်သတ္တပတ်အတွင်း သတင်းပေါ်ထွက်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ရေမိုင် ၂၀၀ အထူးစီးပွားရေးဇုန်ရေပြင်အတွင်းရှိ ကျွန်းမြေများအား သဲဖို့မြေ့ပြန်လည်တည်ဆောက်မှု၊ ယင်းကျွန်းမြေများအပေါ် နေရာယူမှုများသည် ဖိလစ်ပိုင် ထိန်းချုပ်မှုအောက်ရှိ ပါဂါဆာကျွန်း၏လုံခြုံရေးအတွက် ခြိမ်းခြောက်မှု ဖြစ်ကြောင်း ဖိလစ်ပိုင်ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားချက်၌ ဖော်ပြထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ဘီလီယံပေါင်းများစွာရှိသော ကုန်စည်များ နှစ်စဉ်ဖြတ်သန်းနေသည့် တောင်တရုတ်ပင်လယ်ဒေသကို တစ်ခုလုံးနီးပါးကို ပိုင်ဆိုင်ခွင့်တောင်းဆိုထားကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ဥရောပအာကာသအေဂျင်စီ၏ ဗီဂါ-စီ ဒုံးပျံမစ်ရှင်အောင်မြင်မှုမရှိခဲ့ဘဲ သယ်ဆောင်ထားသည့် အဲဘတ်စ်ကုမ္ပဏီ၏ ဂြိုဟ်တုနှစ်စင်း ဆုံးရှုံးခဲ့




**ပဲရစ် ဒီဇင်ဘာ ၂၂**

ဥရောပအာကာသအေဂျင်စီ၏ ဗီဂါ-စီ ဒုံးပျံမစ်ရှင်သည် အောင်မြင်မှုမရှိခဲ့ဘဲ သယ်ဆောင်ထားသည့် အဲဘတ်စ်ကုမ္ပဏီ၏ ဂြိုဟ်တုနှစ်စင်း ဆုံးရှုံးခဲ့ရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

ဥရောပအာကာသအေဂျင်စီသည် အဲဘတ်စ်ကုမ္ပဏီ၏ ကမ္ဘာမြေလေ့လာရေး ဂြိုဟ်တုနှစ်စင်း သယ်ဆောင်ထားသည့် ဗီဂါ-စီဒုံးပျံကို တောင်အမေရိကတိုက် ပြင်သစ်ဂီယာနာဒေသမှတစ်ဆင့် ဒီဇင်ဘာ ၂၁ ရက်က လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လွှတ်တင်ပြီး ၂ မိနစ်နှင့် ၂၇ စက္ကန့်အကြာတွင် ဗီဂါ-စီ ဒုံးပျံ ဒုတိယအဆင့်ဒုံးယာဉ်၌ ပြဿနာတစ်ခုရှိခဲ့ပြီး မစ်ရှင်ပျက်ပြားခဲ့ရကြောင်း ဥရောပအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

ဗီဂါ-စီ ဒုံးပျံကို ဥရောပအာကာသအေဂျင်စီက တည်ဆောက်ထားပြီး ပြင်သစ်အခြေစိုက် အာရီယာနီစပေ့စ်ကုမ္ပဏီက စီမံခန့်ခွဲသော ဒုံးပျံဖြစ်သည်။

အဆိုပါဒုံးပျံသည် အလေးချိန် ကီလိုဂရမ် ၂၃၀၀ ရှိသည့် ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာမြေပြင်အထက် အမြင့် ၄၃၅ မိုင်အကွာရှိ ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးနိုင်ပြီး လက်ရှိအချိန်တွင် ဥရောပအာကာသအေဂျင်စီ တာဝန်ရှိသူများသည် မစ်ရှင်ပျက်ပြားရခြင်း၏ အကြောင်းတရားကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

KKO

## အာကာသအမှိုက်စတစ်စအန္တရာယ်ကြောင့် အမေရိကန်အာကာသယာဉ်မှူးများ အာကာသစခန်းပြင်ပထွက်ခွာရေးအစီအစဉ် ဖျက်သိမ်းခဲ့ရ

**ဝါရှင်တန် ဒီဇင်ဘာ ၂၂**

အာကာသအမှိုက်စ တစ်စ၏ အန္တရာယ်ကြောင့် နိုင်ငံတကာ အာကာသစခန်းယာဉ်ပေါ်ရှိ အမေရိကန် အာကာသယာဉ်မှူးများမှာ နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာရေးအစီအစဉ်ကို ဒီဇင်ဘာ ၂၁ ရက်တွင် ဖျက်သိမ်းခဲ့ရကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) အာကာသယာဉ်မှူး ဖရင့်ရူဘီယိုနှင့် ဂျို့ရှ်ကက်ဆာဒါတို့သည် ဒီဇင်ဘာ ၂၁ ရက်က နိုင်ငံတကာ အာကာသစခန်း ပြင်ပသို့ထွက်ခွာ၍ နေစွမ်းအင်ပြားသစ် တပ်ဆင်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အာကာသအမှိုက်စ အန္တရာယ်ကြောင့် အာကာသယာဉ်မှူးများမှာ နိုင်ငံတကာ အာကာသစခန်းပြင်ပထွက်ခွာရေး အစီအစဉ်ကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။



ထို့ပြင် ရုရှားနိုင်ငံ၏ ပရိုဂရက်စ် အာကာသကုန်တင်ယာဉ် ဒုံးကန်အားစနစ်များ၏ အကူအညီဖြင့် နိုင်ငံတကာ အာကာသစခန်းယာဉ်ကိုလည်း ပတ်လမ်းနေရာရွှေ့ပြောင်းခဲ့ရကြောင်း သိရသည်။

အဆိုပါ အာကာသအမှိုက်စသည် နိုင်ငံတကာအာကာသစခန်းယာဉ်ကို သုည ဒသမ ၄ ကီလိုမီတာအကွာမှ ဖြတ်ကျော်နိုင်မှုကြောင့် နိုင်ငံတကာ အာကာသစခန်း၏ ပတ်လမ်းနေရာကိုပါ ရွှေ့ပြောင်းခဲ့ရခြင်းဖြစ်သည်။

အမေရိကန် အာကာသယာဉ်မှူး နှစ်ဦးသည် အာကာသစခန်းယာဉ် ပြင်ပထွက်ခွာမှုကို ယနေ့ ထပ်မံပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။ KKO

## သက်ရှိများရှင်သန်နေထိုင်၍ရနိုင်ဖွယ်ရှိသော ဂြိုဟ်နှစ်စင်းကို နေအဖွဲ့အစည်းအနီးမှာပင် နက္ခတ္တရူပသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိ

**မက်ဒရစ် ဒီဇင်ဘာ ၂၂**

သက်ရှိများ ရှင်သန်နေထိုင်၍ ရနိုင်ဖွယ်ရှိသည့် ဂြိုဟ်နှစ်စင်းကို နက္ခတ္တရူပ သိပ္ပံပညာရှင်များက နေအဖွဲ့အစည်းအနီးမှာပင် ရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်နှစ်စင်းသည် နေအဖွဲ့အစည်းနှင့် အလင်းနှစ် ၁၆ နှစ်သာကွာဝေးသော GJ-1002 အမည်ရှိကြယ်ကို ဗဟိုပြုလှည့်ပတ်နေကြောင်း စပိန်သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

အဆိုပါဂြိုဟ်နှစ်စင်းလုံးသည် GJ-1002 ကြယ်ကို မနီးလွန်း၊ မဝေးလွန်းသော ပတ်လမ်းနေရာမှတစ်ဆင့် လှည့်ပတ်နေကြသည်ဖြစ်ရာ ရေကို အရည်ပုံစံဖြင့် ထိန်းထားနိုင်ဖွယ်ရှိကြောင်း စပိန်သိပ္ပံပညာရှင်များက ယူဆထားသည်။

သိပ္ပံပညာရှင်များ၏အဆိုအရ GJ-1002 ဘီဂြိုဟ်နှင့် GJ-1002 စီဂြိုဟ်များ၏ မိခင်ကြယ်နှင့်အကွာအဝေးသည် ကမ္ဘာနှင့်နေကြားအကွာအဝေးထက် ပိုနီးကြောင်း သိရသည်။

GJ-1002 ဘီဂြိုဟ်သည် မိခင်ကြယ်ကို ဆယ်ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေပြီး GJ-1002 စီဂြိုဟ်ကမူ ၂၁ ရက်လျှင် တစ်ကြိမ်ကျ လှည့်ပတ်နေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

သို့ရာတွင် GJ-1002 ကြယ်သည် ဖြပ်ထုအားဖြင့် ရေဖြပ်ထု၏ ရှစ်ပုံတစ်ပုံသာရှိပြီး အထိုက်အလျောက်အေးမြသော ကြယ်ဖြစ်ရာ ၎င်းကြယ်နှင့် နီးကပ်နေသည့်တိုင် အဆိုပါဂြိုဟ်နှစ်စင်းပေါ်၌ ရေဓာတ်ကို ထိန်းထားနိုင်မည့် အခြေအနေမျိုး ရှိနေနိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။ KKO

# HEALTH

## ဆီးအိမ်ကင်ဆာရောဂါတစ်မျိုးအတွက် မျိုးဗီဇကုထုံးသစ်တစ်မျိုး FDA အတည်ပြု

**နယူးယောက် ဒီဇင်ဘာ ၂၂**

ဆီးအိမ်ကင်ဆာရောဂါပုံစံတစ်မျိုးအတွက် မျိုးဗီဇကုထုံးသစ်တစ်မျိုး အသုံးပြုကုသခွင့်ကို အမေရိကန်အစိုးရ အစားအစာနှင့် ဆေးဝါးလုံခြုံရေးအေဂျင်စီ (FDA) အတည်ပြုချက် ပေးလိုက်ပြီဖြစ်ကြောင်း Health Day News ဆေးပညာ သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

FDA ၏ခွင့်ပြုချက်အရ Adstiladrin အမည်ရှိ မျိုးဗီဇကုထုံးသစ်ကို NMIBC ခေါ် ဆီးအိမ်ကင်ဆာလူနာများတွင် အသုံးပြုကုသနိုင်မည်ဖြစ်သည်။

ပုံမှန်ကုထုံးကို တုံ့ပြန်မှုမရှိတော့သည့် NMIBC ဆီးအိမ်ကင်ဆာရောဂါကို ကုသရာတွင် Adstiladrin ကုထုံးကို အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်ကြောင်း FDA က ဒီဇင်ဘာ ၁၉ ရက်က ကြေညာချက်ထုတ်ပြန်ထားသည်။

NMIBC ဆီးအိမ်ကင်ဆာရောဂါအတွက် ကုထုံးအဖြစ် အဆုတ်နာရောဂါကာကွယ်ဆေးဖြစ်သည့် Bacillus Calmette-Guerin (BCG) ကို အသုံးပြုလေ့ရှိသည်။

သို့ရာတွင် BCG ကုထုံးကို တုံ့ပြန်ခြင်းမရှိသည့် NMIBC ဆီးအိမ်ကင်ဆာလူနာများအတွက်မူ ရောဂါအတွက် ရွေးချယ်နိုင်သည့် ကုထုံး လွန်စွာနည်းပါးကြောင်း သိရသည်။

FDA ၏ကြေညာချက်အရ NMIBC ဆီးအိမ်ကင်ဆာလူနာများအနေဖြင့် Adstiladrin ကုထုံးကို သုံးလတစ်ကြိမ် ရယူရမည်ဖြစ်ကြောင်း သိရသည်။KKO

## ဗီတာမင်-ဒီချို့တဲ့နေသူ သက်ကြီးပိုင်းများ ကြွက်သားများသန်မာမှု ဆုံးရှုံးရနိုင်ခြေ မြင့်မား

**ဘရာဇီးလီးယား ဒီဇင်ဘာ ၂၂**

ဗီတာမင်-ဒီ ချို့တဲ့နေသော သက်ကြီးပိုင်းများ၌ ကြွက်သားများ သန်မာမှု ဆုံးရှုံးရနိုင်ခြေ မြင့်မားနေတတ်ကြောင်း Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၁ ရက်က ရေးသားတင်ပြထားသည်။

ဘရာဇီးနှင့် ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗီတာမင်-ဒီချို့တဲ့နေသော သက်ကြီးပိုင်းများမှာ ကြွက်သားများ သန်မာမှု ဆုံးရှုံးရနိုင်ခြေ ပုံမှန်ထက် ၇၈ ရာခိုင်နှုန်းမြင့်မားနေတတ်ကြောင်း သိရသည်။

ဗီတာမင်-ဒီသည် ကြွက်သားများပျက်စီးမှုကို ပြုပြင်ပေးခြင်း၊ ကြွက်သားများ၏ အကျုံ့၊ အဆန့်အားအတွက် ကယ်လ်စီယမ်ဓာတ်ကို ထုတ်ပေးခြင်း စသည့်အခန်းကဏ္ဍများ၌ အဓိကနေရာတွင် ပါဝင်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ဘရာဇီးနှင့် ဗြိတိန်သုတေသနပညာရှင်များသည် အသက်အရွယ်နှင့် ဆက်စပ်သည့် ကြွက်သားဆုံးရှုံးမှုပြဿနာ (Dynapenia) မရှိသည့် အသက် ၅၀ အထက် သက်ကြီးပိုင်း ၃၂၀၀ ကျော်တို့၏ ကျန်းမာရေး အချက်အလက်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

လေ့လာတွေ့ရှိချက်ရလဒ်များအရ သွေးအတွင်း ဗီတာမင်-ဒီ ချို့တဲ့သူများသည် ဗီတာမင်-ဒီ လုံလောက်သူများနှင့် နှိုင်းယှဉ်ပါက ကြွက်သားများသန်မာမှု ဆုံးရှုံးရနိုင်ခြေမှာ ၇၈ ရာခိုင်နှုန်းထိ မြင့်တက်နေသည်ကိုတွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သွေးအတွင်း ဗီတာမင်-ဒီပါဝင်မှုအဆင့် သွေးတစ်လီတာလျှင် ဗီတာမင်-ဒီ ၃၀ နာနိုမိုးလ်စ် (Nanomoles) အောက်ရှိသူများကို ဗီတာမင်-ဒီချို့တဲ့သူများအဖြစ် သုတေသနပညာရှင်များက သတ်မှတ်ထားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# World Tennis League တင်းနစ်ပြိုင်ပွဲမှ ဂျိုကိုဗစ် နုတ်ထွက်

**ဒူဘိုင်း ဒီဇင်ဘာ ၂၂**

ယူအေအီးနိုင်ငံ ဒူဘိုင်းတွင် ကျင်းပနေသည့် World Tennis League တင်းနစ်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် ဒူဘိုင်းသို့ ရောက်ရှိနေသည့် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်သည် ကြွက်သားနာကျင်မှုမပြည့်ဝသေးသည့်အတွက် ပြိုင်ပွဲမှ နုတ်ထွက်ရန် ဆုံးဖြတ်လိုက်ကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုကိုဗစ်သည် World Tennis League တင်းနစ်ပြိုင်ပွဲ၏ ပွဲစဉ်ဇယားအရ ဩစတြေးလျတင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအိုစ်နှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

ဂျိုကိုဗစ် ရုတ်တရက်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းကြောင့် ၎င်း၏နေရာတွင် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဒီမီထရော့ဗ်က အစားထိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း World Tennis League တင်းနစ်ပြိုင်ပွဲက ထုတ်ပြန်ခဲ့သည်။

အသင်းလိုက် ပြိုင်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်ရန် ပြင်ဆင်ခဲ့သည့် ဂျိုကိုဗစ်သည် Team Falcons အသင်းတွင် ဆာဘာလင်ကာနှင့်အတူတွဲဖက် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ဂျိုကိုဗစ်နုတ်ထွက်သွားခဲ့သည့်အတွက် ဒီမီထရော့ဗ်က ဆာဘာလင်ကာနှင့်အတူ တွဲဖက်ယှဉ်ပြိုင်မည်ဖြစ်သည်။

World Tennis League တင်းနစ်ပြိုင်ပွဲက "ဂျိုကိုဗစ်ဟာ ကြွက်သားနာကျင်မှု ၁၀၀ ရာခိုင်နှုန်းမပြည့်သေးဘူးလို့ ခံစားရတဲ့အတွက် ပြိုင်ပွဲကနေနုတ်ထွက်ခဲ့ပါတယ်။ ဂျိုကိုဗစ်နုတ်ထွက်သွားခဲ့တဲ့အတွက် Team Eagles နဲ့ ယှဉ်ပြိုင်ရမဲ့ Team Falcons မှာ ဒီမီထရော့ဗ်က အစားထိုး ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဂျိုကိုဗစ်အနေနဲ့ ကြွက်သားနာကျင်မှု အမြန်ဆုံးပြည့်ဝပြီးတော့ ဒူဘိုင်းမှာကျင်းပတဲ့ ပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်နိုင်ပါစေလို့ဆုတောင်းပေးပါတယ်" ဟု ထုတ်ပြန်ခဲ့သည်။

ဂျိုကိုဗစ်ကို အားပေးရန် ပြင်ဆင်နေသည့် ပရိသတ်များက ဂျိုကိုဗစ်ပြိုင်ပွဲမှ နုတ်ထွက်ခဲ့ခြင်းနှင့်ပတ်သက်ပြီး စိတ်ပျက်မိကြောင်း World Tennis League တင်းနစ်ပြိုင်ပွဲ၏ လူမှုကွန်ရက်စာမျက်နှာတွင် မှတ်ချက်ပြုရေးသားခဲ့ကြသည်။

ဂျိုကိုဗစ်နှင့် နစ်ခ်ကိုင်ဂျီအိုစ်တို့သည် ၂၀၂၂ ခုနှစ် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ ထိပ်တိုက်တွေ့ဆုံခဲ့ပြီး အကြိတ်အနယ် ယှဉ်ပြိုင်ကစားကာ ဂျိုကိုဗစ်က နစ်ခ်ကိုင်ဂျီအိုစ်အား အနိုင်ရရှိခဲ့ကြောင်း သိရသည်။

AZL



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲနှင့် ဖူဆယ်ပြိုင်ပွဲတို့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း လေ့ကျင့်ရေးကွင်းများနှင့် အားကစားရုံတို့၌ ကျင်းပခဲ့သည်။

ဦးစွာ ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်များတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာနအသင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးအသင်းကို ၁၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအသင်းကို ၁၄ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနအသင်းကို ၁၆ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာန အသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၁၀ ဂိုး နှစ်ဂိုး ဖြင့်လည်းကောင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ကိုးဂိုး သုံးဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး ဝန်ကြီးဌာနပေါင်းစုံဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ယနေ့ နံနက်ပိုင်းက နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း လေ့ကျင့်ရေးကွင်း အမှတ် (၃) တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ပွဲစဉ်တွင် သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ညနေပိုင်းတွင် ကစားခဲ့သည့်ပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းတို့ပွဲစဉ်တွင် နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။STA

# WBO Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း ဂျိုးဆပ်ပါကား လက်ဝှေ့လောကသို့ ပြန်လည်ဝင်ရောက်၍ ဂျက်ခ်မက်ဆေးဖြင့် ထိုးသတ်သွားမည်

**မန်ချက်စတာ ဒီဇင်ဘာ ၂၂**

WBO Inter-Continental ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း ဂျိုးဆပ်ပါကားသည် လက်ဝှေ့လောကမှ ခေတ္တအနားယူခဲ့ပြီးနောက် ကြိုးဝိုင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်ရန် ပြင်ဆင်လေ့ကျင့်ခဲ့ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ဗြိတိန်လက်ဝှေ့သမား ဂျက်ခ်မက်ဆေးနှင့် ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Express သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျိုးဆပ်ပါကားသည် လက်လွတ်ဆုံးရှုံးခဲ့ရသည့်WBO Inter-Continental ဟဲဗီးဝိတ်တန်းချန်ပီယံခါးပတ်အား ပြန်လည်ရယူနိုင်ရေးအတွက် ဂျက်ခ်မက်ဆေးနှင့် ဇန်နဝါရီ ၂၂ ရက်၌ အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ထိုးသတ်မည်ဖြစ်ပြီး ဂျက်ခ်မက်ဆေးကို အနိုင်ထိုးသတ်ကာ WBO Inter-Continental ဟဲဗီးဝိတ်တန်း ချန်ပီယံကို ပြန်လည်စိန်ခေါ်ရန် ပစ်မှတ်ထားနေသည်။

ဂျိုးဆပ်ပါကားသည် လက်ရှိ WBC၊ WBO အဖွဲ့ချုပ်တို့၏ ကမ္ဘာ့အဆင့် ရပ်တည်ချက်တွင် ကမ္ဘာ့အဆင့်(၁၀)အတွင်း ရပ်တည်နေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး ဂျက်ခ်မက်ဆေးကို အနိုင်ရရှိရန် ရေပန်းစားနေသည်။

သို့သော် ဂျက်ခ်မက်ဆေးသည်လည်း ရလဒ်ကောင်းများရရှိထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး အနိုင်ရရှိရန် ရေပန်းစားနေသည့် ဂျိုးဆပ်ပါကားနှင့် ထိုးသတ်သွားရန် အကောင်းဆုံး ပြင်ဆင်ထားကြောင်း ပြောကြား ခဲ့သည်။

ဂျက်ခ်မက်ဆေးက "ဂျိုးဆပ်ရဲ့ စိန်ခေါ်မှုကို ငြင်းပယ်ဖို့ အစီအစဉ်မရှိတဲ့အတွက် စိန်ခေါ်မှုကိုချက်ချင်း လက်ခံခဲ့တာပါ။ ဂျိုးဆပ်ကိုလဲ ကြောက်ရွံ့နေစရာအကြောင်းမရှိပါဘူး။ စိန်ခေါ်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်ထားပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

# အန်ဇိုဖာနန်ဒက်စ်ကို ခေါ်ယူလိုပါက ယူရို သန်း ၁၀၀ ပေးချေရမည်ဟု ဘင်ဖီကာအသင်း ထုတ်ပြန်

**လစ္စဘွန်း ဒီဇင်ဘာ ၂၂**

ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းမှ ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းနှင့်အတူ ခြေစွမ်းပြသ၍ ဆုဖလား ရယူပေးနိုင်ခဲ့သောကြောင့် ဥရောပကလပ်အသင်းများက စိတ်ဝင်စားနေချိန်တွင် အသင်းတာဝန်ရှိသူများက ပြောင်းရွှေ့ကြေး ယူရို သန်း ၁၀၀ ရရှိမှသာ ရောင်းချမည်ဟု ထုတ်ပြန်ပြောကြားခဲ့ကြောင်း Tuttosport.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ ကစားသမား အန်ဇိုဖာနန်ဒက်စ်သည် ပြီးခဲ့သည့် နွေရာသီ အပြောင်းအရွှေ့ကာလက အာဂျင်တီးနားကလပ် ရေဗားပလိတ်အသင်းမှ ဘင်ဖီကာအသင်းသို့ ရောက်ရှိခဲ့ပြီး အသင်းနှင့်အတူ အမြန်ဆုံးအထိုင်ကျခဲ့ကာ အမှတ်ပေးပြိုင်ပွဲတွင် သွင်းဂိုး တစ်ဂိုးနှင့် ဂိုးဖန်တီးမှုသုံးကြိမ်၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး နှစ်ဂိုးနှင့် ဂိုးဖန်တီးမှု တစ်ကြိမ်ပြုလုပ်နိုင်ခဲ့သဖြင့် ကမ္ဘာ့ဖလားယှဉ်ပြိုင်မည့် အာဂျင်တီးနား အသင်းတွင် ရွေးချယ်ခဲ့ရချိန်၌ အသင်းအား ချန်ပီယံဆုရရှိအောင် အဓိကနေရာမှ ပါဝင်စွမ်းဆောင်နိုင်ခဲ့ပြီး လူငယ်အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်စ်အား ပရီးမီးယားလိဂ်ကလပ် လီဗာပူးအသင်းအပါအဝင် ဥရောပထိပ်သီးကလပ်များက စိတ်ဝင်စားနေသောကြောင့် ဘင်ဖီကာအသင်းဥက္ကဋ္ဌက ၎င်းအား ခေါ်ယူလိုသည့်အသင်းများအနေဖြင့် ပြောင်းရွှေ့ကြေး ယူရိုသန်း ၁၀၀ ပေးချေရမည်ဟု ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

ဘင်ဖီကာအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ၌ ခြေစွမ်းပြသနိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲ ၁၃ ပွဲတွင် ရှုံးပွဲမရှိရလဒ်ဖြင့် အမှတ်ပေးဇယားထိပ်တွင် ရပ်တည်နေပြီး ရမှတ် ၃၇ မှတ်ထိ ရရှိခဲ့ကြောင်း သိရသည်။

ML



## အားကစားသတင်း အတိုအထွာများ

- ဘဏ္ဍာရေးအကျပ်အတည်းရှိနေသော်လည်း လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသုံးဦးထိ ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်နေကြောင်း သိရသည်။
- အင်္ဂလန်အမျိုးသမီးအသင်း တိုက်စစ်မှူး ဘက်မီယာသည် BBC Sports က ချီးမြှင့်ခဲ့သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့ကြောင်း သိရသည်။
- ချန်ပီယံလိဂ်ဆုဖလား မရရှိသေးပါက မန်စီးတီးအသင်း နည်းပြဘဝအောင်မြင်မှုရရှိသေးမည်မဟုတ်ကြောင်း နည်းပြ ဂွါဒီယိုလာက ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ဆက်လက်ကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့ကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (ဘီ) နှင့် လက်ဝှေ့အားကစားရုံတို့၌ ကျင်းပခဲ့သည်။

ဦးစွာ ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များတွင် ပြန်ကြားရေးဝန်ကြီးဌာနအသင်းက နေပြည်တော်စည်ပင်သာယာရေး ကော်မတီအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စက်မှုဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အသင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ (ဘီ) တွင် ကျင်းပခဲ့သည့် ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘောပြိုင်ပွဲအုပ်စုပတ်လည်ပွဲစဉ်များတွင် အမျိုးသမီးပွဲစဉ်များ၌ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာန အသင်းက လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အလားတူ အမျိုးသားပွဲစဉ်များတွင် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထောင်စုရာထူးဝန်အသင်းကို သုံးပွဲ နှစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲကစားရန် မြန်မာအသင်း စင်ကာပူနိုင်ငံသို့ ရောက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၂**

၂၀၂၂ အာဆီယံမစ်ဆူဘီရှီ အီလက်ထရစ်ဖလားပြိုင်ပွဲ အုပ်စု ဒုတိယပွဲစဉ် ကစားရန်အတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့ နံနက်ပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ထွက်ခွာခဲ့ရာ စင်ကာပူနိုင်ငံသို့ ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

လက်ရှိ ၂၀၂၂အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ငါးသင်းပါ နှစ်အုပ်စုဖြင့်ကျင်းပနေပြီး အိမ်ရှင်နိုင်ငံအဖြစ် သတ်မှတ်ခြင်းမရှိဘဲ ပြိုင်ပွဲအသင်းတိုင်း အုပ်စုပွဲစဉ်လေးပွဲမှ နှစ်ပွဲကို အိမ်ကွင်းနှင့် နှစ်ပွဲကို အဝေးကွင်း ကစားလျက်ရှိနေပြီး မြန်မာ့လက်ရွေးစင် အသင်းအနေဖြင့် အုပ်စု ဒုတိယပွဲစဉ်၌ အဝေးကွင်း ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းနှင့် စင်ကာပူလက်ရွေးစင် အသင်းတို့သည် အုပ်စုဒုတိယပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၂၄ ရက်တွင် စင်ကာပူနိုင်ငံ စင်ကာပူမြို့ ဂျာလန်ဘီဆာအားကစားကွင်းတွင် မြန်မာစံတော်ချိန် ညနေ ၄ နာရီ၌ ကစားသွားမည်ဖြစ်သည်။

၂၀၂၂ အာဆီယံမစ်ဆူဘီရှီအီလက်ထရစ်ဖလားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းသည် အုပ်စု အဖွင့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၁ ရက်က မလေးရှားအသင်းကို အိမ်ကွင်းတွင် လက်ခံကစားခဲ့ရာ၌ ခြေစွမ်းပိုင်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး စင်ကာပူအသင်းက တစ်ပွဲမှကစားရခြင်းမရှိသေးဘဲ မြန်မာ့လက်ရွေးစင်အသင်းနှင့်ပွဲစဉ်ကို အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ပြောင်းရွှေ့ကြေးအများဆုံး တိုက်စစ်ကစားသမား ၁၀ ဦးစာရင်းတွင် အမ်ဘာ့ပီ ထိပ်ဆုံး၌ရပ်တည်



**ပဲရစ် ဒီဇင်ဘာ ၂၂**

ကမ္ဘာ့ဘောလုံး အားကစားသုံးသပ်သူများနှင့် လေ့လာသူများက ထုတ်ပြန်ခဲ့သည့် ဘောလုံးလောက အပြောင်းအရွှေ့များတွင် ပြောင်းရွှေ့ကြေးအများဆုံး ကစားသမား ၁၀ ဦးစာရင်း၌ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘာ့ပီက ထိပ်ဆုံးမှ ရပ်တည်နေကြောင်း Footballtransfers.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ကစားသမားစာရင်းတွင် တိုက်စစ်မှူး အမ်ဘာ့ပီသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီက မိုနာကိုမှ ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ကြေးယူရိုသန်း ၁၈၀ ဖြင့် ရောက်ရှိခဲ့သဖြင့် ပြောင်းရွှေ့ကြေးအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ၎င်းနောက်တွင် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီက ဘင်ဖီကာမှ အတ်လက်တီကိုသို့ ပြောင်းရွှေ့ကြေးယူရို ၁၂၇ ဒသမ ၂ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး ဂျာအိုဖီးလစ်က အဆင့်(၂)၊ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီတွင် အတ်လက်တီကိုမှဘာစီလိုနာသို့ ပြောင်းရွှေ့ကြေးယူရိုသန်း ၁၂၀ ဖြင့် ပြောင်းရွှေ့ခဲ့သည့် ဂရစ်ဇ်မန်းက အဆင့်(၃)ဖြင့် ရပ်တည်ခဲ့သည်။

ထို့ပြင် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီတွင် ရီးရဲလ်မက်ဒရစ်မှ ဂျူဗင်တပ်သို့ ယူရို ၁၁၇ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး စီရော်နယ်ဒိုက အဆင့်(၄)၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် အင်တာမီလန်မှ ချဲလ်ဆီးသို့ ယူရို ၁၁၃သန်းဖြင့်ပြောင်းရွှေ့ခဲ့သည့် လူကာကူက အဆင့်(၅)၊ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီတွင် နာပိုလီမှ ဂျူဗင်တပ်သို့ ယူရိုသန်း ၉၀ ဖြင့် ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး အီဂွာအင်က အဆင့် (၆)၊ ၂၀၁၇-၂၀၁၈ ဘောလုံးရာသီတွင် အဲဗာတန်မှ မန်ယူသို့ ယူရို ၈၄ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့ခဲ့သည့် လူကာကူက အဆင့် (၇)၊ ၂၀၁၅-၂၀၁၆ ဘောလုံးရာသီတွင် လီဗာပူးမှ ဘာစီလိုနာသို့ ယူရို ၈၁ ဒသမ ၇ သန်းဖြင့် ရောက်ရှိခဲ့သည့် လူးဝစ်ဆွာရက်ဇ်က အဆင့် (၈)၊ ၂၀၂၁-၂၀၂၂ ဘောလုံးရာသီတွင် ဖီအိုရင်တီးနားမှ ဂျူဗင်တပ်သို့ ယူရို ၈၁ ဒသမ ၆ သန်းဖြင့် ရောက်ရှိခဲ့သည့် ဗလာဟိုဗစ်က အဆင့် (၉) နှင့် ၂၀၂၂-၂၀၂၃ ဘောလုံးရာသီတွင် ဘင်ဖီကာမှ လီဗာပူးသို့ ယူရိုသန်း ၈၀ ဖြင့် ပြောင်းရွှေ့ခဲ့သည့် တိုက်စစ်မှူး ဒါဝင်နူနက်တို့က အဆင့်(၁၀) နေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိကြောင်းသိရသည်။

ML

# ကွင်းလယ်ကစားသမား အစ္စကိုနှင့်ဆီဗီလာအသင်းတို့ နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်း

**မက်ဒရစ် ဒီဇင်ဘာ ၂၂**

ပြီးခဲ့သည့် နွေရာသီအပြောင်းအရွှေ့ကာလက ရီးရဲလ်မက်ဒရစ်အသင်းမှ ဆီဗီလာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိခဲ့သည့် ကွင်းလယ်ကစားသမား အစ္စကိုအနေဖြင့် အသင်းနှင့် နှစ်ဖက်သဘောတူစာချုပ်ဖျက်သိမ်းခဲ့ကြောင်း ဆီဗီလာအသင်းက ထုတ်ပြန်ခဲ့သည်ဟု ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အစ္စကိုသည် ဆီဗီလာအသင်းနှင့် လာမည့်၂၀၂၄ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၉ ပွဲပါဝင်ကစားခဲ့ရာတွင် သွင်းဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပြီး နည်းပြသစ် ဆမ်ပါအိုလီလက်ထက်တွင် ပုံမှန်ပွဲကစားခွင့် နည်းပါးလာသောကြောင့် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကာ နှစ်ဖက်သဘောတူ စာချုပ်ဖျက်သိမ်းခဲ့သည်။

ဆီဗီလာအသင်း ဘုတ်အဖွဲ့က “ဒီနေ့မှာအသင်းအနေနဲ့ ကွင်းလယ်ကစားသမား အစ္စကိုနဲ့ နှစ်ဖက်သဘောတူ လမ်းခွဲလိုက်ပါတယ်။ ကစားသမားအနေနဲ့ အသင်းနဲ့ လေးလတာ လက်တွဲခဲ့ပြီးချိန်မှာ အသင်းက ထွက်ခွာဖို့တောင်းဆိုခဲ့တာကြောင့် စာချုပ်ဖျက်သိမ်းလိုက်တာပါ။ အဓိက အချက်ကတော့ သူ့အနေနဲ့ နည်းပြဆမ်ပါအိုလီ ဦးဆောင်ချိန်မှာ ပွဲကစားချိန်နည်းခဲ့တာကြောင့်လို့ ထင်ပါတယ်။ သူ့အနေနဲ့ လာမဲ့ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှာ အောင်မြင်မှုရပါစေလို့ ဆုတောင်းပေးပါတယ်” ဟု ပြောကြားခဲ့ကြောင်း သိရသည်။

ဆီဗီလာအသင်းသည် ယခုနှစ် ဘောလုံးရာသီ အမှတ်ပေးပြိုင်ပွဲတွင် နှစ်ပွဲသာ အနိုင်ရခဲ့ပြီး ငါးပွဲသရေ၊ ခုနစ်ပွဲရှုံး ရလဒ်ကြောင့် ရမှတ် ၁၁ မှတ်ဖြင့် အဆင့်(၁၈) သို့ ရောက်ရှိနေကြောင်း သိရသည်။

ML



# MFF Internal Academy Football Tournament ပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်မှ ၂၈ ရက်ထိ မန္တလေးမြို့တွင် ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးပြီး MFF Internal Academy Football Tournament ပြိုင်ပွဲကို ဒီဇင်ဘာ ၂၃ ရက်မှစတင်ပြီး ၂၈ ရက်ထိ မန္တလေးမြို့ မြန်မာနိုင်ငံဘောလုံး အကယ်ဒမီ (မန္တလေး) ရှိ လေ့ကျင့်ရေးကွင်းများတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

MFF Internal Academy Football Tournament ပြိုင်ပွဲကို အသက် ၁၄ နှစ်၊ ၁၅ နှစ်အောက် ပြိုင်ပွဲနှင့် အသက် ၁၂ နှစ်၊ ၁၃ နှစ်အောက်ပြိုင်ပွဲဟူပြီး ပြိုင်ပွဲ နှစ်ရပ်ခွဲကာ ကျင်းပမည်ဖြစ်ပြီး အသက် ၁၂ နှစ်၊ ၁၃ နှစ်အောက် ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ငါးသင်းပါဝင်မည်ဖြစ်ပြီး အုပ်စု(က)တွင် ရန်ကုန် အကယ်ဒမီအသင်း၊ မန္တလေး အကယ်ဒမီအသင်းနှင့် ပုသိမ် အကယ်ဒမီအသင်းတို့ပါဝင်မည်ဖြစ်ကာ အုပ်စု (ခ) တွင် တပ်မတော် အကယ်ဒမီ (က) အသင်းနှင့် (ခ) အသင်းတို့ ပါဝင်မည်ဖြစ်သည်။

အသက် ၁၄ နှစ်၊ ၁၅နှစ်အောက် ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းခြောက်သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး အုပ်စု (က)တွင် ရန်ကုန် အကယ်ဒမီ (က) အသင်းနှင့် (ခ)အသင်း၊ ပုသိမ် အကယ်ဒမီ (က) အသင်း၊ အုပ်စု (ခ)တွင် ပုသိမ်အကယ်ဒမီ (ခ) အသင်းနှင့် မန္တလေးအကယ်ဒမီ (က) အသင်းနှင့် (ခ) အသင်းတို့ ပါဝင်မည်ဖြစ်သည်။

MFF Internal Academy Football Tournament ပြိုင်ပွဲကို မန္တလေးမြို့ရှိ မြန်မာနိုင်ငံဘောလုံး အကယ်ဒမီ(မန္တလေး)ရှိ လေ့ကျင့်ရေးကွင်းများ၌ တစ်ရက်လျှင် လေးပွဲနှုန်းဖြင့် ဒီဇင်ဘာ ၂၈ ရက်ထိ နေ့စဉ် နံနက်ပိုင်းမှစတင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# ခရစ္စမတ်ကာလကို အကျိုးရှိစွာဖြတ်သန်းသွားစေလို

မောင်စိန်အိ(နဘဲမြေ)




နှစ်စဉ် ဒီဇင်ဘာ ၂၅ ရက်သည် ခရစ္စမတ်နေ့ဖြစ်သည်။ နှစ်စဉ်ထိုနေ့တွင် ကမ္ဘာတစ်ဝန်းလုံးအလှူအတန်းများနှင့်ပျော်ပွဲရွှင်ပွဲများပြုလုပ်ကြသည်။ အထူးသဖြင့် လူငယ်များသည် လူကြီးမိဘများထံမှ ခရစ္စမတ်လက်ဆောင်များနှင့် ခရစ္စမတ်ကတ်များရရှိကြသဖြင့် မျက်နှာများပေါ်တွင် အပြုံးများဖုံးလွှမ်းလျက်ရှိသည်။ လူငယ်များ၏ပျော်ရွှင်မှုသည် လူကြီးများကိုကူးစက်စေသည်။ စင်စစ်အားဖြင့် လူကြီးများသည် လူငယ်များကို ယဉ်ကျေးသိမ်မွေ့မှုရှိစေရန်၊ ကူညီရိုင်းပင်းတတ်စေရန်၊ ပေးကမ်းစွန့်ကြဲတတ်စေရန်နှင့် မကောင်းမှုရှောင်၍ ကောင်းမှုဆောင်တတ်စေရန်အတွက် သက်ဆိုင်ရာဘာသာတရား၏ အဆုံးအမ၊အစဉ်အလာတို့ဖြင့် စည်းရုံးဆောင်ရွက်ထားခြင်းဖြစ်သည်။

**ခရစ္စမတ်နေ့ဆိုသည်မှာ**

ယေရှုခရစ်တော်ဖွားမြင်သည့်နေ့ကို အတိအကျမသိရှိရသော်လည်း ကမ္ဘာတစ်ဝန်း၌ ဒီဇင်ဘာ ၂၅ ရက်တွင် ခရစ်တော်မွေးနေ့ (Christmas Day) အဖြစ် ကျင်းပကြသည်။ ဘာသာရေးနှင့်ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ခရစ်ယာန်ဘာသာဝင်မဟုတ်သောနိုင်ငံများတွင်လည်း စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ မြန်မာနိုင်ငံတွင်လည်း ခရစ္စမတ်နေ့အခမ်းအနားများ ကျင်းပလေ့ရှိသည်။ ထိုနေ့တွင် ကမ္ဘာတစ်ဝန်း၌ အစိုးရရုံး၊ ဌာနများနှင့်ကုမ္ပဏီများပိတ်ထားကြသည်။ အချို့သောနိုင်ငံများတွင် ထိုနေ့မှစ၍ နှစ်သစ်ကူးနေ့ (New Year's Day) ထိ ရက်ရှည်ရုံးပိတ်ပေးထားလေ့ရှိသည်။ မြန်မာသင်္ကြန်ကာလ ရုံးပိတ်ရက်ကဲ့သို့ပင်ဖြစ်သည်။

**ကြိုတင်ပြင်ဆင်**

အမှန်တော့ နှစ်စဉ် ဒီဇင်ဘာလဆန်းပြီဆိုသည်နှင့် လူကြီး၊ လူငယ်၊ လူလတ် အသက်အရွယ်အားလုံးသည် ခရစ္စမတ်ကာလအတွက် ကြိုတင်ပြင်ဆင်ခြင်းဖြင့် အလုပ်ရှုပ်နေကြသည်။ အားလုံးသည် ခရစ္စမတ်ကာလတွင် အပြန်အလှန်လက်ဆောင်ပေးသွားမည်၊ အလှူအတန်းပြုမည်၊ မိသားစုများဆုံစည်းမည်၊ ချက်ပြုတ်စားကြမည်၊ ပျော်ပွဲစားထွက်မည်ဆိုသော အပျော်စိတ်များဖြင့် ကြည်နူးနေကြသည်။ မည်သည့်ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းတွင်မဆို လှူဒါန်းပေးကမ်းခြင်းကိုသာ အခြေခံထားလေ့ရှိသည်။ ဗုဒ္ဓဘာသာရှုထောင့်မှကြည့်မည်ဆိုလျှင် လုပ်ဆောင်မှုမှန်သမျှ တွင် ဒါနကိုသာ အခြေခံထားသည် မဟုတ်ပါလား။

ဒီဇင်ဘာလဆန်းသည်နှင့် ဥရောပနိုင်ငံများတွင် ခရစ္စမတ်နေ့ဂုဏ်ပြုရုပ်ရှင်၊ ဗီဒီယို၊ ရုပ်သံဇာတ်လမ်းတွဲများ၊ သီချင်းများ ထုတ်လွှင့်ပြသလေ့ရှိသည်။ လမ်းများ၊ ကုန်တိုက်များနှင့် အထင်ကရအဆောက်အအုံများတွင် ခရစ္စမတ်သစ်ပင်များ၊ ရောင်စုံမီးလုံးများဖြင့် အလှဆင်ထားသဖြင့် ညဘက်မြင်ကွင်းသည် ရှုမငြီးစရာပင်ဖြစ်သည်။ ခရစ္စမတ်အကြိုအထူးဈေးရောင်းပွဲများလည်း ပြုလုပ်လေ့ရှိသည်။ အနောက်နိုင်ငံများတွင် ကုန်တိုက်ကြီးများသည် ခရစ္စမတ်အကြိုကာလတွင် နှစ်ဆန်းကတည်းက တင်ထားသော အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို လျှော့ဈေးဖြင့် ရောင်းချပေးလေ့ရှိသည်။ငွေကြေးချို့တဲ့သူများသည် ခရစ္စမတ်နှင့် နှစ်သစ်ကူးကာလများတွင် လျှော့ဈေးဖြင့်ရောင်းသောပစ္စည်းများကို ဝယ်ယူဖြည့်တင်းထားလေ့ရှိကြသည်။

**ခရစ္စမတ်ဘိုးဘိုး(Santa Claus)**

ခရစ္စမတ်ပွဲတော်ကာလတွင် အဓိကကျသော ဇာတ်ဆောင်သည် ခရစ္စမတ်ဘိုးဘိုး (Santa Claus) ဖြစ်သည်။ Santa Claus သည် အနောက်တိုင်းယဉ်ကျေးမှုအရ ဒဏ္ဍာရီဆန်သောပုဂ္ဂိုလ်ဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် အဖြူရောင်ကော်လံအရှည်ပါသော အနီရောင်ကုတ်အင်္ကျီနှင့် ဘောင်းဘီရှည်အပွကြီးတို့ကို ဝတ်ဆင်ထားပြီး ခါးတွင် ခါးပတ်အနက်ကြီးပတ်ထားသည်။ ခေါင်းစွပ်ဦးထုပ်ဆောင်းထားပြီး အနက်ရောင်ဘွတ်ဖိနပ်ရှည်ကြီးကိုစီးထားသည်။ Santa Claus သည် ခရစ္စမတ်အကြိုနေ့တွင် ကလေးများအတွက် လက်ဆောင်ပစ္စည်းများထည့်ထားသည့် အိတ်ကြီးကို သယ်ဆောင်လာသည်ဟု ယုံကြည်ထားကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ကမ္ဘာတစ်ဝန်းရှိကလေးများ၏ အင်အားစာရင်းကို နှစ်စဉ်ပြုစုထားသည်ဟုဆိုသည်။ လိမ္မာယဉ်ကျေးသောကလေးများ၊ ဆိုးသွမ်းသော ကလေးများ၊ အပြုအမူရိုင်းစိုင်းသောကလေးများ၊ နူးညံ့သိမ်မွေ့သော ကလေးများဟူ၍ စာရင်းခွဲခြားပြုစုထားသည်။ ၎င်းသည် ခရစ္စမတ်အကြိုနေ့တွင် လိမ္မာယဉ်ကျေးသောကလေးများကို ကစားစရာအရုပ်များနှင့်ချောကလက်များ လက်ဆောင်ပေးပြီး ဆိုးသွမ်းသောကလေးများကို ကျောက်မီးသွေးခဲများပေးသည်ဟု ဆိုသည်။ ကလေးများသည် ခရစ္စမတ်ကာလတွင် လက်ဆောင်ပစ္စည်းများ ရရှိကြမည်ဖြစ်သောကြောင့် ပျော်ရွှင်ကြည်နူးနေကြသည်။

ခရစ္စမတ်ဘိုးဘိုးသည် ထိုသို့ဆောင်ရွက်ပေးခြင်း အမှန်တကယ် ရှိ ၊ မရှိကိုမူ မည်သူမျှအတိအကျ ပြောနိုင်မည်မဟုတ်ချေ။ ကလေးများလိမ္မာယဉ်ကျေးမှုရှိစေရန်အတွက် ခရစ်ယာန်ဘာသာရှုထောင့်အရ ပြောဆိုနေခြင်းလည်း ဖြစ်နိုင်ပေသည်။ အမှန်စင်စစ်မှာမူ လူကြီးမိဘများက ခရစ္စမတ်အကြို ဒီဇင်ဘာ ၂၄ ရက် ညပိုင်း၌ ကလေးများအိပ်မောကျနေသည့်အချိန်တွင် လက်ဆောင်ပစ္စည်းများကို ခရစ္စမတ်သစ်ပင်အောက်တွင် ချပေးထားခြင်းဖြစ်သည်။ ကလေးများသည် ဒီဇင်ဘာ ၂၅ ရက် နံနက်စောစော အိပ်ရာထသည့်အချိန်တွင် ထိုလက်ဆောင်ကို တွေ့သဖြင့် ပျော်ရွှင်ကြည်နူးကြရသည်။ မည်သည့်ဘာသာ အယူဝါဒတွင်ဖြစ်စေ အနှစ်ချုပ်သည် လိမ္မာယဉ်ကျေးမှုရှိနေစေရန်ပင် ဖြစ်သည်။ ကလေးငယ်များကို ငယ်စဉ်ကတည်းကပင် ဘာသာရေးပွဲတော်များဖြင့် စည်းရုံးထားခြင်းဖြစ်သည်။ ထို့ကြောင့် ကိုဗစ်ရောဂါဖြစ်ပွားနေသည့်တိုင် လူကြီးမိဘများအနေဖြင့် ဒီဇင်ဘာ ၂၄ ရက်ညပိုင်းတွင် ခရစ္စမတ်သစ်ပင်အောက်၌ Santa Claus ကိုယ်စား ကလေးများအတွက် ခရစ္စမတ်လက်ဆောင်များ ထားပေးသွားသင့်ပေသည်။ ကမ္ဘာတစ်ဝန်း အကျပ်အတည်းများရင်ဆိုင်နေရသည့် အချိန်တွင် ကလေးများကို စိတ်ထွက်ပေါက်ပေးသည့် အနေဖြင့် ခရစ္စမတ်လက်ဆောင်ပစ္စည်းလေးများ စီစဉ်ပေးသွားသင့်သည်။

**ကြည်နူးဖွယ်အချိန်အခါသမယ**

ခရစ္စမတ်ပွဲတော်ကာလတွင် မဖြစ်မနေပါဝင်သော အရာများသည် ခရစ္စမတ်သစ်ပင်၊ ခရစ္စမတ်ရောင်စုံမီးလုံးများ၊ မီးရှူး၊ မီးပန်းများနှင့် ခရစ္စမတ်ပန်းကုံးများဖြစ်ကြသည်။ နေအိမ်များ၊ လမ်းများနှင့် ကုန်တိုက်များရှိ ခရစ္စမတ်သစ်ပင်များ၌ ရောင်စုံအလှမီးများ ထွန်းညှိထားကြသည်။ အထူးသဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်းဖြစ်သည်။ အချို့သောနိုင်ငံများသည် ဒီဇင်ဘာ ၂၄ ရက်တွင် ခရစ္စမတ်အကြိုနေ့ (Christmas Eve) အခမ်းအနားများ ကျင်းပကြသည်။ ထိုနေ့တွင် လူငယ်များသည် နေအိမ်များကိုလှည့်လည်၍ ခရစ်ယာန်ဓမ္မတေးသီချင်းများ ဆိုကာ ဆုတောင်းပေးကြသည်။ အချို့သောအိမ်များသည် ထိုအဖွဲ့ကို အလှူငွေများ၊ လက်ဆောင်များ ပေးကြသည်။ အပြန်အလှန်မေတ္တာထားခြင်းဖြစ်သည်။ ချစ်စရာကောင်းသော အလေ့အထပင်ဖြစ်သည်။

အနောက်တိုင်းယဉ်ကျေးမှုအရ ရုံး၊ ဌာန၊ ကုမ္ပဏီများသည် ခရစ္စမတ်ပွဲတော်မတိုင်မီ လက်ဆောင်ပစ္စည်းများပေးပို့ရန် ကြိုတင်ပြင်ဆင်ကြရသည်။ စာရေးသူ ထိုင်းနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်က ခရစ္စမတ်ရာသီရောက်လျှင် အနည်းငယ်အလုပ်များသည်။ လက်ဆောင်ပေးရမည့် ပုဂ္ဂိုလ်များနှင့်ခင်မင်ရင်းနှီးသော မိတ်ဆွေများအမည်စာရင်းကို ကြိုတင်ပြုစုရသည်။ လက်ဆောင်ပစ္စည်းခြင်းများ ထုပ်ပိုးပြင်ဆင်ကြရသည်။ ခရစ္စမတ်အကြိုနေ့မှသည် နှစ်သစ်ကူးနေ့ထိ ရုံးများပိတ်တတ်သဖြင့် ဒီဇင်ဘာ ၂၂ ရက်တွင် လက်ဆောင်ပစ္စည်းခြင်းများ အပြန်အလှန်ပေးပို့ပေးကြရသည်။ ဒေသခံဝန်ထမ်းများသည် လက်ဆောင်ပစ္စည်းနှင့် မုန့်ဖိုးရကြသဖြင့် ပျော်ရွှင်ကြသည်။ ထိုစဉ်က ခရစ္စမတ်ယဉ်ကျေးမှုကို ထဲထဲဝင်ဝင် သိခွင့်ရခဲ့သည်။

စင်စစ်အားဖြင့် ခရစ္စမတ်နေ့၏အနှစ်သာရသည် တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လက်ဆောင်ပေးကြခြင်းဖြစ်သည်။ ခရစ္စမတ်ကတ်များကိုလည်း အပြန်အလှန်ပေးပို့ကာ ဆုမွန်ကောင်းတောင်းကြသည်။ မိတ်ဆွေများ၊ ဆွေမျိုးများနှင့် မိသားစုများစုစည်းကာ ရိုးရာအစားအသောက်များ ချက်ပြုတ်စားသောက်ကြသည်။ ရုံး၊ ဌာနများ၊ ကုမ္ပဏီများသည် ပါတီပွဲများ ကျင်းပကြသည်။ ထိုအခမ်းအနားအပြီးတွင် ခရစ္စမတ်လက်ဆောင်များ အပြန်အလှန်ပေးကြသည်။ အပြန်အလှန် အလှူအတန်းပြုလုပ်ရသောကြောင့် ကြည်နူးစရာ အချိန်ကာလပင်ဖြစ်သည်။

**ခရစ္စမတ်ကာလကို အကျိုးရှိစွာ ဖြတ်သန်းသွားစေလို**

မြန်မာနိုင်ငံတွင်လည်း လူငယ်တချို့သည် ခရစ္စမတ်နေ့အခမ်းအနားများ ပြုလုပ်လာကြသည်။ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ကြသည်။ ထိုသို့ ပြုလုပ်ခြင်းသည် အချင်းချင်းမေတ္တာထားလာသဖြင့် ကောင်းမွန်သည်။ သို့သော် ခရစ္စမတ်နေ့တွင် ညဘက်၌ ပါတီပွဲများကျင်းပကာ သောက်စားမူးယစ်မှုများလည်း ရှိလာကြသည်။ မည်သို့ပင်ဆိုစေကာမူ လူတိုင်းသည် လွတ်လပ်စွာကိုးကွယ်ခွင့်၊ ယုံကြည်ခွင့်၊ ပြောဆိုခွင့်၊ ပျော်ရွှင်ကြည်နူးခွင့်များရှိကြသည်။ ထိုလွတ်လပ်ခွင့်များသည် မိမိနှင့်မိမိပတ်ဝန်းကျင်ကို ထိခိုက်နစ်နာမှု မရှိစေရန်လည်း လိုအပ်သည်။ လူသည် တစ်ဦးတည်းနေထိုင်သော သတ္တဝါမဟုတ်ချေ။ ပတ်ဝန်းကျင်အသိုက်အဝန်းနှင့် နေထိုင်ကြရသည်။ အထူးသဖြင့် မိမိမွေးဖွားရာဒေသ၊ နိုင်ငံ၏ ဘာသာတရား၊ ရိုးရာယဉ်ကျေးမှုနှင့် အစဉ်အလာကောင်းများကိုမူ တန်ဖိုးထားတတ်ရန်လိုအပ်သည်။ ထိုသို့ တန်ဖိုးထားတတ်သည့် စိတ်သဘောထားကို မျိုးချစ်စိတ်ဓာတ်ဟု အဓိပ္ပာယ်ဖွင့်ဆိုနိုင်သည်။

ဆိုရလျှင် တစ်ကမ္ဘာလုံး ဆက်စပ်ပြောင်းလဲနေသောခေတ်ကြီးတွင် ယဉ်ကျေးမှုပေါင်းစုံသည် မြန်ဆန်စွာ ထိုးဖောက်ဝင်ရောက်လျက်ရှိသည်။ ထိုအချိန်တွင် မြန်မာလူငယ်များသည် တိုင်းတစ်ပါးယဉ်ကျေးမှုကို အထင်ကြီးပြီး မိမိယဉ်ကျေးမှုအစဉ်အလာများကို မေ့လျော့လာတတ်ကြသည်။ လူငယ်များသည် အတုခိုးမှု မြန်ဆန်သည်။ အားလုံးဝိုင်းဝန်းထိန်းသိမ်းမှုသာ မရှိလျှင် အနာဂတ်တွင် မြန်မာ့ယဉ်ကျေးမှုသည် အရိုးပေါ်အရွက်ဖုံးကာ တဖြည်းဖြည်းမှေးမှိန်လာနိုင်သည်။

❖ ခရစ္စမတ်ဘိုးဘိုးသည် ကမ္ဘာတစ်ဝန်းရှိကလေးများ၏ အင်အားစာရင်းကို နှစ်စဉ်ပြုစုထားသည်ဟုဆိုသည်။ လိမ္မာယဉ်ကျေးသောကလေးများ၊ ဆိုးသွမ်းသောကလေးများ၊ အပြုအမူရိုင်းစိုင်းသောကလေးများ၊ နူးညံ့သိမ်မွေ့သောကလေးများဟူ၍ စာရင်းခွဲခြားပြုစုထားသည်။ ၎င်းသည် ခရစ္စမတ်အကြိုနေ့တွင် လိမ္မာယဉ်ကျေးသောကလေးများကို ကစားစရာအရုပ်များနှင့်ချောကလက်များလက်ဆောင်ပေးပြီး ဆိုးသွမ်းသောကလေးများကို ကျောက်မီးသွေးခဲများပေးသည်ဟု ဆိုသည်။ ကလေးများသည် ခရစ္စမတ်ကာလတွင် လက်ဆောင်ပစ္စည်းများရရှိကြမည်ဖြစ်သောကြောင့် ပျော်ရွှင်ကြည်နူးနေကြသည်။ ❖

ဆိုရလျှင် မကြာမီ ခရစ္စမတ်နေ့ရောက်တော့မည်ဖြစ်သည်။ ထိုနေ့တွင် သက်ဆိုင်ရာဘာသာ၏ အနှစ်သာရဖြစ်သော လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးပို့ခြင်း၊ ကလေးငယ်များကို လက်ဆောင်ပစ္စည်းများပေးခြင်း၊ အလှူအတန်းပြုခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းတို့ကို ပြုလုပ်သွားသင့်သည်။ ထိုနေ့ကိုအကြောင်းပြု၍ ပါတီပွဲများ၊ ပျော်ပွဲရွှင်ပွဲများကျင်းပကာ သောက်စားမူးယစ်နေမည်ဆိုလျှင် ခရစ္စမတ်နေ့၏အနှစ်သာရ ပျက်ပြယ်သွားနိုင်သည့်အပြင် လူစုလူဝေးလုပ်သဖြင့် ကိုဗစ်ရောဂါ ကူးစက်ပျံ့နှံ့မှုနှုန်းပင် မြင့်တက်လာနိုင်ပေသည်။ ထို့ကြောင့် မျိုးဆက်သစ် လူငယ်များအနေဖြင့် ယဉ်ကျေးသိမ်မွေ့သော မြန်မာလူငယ်များပီပီ ကျန်းမာရေးဆိုင်ရာ စံနှုန်းများနှင့်အညီ အလှူအတန်းနှင့် ကောင်းမှုကုသိုလ်များ ပြုလုပ်ရင်း ခရစ္စမတ်ကာလကို အကျိုးရှိစွာဖြတ်သန်းသွားနိုင်ရန် တိုက်တွန်းအကြံပြုသွားလိုပါသည်။

# ရွှေမြန်မာပန်းချီပြခန်းတွင် ပန်းချီဆရာခြောက်ဦး၏ အွန်လိုင်းပန်းချီပြပွဲ ဒီဇင်ဘာ ၂၅ ရက်မှ ၃၁ ရက်ထိ ပြသမည်



**ရန်ကုန် ဒီဇင်ဘာ ၂၂**

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ရွှေမြန်မာ ပန်းချီပြခန်းတွင် ပန်းချီဆရာ ခြောက်ဦး၏ အွန်လိုင်းပန်းချီပြပွဲကို ဒီဇင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြ၍ သိရသည်။

အဆိုပါ အွန်လိုင်းပန်းချီပြပွဲတွင် ပန်းချီဆရာများဖြစ်သည့် ပန်းချီ စောလှိုင်၊ ပန်းချီ တင်လှဝင်းထင်၊ ပန်းချီ လှတင်ထွန်း၊ ပန်းချီ ဌေးအောင်၊ ပန်းချီ ပန်းကြည်၊ ပန်းချီ စောတင့်ဝေတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် အပါအဝင် လက်ရာစုံ၊ အရောင်အသွေးစုံ ပန်းချီကား ၂၅ ကားကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“ပန်းချီဆရာကြီးတွေရဲ့ လက်ရာစုံပန်းချီကား ၂၅ ကားကို ပြသမှာဖြစ်ပါတယ်။ အဲဒီထဲမှာ ပန်းချီ တင်လှဝင်းထင်တို့၊ ပန်းချီ စောလှိုင်တို့လို ဝါရင့်ပန်းချီဆရာကြီးတွေရဲ့ ပန်းချီကားတွေ၊ နာမည်ရပန်းချီ ပန်းကြည်ရဲ့ ပန်းချီကားတွေလဲ ပါမယ်”ဟု ရွှေမြန်မာပန်းချီပြခန်း တာဝန်ခံ ဦးဝဏ္ဏကြည်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံးငွေကျပ် ငါးသိန်းမှ အများဆုံးငွေကျပ်သိန်း ၄၀ ထိရှိကြောင်း သိရသည်။

ASH

# Day of the Fight ဇာတ်ကားကို ဂျက်ဟူစတန်က ဒါရိုက်တာအဖြစ် ရိုက်ကူးမည်

**နယူးယောက် ဒီဇင်ဘာ ၂၂**

Day of the Fight ဇာတ်ကားကို အင်္ဂလိပ်မင်းသား ဂျက်ဟူစတန်က ဒါရိုက်တာအဖြစ် ပထမဆုံးအကြိမ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

မင်းသား ဂျက်ဟူစတန်ကိုယ်တိုင် ကမ္ဘာကျော် အမေရိကန်ဒါရိုက်တာကြီး ဂျွန်ဟူစတန်၏ မြေးဖြစ်ပြီး မင်းသား ဂျက်ဟူစတန်သည် Day of the Fight အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ကိုယ်တိုင်တာဝန်ယူရိုက်ကူးမည်ဖြစ်သကဲ့သို့ ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားမည်ဖြစ်သည်။

Day of the Fight ဇာတ်ကားတွင် မင်းသား မိုက်ကယ်ပစ်၊ ဂျိုးပက်စီ၊ မင်းသမီး နီကိုလပ်ရော်ဘင်ဆင်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း၊ Day of the Fight ဇာတ်ကားသည် မိမိဘဝကို ပြန်လည်တည်ဆောက်ရန်ကြိုးစားနေသည့် နာမည်ကျော် လက်ဝှေ့သမားဟောင်းတစ်ဦး၏ဘဝကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်းကို နယူးယောက်နှင့် နယူးဂျာစီပြည်နယ်တို့၌ စတင်လျက်ရှိကြောင်း သိရသည်။ KKO



# သရုပ်ဆောင် မေရီမျိုးက မွေးနေ့အလှူအဖြစ် ခိုင်နှင်းဝေရင်သွေးလေးများဂေဟာသို့ ငွေကျပ် ၁၀ သိန်း လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၂**

သရုပ်ဆောင်မေရီမျိုးက မွေးနေ့အလှူအဖြစ် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ခိုင်နှင်းဝေ ရင်သွေးလေးများဂေဟာသို့ငွေကျပ် ၁၀ သိန်းကို ဒီဇင်ဘာ ၂၁ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုတော် မေရီမျိုးက ၎င်း၏ အသက် ၂၈ နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သရုပ်ဆောင် ခိုင်နှင်းဝေ၏ ခိုင်နှင်းဝေ ရင်သွေးလေးများ ဂေဟာရှိ ကလေးငယ်ဦးရေ ၆၀ ကျော်အတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုရန် ငွေကျပ် ၁၀ သိန်းကို လှူဒါန်းခဲ့ကြောင်း၊ လှူဒါန်းမှုအတွက် သရုပ်ဆောင်ခိုင်နှင်းဝေက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။




“အစ်မ ခိုင်နှင်းဝေရဲ့ဂေဟာမှာ မွေးနေ့အလှူအဖြစ် လှူဒါန်းဖြစ်ခဲ့ပါတယ်။ ဒီဂေဟာမှာ လာလှူချင်နေတာကတော့ ကြာပါပြီ။ အခုလို လှူဖြစ်တာက အစ်မခိုင်နှင်းဝေကို အားကျနေတာလဲ ပါတယ်။ အလှူငွေ ၁၀ သိန်းအပြင် ကလေးတွေအတွက် မုန့်တွေနဲ့ ကလေး ဒိုက်ဘာတွေလဲ လှူခဲ့ပါသေးတယ်”ဟု သရုပ်ဆောင် မေရီမျိုးက ပြောပြသည်။

ခိုင်နှင်းဝေ၏ ရင်သွေးလေးများဂေဟာတွင် ဝန်ထမ်းအင်အားဦးရေ ၄၀ ခန့်အပြင် သူနာပြုနှင့်သူနာပြုအကူ ၁၅ ဦးခန့်ဖြင့် မွေးစမှ အသက် လေးနှစ်အရွယ်ထိ ကလေးငယ်ဦးရေ ၆၀ ကျော်ကို စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။ ASH

# Twister ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ လီအိုင်းဆက်ချောင် ရိုက်ကူးဖွယ်ရှိ

**နယူးယောက် ဒီဇင်ဘာ ၂၂**

Twister အမည်ရှိ သဘာဝကပ်ဘေးနောက်ခံရုပ်ရှင်ဇာတ်ကားကို အမေရိကန်ဒါရိုက်တာ လီအိုင်းဆက်ချောင်က တာဝန်ယူရိုက်ကူးဖွယ်ရှိကြောင်း Variety သတင်းဝက်ဘ်ဆိုက်က ဒီဇင်ဘာ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် Twister ဇာတ်ကားရိုက်ကူးရေးအတွက် ဒါရိုက်တာ လီအိုင်းဆက်ချောင်သည် ဝါနာဘရားသား ရုပ်ရှင်ကုမ္ပဏီနှင့် ဆွေးနွေးနေကြောင်း၊ Twister သည် Twister (1996) ဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားအဖြစ် ရိုက်ကူးမည့်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Twister (1996) ဇာတ်ကားသည် အလွန်ပြင်းထန်သော လေဆင်နှာမောင်းမုန်တိုင်းများ၏ စက်ကွင်းအတွင်းဝင်ရောက်၍ မိုးလေဝသ သတိပေးစနစ်တစ်ခု ဖန်တီးရန် ဇနီးမောင်နှံနှစ်ဦးက စွန့်စွန့်စားစားကြိုးပမ်းခဲ့ပုံကို ရိုက်ကူးထားသောဇာတ်ကားဖြစ်သည်။

Twister တွင် မူလ Twister ဇာတ်ကားမှ ဇနီးမောင်နှံဇာတ်ကောင်များဖြစ်သည့် ဟယ်လင်ဟန့်နှင့် ဘီပက်စတန်တို့၏ သမီးဖြစ်သူကို အဓိကဇာတ်ကောင်အဖြစ် ထားရှိရိုက်ကူးမည့် ဇာတ်ကားဖြစ်ကြောင်း သိရသည်။ KKO





# ၃၈ ဖြာမင်္ဂလာ ဇာတ်လမ်းတွဲကို ကြယ်တံခွန် YouTube Channel နှင့် NHN Application မှ အခမဲ့ထုတ်လွှင့်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၂**

သရုပ်ဆောင် နေထူးနိုင် စီစဉ်ထုတ်လုပ်ထားသည့် ၃၈ ဖြာမင်္ဂလာ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ကြယ်တံခွန် YouTube Channel နှင့် NHN Application မှ အခမဲ့ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

၃၈ ဖြာမင်္ဂလာ မြန်မာရုပ်သံဇာတ်လမ်းတွဲတွင် အပိုင်း (၄၀) ပါဝင်မည်ဖြစ်ပြီး လာမည့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

“မင်္ဂလာတရားတော်ကို လူငယ်တွေ ပိုမိုသိရှိနားလည်လာပြီးတော့ တရားတော်ပါအတိုင်း လိုက်နာကျင့်သုံးခြင်းဖြင့် ကြီးပွားတိုးတက်နိုင်တယ်။ မင်္ဂလာတရားတော်ကို တကယ်လိုက်နာကျင့်သုံးကြစေချင်တာကြောင့် ကျွန်တော်တို့ ကြိုးစားပြီးတော့ ရိုက်ကူးထားတာဖြစ်ပါတယ်။ မင်္ဂလာတရားတော် ဇာတ်လမ်းတွဲဖြစ်လာဖို့အတွက် လွယ်လွယ်ကူကူတော့ မဟုတ်ပါဘူး။ စာအုပ်စာတမ်းပေါင်းများစွာ ဖတ်မှတ်ပြီးတော့ ဆရာတော်ကြီးတွေရဲ့ သြဝါဒတွေကိုခံယူပြီး ရိုက်ကူးထားပါတယ်။ ဒီဇာတ်လမ်းတွဲကိုတော့ ကျွန်တော်ရဲ့ ကိုယ်ပိုင် YouTube Channel ဖြစ်တဲ့ ကြယ်တံခွန် YouTube Channel ကနေ လာမဲ့ ဇန်နဝါရီ ၁ ရက်မှာ ထုတ်လွှင့်ပြသသွားမှာပါ” ဟု သရုပ်ဆောင် နေထူးနိုင်က ပြောပြသည်။

၃၈ ဖြာမင်္ဂလာ မြန်မာရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာ သရုပ်ဆောင် ဇော်ထွန်းက ရိုက်ကူးပုံဖော်ထားခြင်းဖြစ်ပြီး သရုပ်ဆောင် နေထူးနိုင်နှင့်အတူ နေထက်နိုင်၊ ပိုင်သူ၊ အောင်ဇော်ဦး စသည့် သရုပ်ဆောင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# 34 container ships docked at Yangon ports from December 1 to 19


Cargo containers being handled at Yangon port.

**Yangon December 22**

A total of 34 container ships from international shipping lines docked at the ports of Yangon from December 1 to 19, and port operations are underway, according to the Myanma Port Authority (MPA).

During the period from January to the end of November 2022, 566 container ships from international shipping lines entered Yangon ports and port operations were carried out. In this December, 54 container ships from 16 international shipping lines were scheduled to enter. As of December 19, 34 container ships have entered and 20 more container ships are expected to enter, according to U Sein Lwin Zaw, Deputy General Manager of the MPA.

"Due to the increase in industry, food, agriculture and construction activities, container ships mainly carried industrial raw materials, agricultural inputs and construction materials and carried back agricultural and fishery products, and finished CMP garments," he said.

According to the MPA, more international container and general cargo ships have entered Yangon ports since May 2021, and more than 11,000 containers and 115,000 metric tons of general cargo have been handled.

ASH

# Shanghai hospital warns of 'tragic battle' as COVID spreads

**Shanghai December 22**

A Shanghai hospital has told its staff to prepare for a "tragic battle" with COVID-19 as it expects half of the city's 25 million people will get infected by the end of next week, while the virus sweeps through China largely unchecked.

After widespread protests against strict mitigation measures, China this month began dismantling its "zero-COVID" regime, which had taken a great financial and psychological toll on its 1.4 billion people.

China's official death count since the pandemic began three years ago stands at 5,241 - a fraction of what most other countries faced - but now looks bound to rise sharply. China reported no new COVID deaths for a second consecutive day for Wednesday, even as funeral parlour workers say demand for their services has increased sharply over the past week.

Authorities - who have narrowed the criteria for COVID deaths, prompting criticism from many disease experts - confirmed 389,306 cases with symptoms.

Some experts say official case figures have become an unreliable guide as less testing is being done following the easing of restrictions.

Reuters

# Imports of only left-hand drive vehicles including luxury cars and ambulances to be allowed in 2023

**Nay Pyi Taw December 22**

Only left-hand drive vehicles will be allowed in importing luxury cars, business-purpose cars, fire engines and ambulances in 2023, according to sources from the Ministry of Commerce.

With the development of various sectors in Myanmar, car imports have also increased. Therefore, the ministry is allowing annual car imports in accord with the prescribed law, rules and policies.

As of 2023, the importation of vehicles with 2022 or 2023 models will be allowed for luxury cars, 2019 to 2023 models for business-purpose cars including trucks and passenger buses, 2014 to 2023 for fire trucks and ambulances, and 2014 to 2023 for machinery. Moreover, in importing those vehicles, only left-hand driver ones will be permitted.


Imported cars being unloaded from a ship.

For business-purpose machinery not used for public streets and roads, ones with 2009 models and above will be allowed, the ministry announced.

336

# US winter storm to bring coldest Christmas in decades

**Washington December 22**

A major winter storm sweeping the US this week may bring the coldest Christmas in four decades to parts of the country, say forecasters.

The "once-in-a-generation" cold snap - which began in the Pacific Northwest on Tuesday, before churning east - will become a "bomb cyclone" by Friday.

More than 90 million people are under winter weather alerts across 37 states.

About 80% of the nation is set to experience sub-zero temperatures, including places as far south as Texas.


Named Winter Storm Elliot by the Weather Channel, the arctic blast is expected to deliver the coldest Christmas to the Midwest since the late 1980s, according to forecasts cited by US media.

Even Florida, the Sunshine State, is projected to see its coldest Christmas in 30 years.

The National Weather Service (NWS) said bone-chilling temperatures of -50F (-45C) and -70F were possible by the end of this week in some parts of the country.

"Wind chills of this magnitude can cause frostbite in less than five minutes if precautions are not taken, with hypothermia and death also possible from prolonged exposure to the cold," said its advisory.

BBC


The storm is expected to bring powerful winds and heavy dumps of snow, making for treacherous travel conditions ahead of the holidays.

# Myanmar exports over 300 kinds of fishery products earning US$ 506.42 m from April 1 to December 9 in 2022-2023 FY

**Nay Pyi Taw December 22**

More than 300 types of fishery products were exported to more than 40 countries from April 1 to December 9 in 2022-2023 FY, and the export income was US$ 506.42 million, according to U Nyunt Win, Director of Fisheries Department (Nay Pyi Taw).

Myanmar is regularly exporting fishery products to Japan, Middle East countries, Member States of the European Union (EU), Malaysia, Chinese Taipei and Australia and the Myanmar Fisheries Federation and the Department of Fisheries are cooperating closely to improve the export of fishery products.

"The export revenue from fishery exports was US$ 506.42 million in 2022-2023 FY. In the same period of last year, export revenue from fishery product exports was US$ 527.95 million," he said.

The department and exporters are working together to meet the needs of each purchasing country in order to ensure that regular exports are maintained and depending on the market situation, and to ensure that exports do not decrease.

ASH

# Mangrove replanting activities carried out to meet the target for 2022


Replanted mangrove trees along the river bank.

**Nay Pyi Taw December 22**

The mangrove replantation activities for 2022 have been completed, according to reports from the Department of Forestry.

Myanmar ranks seventh in the world and third in Asia in terms of mangrove assets.

Currently, Myanmar's forest restoration project is being implemented according to the fiscal year with one year plan starting from 2017-2018 FY.

According to these measures, in the rainy season of 2022, up to 2,965 acres of mangrove forests have been replanted in 2022-2023 FY.

Therefore, this year's rainy season, 2,800 acres of mangroves were planted in Labutta, Bogale and Pyapon townships in Ayeyawady Region, 40 acres of mangrove forests in Bokpyin Township in Tanintharyi Region, and 125 acres of mangrove forests in Yambre Township, Rakhine State, totaling 2,965 acres of mangroves.

The most destruction of mangroves occurs in the delta areas, the second most destruction occurs in the Rakhine coastal areas, and the third most destruction occurs in the Tanintharyi coast. 336

# Construction of rural building 60 per cent complete in three regions and states

**Nay Pyi Taw December 22**

The Ministry of Cooperatives and Rural Development recently stated that construction of rural housings has been completed by 60 per cent at the end of November 2022 in three regions and states.

The ministry built 72 rural houses in Rakhine and Chin states and Sagaing Region.

Plans were underway to build 15 rural houses in Chin State, 17 in Sagaing Region and 40 in Rakhine State, totalling 72.

Construction of the houses started in early 2022-23 fiscal year, and at the end of November, 62 per cent of construction has so far completed.

Two houses have been completed in Chin State with 13 more houses under construction in end of November 2022, accounting for 46 per cent.

In Sagaing Region, four of 17 houses have been completed with 13 more houses under construction at the end of November 2022, accounting for 61 per cent.

In Rakhine State, 10 of 40 houses have been completed at the end of November 2022, accounting for 78 per cent.

336

# Myanmar imports 4.2 million tons of fuel via maritime trade from January to November

**Nay Pyi Taw December 22**

More than 4.2 million tons of fuel was imported by sea trade route from January to November, 2022, according to reports from the Myanmar Port Authority.

Therefore, up to 305 oil and gas tankers docked the port and unloaded 4,345,325 tons of fuel in 2021.

From January to the end of November in 2022, 271 oil and gas tankers arrived and unloaded 4,270,354 tons of fuel and gas.

Fuel is a commodity that is used in every country in the world.

Fuel are using in every country, but fuel prices differ from country to country.

There are three groups in the world: countries where fuel prices are rising, countries where fuel prices are stable, and countries where fuel prices are decreasing.

Therefore, the Global Petrol Prices Website has been releasing weekly news about the world's fuel prices.

In the last week of November, Myanmar's fuel prices are said to be stable.

336


Photo shows a filling station.

# Myanmar still sees over US$460 million in trade deficit despite improved trade volume this FY

**Nay Pyi Taw December 22**

Despite seeing a greater trade volume until 9 December in the current 2022-2023 fiscal year, Myanmar still has a trade deficit of over US$460 million, according to the Ministry of Commerce.

Till 9 December, the export value was US$11,535.096 million and the import value US$12,002.26 million totalling US$23,537.922 million in total trade value.

From 1 April to 9 December 9 in 2021, the export value was US$9,966.334 million and the import value US$9,480.922 million totalling US$19,447.256 million in total.

This year's period saw an extra trade value of US$4,090.666 million. However, there was a trade deficit of US$467.73 million.

This fiscal year, Myanmar has exported agricultural products, animal products, marine products, mineral products, forest products, finished industrial goods and other goods, and imported capital goods, raw business materials, consumer goods and CMP products. It has been targeted to handle US$29.5 billion of total trade value.

336

# Harvest of monsoon paddy accounts for 90 per cent in Toungoo District

**Toungoo December 22**

Bago Region Consumer Affairs Department on 19 December stated that some 90 per cent of monsoon paddy in Toungoo District has been harvested.

A total of 452,220 acres of farmlands were placed under monsoon paddy in townships of Toungoo District this season.

As monsoon paddy plantations in the district have been harvested since November, and so far, 409,529 acres of monsoon paddy plantations have been harvested in the district, accounting for 90 per cent. Hence, there remains some 10 per cent of monsoon paddy to be harvested in December.

Currently, monsoon paddy in Toungoo District yielded 70.36 baskets per acre. The harvested paddy is enough for Toungoo District, with 96 baskets of paddy surplus. Now, local farmers fetch K1,250,000 per 100 baskets weighing 48 pounds and K1,197,000 per 100 baskets weighing 46 pounds.

The majority of farmers sells rice and rice products to brokers. Some farmers store their rice in hand to sell them in coming March and April because of getting higher prices than the paddy.

These monsoon paddy is sent to Mandalay Region, fetching K42,000 per baskets for monsoon Emahta rice. 336



# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## အမေရိကန်နိုင်ငံက ကန်ဒေါ်လာ ၃၃၄ သန်းတန် Hypersonic ဒုံးကျည်စီမံကိန်းတစ်ရပ်ကို စတင်ခဲ့



အမေရိကန်နိုင်ငံသည် နောက်ထပ် Hypersonic ဒုံးကျည်စီမံကိန်းတစ်ရပ်ကို စတင်ခဲ့ပြီဖြစ်သည်။

အမေရိကန်နိုင်ငံ ကာကွယ်ရေးကုမ္ပဏီ Leidos က အမေရိကန်လေတပ်သုတေသနဓာတ်ခွဲခန်းဌာန(AFRL) ၏ လေရှူသွင်းနည်းပညာသုံး Hypersonic စနစ်တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နေမှုကို အကူအညီပေးရန် စာချုပ်ချုပ်ဆိုနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

အမေရိကန်ဒေါ်လာ ၃၃၄ သန်းတန်ဖိုးရှိသဘောတူညီမှုတွင် ကုမ္ပဏီအနေဖြင့် လက်ရှိစနစ်များထက် သာလွန်သော အကွာအဝေး၊ Payload စွမ်းဆောင်ရည်တို့နှင့်အတူ ကြီးမားသော Hypersonic စနစ်တစ်ခုကို ဒီဇိုင်းထုတ်လုပ်ပေးရန်ဖြစ်သည်။ ထိုအထဲတွင် Scramjet Engine ကို အသံထက် ငါးဆကျော်မြန်နှုန်းဖြင့် တာဝေးပျံသန်းနိုင်စွမ်းများအတွက် ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်သည်။

Air-breathing (လေရှူသွင်း) နည်းပညာသုံးပလက်ဖောင်းသည် ထောက်လှမ်းရေး၊ ကင်းထောက်ခြင်းနှင့် စောင့်ကြည့်ထောက်လှမ်းခြင်းရည်မှန်းချက်တာဝန်များတွင် အထောက်အပံ့ပေးနိုင်မည်ဖြစ်သည်။

လေရှူသွင်းနည်းပညာသုံး မျိုးဆက်သစ် Hypersonic စနစ်များထုတ်လုပ်နိုင်ရန်အတွက် နှစ်ပေါင်းများစွာ ရင်းနှီးမြှုပ်နှံမှု၊ အသိပညာနှင့် အသံထက်မြန်သည့်နယ်ပယ်တွင် အောင်မြင်မှုရရှိခဲ့ခြင်းများကို အသုံးချသွားမည်ဖြစ်ကြောင်း Leidos ကုမ္ပဏီဥက္ကဋ္ဌ Steve Cook က ပြောကြားခဲ့သည်။ ကျွန်တော်တို့အဖွဲ့အနေဖြင့် သည်အရေးကြီးသည့်တာဝန်ကို ထမ်းဆောင်ရန် ပြင်ဆင်နေကြောင်း ပြောကြားခဲ့သည်။

Leidos သည် Delta ပုံသဏ္ဌာန်တောင်ပံများနှင့် ဒေါင်လိုက်အမြီးတစ်ခုပါရှိသော Mayhem Hypersonic ဒုံးကျည်ဖန်တီးထားမှုကို မကြာသေးမီက ထုတ်ပြန်ခဲ့သည်။

အင်ဂျင်တစ်လုံးတပ် မောင်းသူမဲ့လေယာဉ်စနစ်တွင် ဒုံးကျည်ကိုယ်ထည်သည် အလျားရှည်ပြီး ဖြတ်ကျဉ်းမြောင်းသော ကိုယ်ထည်ဒီဇိုင်းမျိုးဖြစ်သည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာန၏အဆိုအရ အဆိုပါစနစ်သည် အနာဂတ်တွင် များစွာသော နည်းပညာတိုးတက်ဖွံ့ဖြိုးမှုများကိုရရှိနိုင်စေရန် စံသတ်မှတ်ထားသော Payload Interface ပါရှိမည်ဖြစ်သည်ဟု သိရသည်။

လေတပ်သုတေသနဓာတ်ခွဲခန်းဌာန (AFRL)က အဆိုပါမျိုးဆက်သစ် Hypersonic ဒုံးကျည်စနစ်သည် ပြန်လည်အသုံးပြုနိုင်သည့် Reusable စနစ်တစ်ခုဟုလည်း ဖော်ပြခဲ့သည်။

စာချုပ်ပါအချက်များအတိုင်း စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်လုပ်ဆောင်မှုများကို အိုဟိုင်းယိုးပြည်နယ် Wright-Patterson လေတပ်အခြေစိုက်စခန်းတွင် လုပ်ဆောင်သွားမည်ဖြစ်ပြီး ၂၀၂၈ ခုနှစ် အောက်တိုဘာလတွင် ပြီးစီးရန်မျှော်မှန်းထားကြောင်း သိရသည်။

**US Begins $334M 'Mayhem' Hypersonic Missile Program ကို ဘာသာပြန်ဆိုထားပါသည်။**

## HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာရှစ်စုံဝယ်ယူရန် လစ်သူယေးနီးယားနှင့် အမေရိကန်တို့ လက်မှတ်ရေးထိုး



လစ်သူယေးနီးယားအစိုးရသည် High Mobility Artillery Rocket Systems (HIMARS) အတွဲလိုက်ဒုံးပစ်လောင်ချာရှစ်စုံကိုဝယ်ယူရန် အမေရိကန်ဒေါ်လာ ၄၉၅ သန်းတန် သဘောတူညီချက်တစ်ရပ်ကို အမေရိကန်နှင့် လက်မှတ်ရေးထိုးနိုင်ခဲ့ပြီဖြစ်သည်။

စာချုပ်အရ အမေရိကန်သည် လစ်သူယေးနီးယားတပ်မတော်၏ ခံစစ်စွမ်းရည်ကို မြှင့်တင်ရန်အတွက် Lockheed Martin ကုမ္ပဏီက ထုတ်လုပ်သော M142 ဒုံးပစ်လောင်ချာများကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

HIMARS အတွဲလိုက်ဒုံးပစ်လောင်ချာစနစ်များသည် အကွာအဝေးကီလိုမီတာ ၃၀၀ (၁၈၆ မိုင်)ထိ ပစ်ခတ်တိုက်ခိုက်နိုင်သောတိုက်ခိုက်ရေးပဲ့ထိန်းဒုံးကျည်များဖြစ်လာမည်ဖြစ်ပြီး ကြည်းတပ်၏နည်းဗျူဟာမြောက်ဒုံးကျည်စနစ်တစ်ခုလည်း ဖြစ်လာမည်ဖြစ်သည်။

"ဒီအရေးကြီးတဲ့ စနစ်ဝယ်ယူရေးနဲ့ ပတ်သက်ပြီး ဒီနှစ်ထဲမှာပဲ အဆုံးအဖြတ်ပေးခဲ့တဲ့အတွက် ဝမ်းသာပါတယ်။ HIMARS အတွဲလိုက် ဒုံးပစ်လောင်ချာစနစ်တွေကို တပ်ဖွဲ့ဝင်တွေ လေ့ကျင့်ဖို့၊ ပြုပြင်ထိန်းသိမ်းနိုင်ဖို့ ဆက်လက်လုပ်ဆောင်ဖို့ အခု အမေရိကန်နဲ့ ဆက်လက်ဆွေးနွေးနေပါတယ်"ဟု လစ်သူယေးနီးယား ကာကွယ်ရေးဝန်ကြီး Arvydas Anušauskas က ပြောကြားခဲ့သည်။

" HIMARS ကို ဘောလ်တစ်ဒေသနိုင်ငံအားလုံးကဝယ်ယူသွားဖို့ အထူးအရေးကြီးတယ်။ ကျွန်တော်တို့ ဒီစွမ်းဆောင်ရည်တွေနဲ့အတူ ဒေသတစ်ခုလုံးရဲ့ လုံခြုံရေးအတွက် အဆင့်မြှင့်လုပ်ဆောင်တဲ့နေရာမှာ လက်ဗီးယား၊ အက်စ်တိုးနီးယားတို့နှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။

လစ်သူယေးနီးယား ကာကွယ်ရေးဝန်ကြီးဌာနအဆိုအရ အမြောက်ဒုံးကျည်စနစ်များကို နိုင်ငံတပ်မတော်တွင်းအသုံးပြုလျက်ရှိသော အခြားနည်းပညာများနှင့်တွဲကာ အဆင်ပြေစွာအသုံးပြုနိုင်မည်ဖြစ်ပြီး ကာကွယ်ရေးအစီအမံများ၊ ဟန့်တားရေးဗျူဟာတို့နှင့်အတူ ပြောင်းလွယ်၊ ပြင်လွယ်ရှိစွာ ပေါင်းစည်းလုပ်ဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

ယခုဝယ်ယူမှုတွင် လေ့ကျင့်သင်တန်းပေးရေး၊ စနစ်ကြံ့ခိုင်ထိန်းသိမ်းရေးပစ္စည်းများ၊ စနစ်ပေါင်းစည်းလုပ်ဆောင်ခြင်း၊ NATO အဖွဲ့၏ ပေါင်းစည်းလေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေးစနစ်နှင့် ချိတ်ဆက်လုပ်ဆောင်ခြင်းတို့ တစ်ပါတည်းပါဝင်လာမည်ဖြစ်သည်။

**Lithuania, US Ink $495 Million Deal for 8 HIMARS Rocket Launchers ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနှင့်တရုတ်(တိုင်ပေ)အတွက် စစ်ရေးအကူအညီပေးရန် အမေရိကန်အထက်လွှတ်တော်ခွင့်ပြု



ယူကရိန်းနှင့် တရုတ်(တိုင်ပေ)အတွက် ၂၀၂၃ ခုနှစ်တွင် စစ်ရေးအကူအညီပေးရေး ကာကွယ်ရေးအသုံးစရိတ်များထဲမှ အမေရိကန်ဒေါ်လာ ၈၅၈ ဘီလီယံ အသုံးပြုရန် အမေရိကန်အထက်လွှတ်တော်က ခွင့်ပြုပေးလိုက်ပြီဖြစ်သည်။

၈၃-၁၁ မဲဖြင့် စစ်ရေးအကူအညီပေးရန် အတည်ပြုနိုင်ခဲ့ပြီး အမျိုးသားကာကွယ်ရေးဥပဒေ(NDAA) သည် ၂၀၂၇ ခုနှစ်ထိ တရုတ်(တိုင်ပေ)ကို နှစ်စဉ်စစ်ရေးအကူအညီ အမေရိကန်ဒေါ်လာနှစ်ဘီလီယံ ပံ့ပိုးသွားမည်ဖြစ်သည်။

ယူကရိန်းအတွက် နောက်ထပ် လုံခြုံရေးအကူအညီ အမေရိကန်ဒေါ်လာ သန်း ၈၀၀ ကိုလည်း အမေရိကန်လွှတ်တော်အမတ်များက ခွင့်ပြုခဲ့သည်။

အမေရိကန်သည် တရုတ်နိုင်ငံနှင့် တင်းမာမှုများဖြစ်ပေါ်နေသော တရုတ်(တိုင်ပေ)အတွက် စစ်ဘက်အကူအညီပေးခြင်းသည် ၎င်းနိုင်ငံ၏ ကာကွယ်ရေးစွမ်းဆောင်ရည်များကို အဆင့်မြှင့်တင်ပေးရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ NDAA သည် ခဲယမ်းများကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖိုးထိ ဒေသတွင်းအရေးပေါ်သိုလှောင်မှု၊ ထပ်တိုးမှုနှင့်ပံ့ပိုးမှုအတွက် တိုးမြှင့်ခွင့်ပြုပေးထားကြောင်း တရုတ်(တိုင်ပေ)သတင်းဌာနက ဖော်ပြထားသည်။

"တရုတ်(တိုင်ပေ)ရဲ့ ဒီမိုကရေစီဟာ ကျွန်တော်တို့ရဲ့ အင်ဒို-ပစိဖိတ်မဟာဗျူဟာအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ဖြစ်နေပြီး တရုတ်(တိုင်ပေ)ပြည်သူတွေအပေါ် ကျွန်တော်တို့ ကတိကဝတ်တွေရဲ့နက်နဲမှုနဲ့ခိုင်ခံ့မှုက အရင်ကထက် ပိုအားကောင်းနေပါတယ်"ဟု အထက်လွှတ်တော် နိုင်ငံခြား ဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Bob Menendez က ပြောကြားခဲ့သည်။

တရုတ်(တိုင်ပေ)အစိုးရသည် အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံထိ စစ်လက်နက်တင်ပို့မှုများနှောင့်နှေးမှုနှင့် ရင်ဆိုင်နေရကြောင်း အတည်ပြုခဲ့သည်။

ယူကရိန်းအတွက် နောက်ထပ်အကူအညီက အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ တောင်းဆိုချက်ကြောင့် ယခုနှစ်အစောပိုင်းမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ တိုးလာသည်ကို တွေ့ရသည်။

"ဒီအရေးပါတဲ့ရန်ပုံငွေရရှိဖို့ ကွန်ဂရက်လွှတ်တော်မှာ ကြိုးပမ်းဆောင်ရွက်ခဲ့ရတာကို ဂုဏ်ယူမိပါတယ်။ သာယာဝပြောပြီး အမှီအခိုကင်းတဲ့ အနာဂတ်အတွက် ယူကရိန်းနိုင်ငံနဲ့အတူ အမေရိကန်နိုင်ငံအနေနဲ့ ရပ်တည်နိုင်ဖို့တိုက်ပွဲဝင်နေပြီး တတ်နိုင်သမျှ ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု ပြောကြားခဲ့သည်။

**US Senate OKs $858 Billion Defense Act With Billions in Taiwan, Ukraine Aid ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကျုံပျော်မြို့နယ်တွင် နွေစပါးစိုက်ပျိုးရာသီ၌ စပါး ၁၈၄၃၇ ဧက လျာထားစိုက်ပျိုးမည်



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ကျုံပျော် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျုံပျော်မြို့နယ်တွင် လာမည့်နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး ၁၈၄၃၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

ကျုံပျော်မြို့နယ်တွင် လာမည့်နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါး လျာထားချက် ၁၈၄၃၇ ဧကကို လာမည့် ဇန်နဝါရီလတွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများ လျာထားချက်အတိုင်း စိုက်ပျိုးနိုင်ရန်အတွက် လိုအပ်သည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးနေကြောင်း သိရသည်။

"လာမဲ့နွေစပါးစိုက်ပျိုးရာသီမှာ နွေစပါး ၁၈၄၃၇ ဧက ထိလျာထားစိုက်ပျိုးသွားမှာဖြစ်ပါတယ်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ နွေစပါးတွေကို လျာထားချက်အတိုင်း အဆင်ပြေပြေစိုက်ပျိုးနိုင်ဖို့အတွက် မိုးစပါးတွေ ပြန်လည်ရိတ်သိမ်းပြီးချိန်ကစတင်ပြီးတော့ ပိုးမွှားရောဂါကာကွယ်ရေးလုပ်ငန်းနဲ့ စိုက်ပျိုးရေးနည်းပညာပေး လုပ်ငန်းတွေကို ကြိုတင်လုပ်ဆောင်ပေးနေပါတယ်။ ရေရရှိဖို့နဲ့ ရေမြောင်းတွေပြန်လည်တူးဖော်တဲ့ လုပ်ငန်းတွေကိုလဲ တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ ဒါ့ပြင် ဓာတ်မြေဩဇာနဲ့ အခြားလိုအပ်တာတွေကိုလဲ သက်ဆိုင်ရာဌာနတွေနဲ့ ချိတ်ဆက်ကူညီပေးထားပါတယ်" ဟု ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်က ပြောပြသည်။

ကျုံပျော်မြို့နယ်တွင် နွေစပါးကို ရက် ၉၀၊ သီးထပ်ရင်၊ နှစ်လခွဲ စသည့်စပါးအမျိုးအစားများ အများဆုံး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများ ဖြစ်ထွန်းအောင်မြင်စေရန်၊ စပါးအရည်အသွေး ကောင်းမွန်စေရန်၊ စပါးအထွက်နှုန်း ကောင်းမွန်စေရန်၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရန်၊ ရွှေခရုအန္တရာယ်ကာကွယ်စေရန် စသည့်အသိပညာပေးလုပ်ငန်းများကို စပါးများပြန်လည်ရိတ်သိမ်းချိန်ထိ နည်းပညာများ ဆက်လက် ပို့ချပေးသွားမည်ဖြစ်ကြောင်း ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ကျော်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ပခုက္ကူမြို့နယ် ကျွန်းညို(ရွာသစ်)ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ပခုက္ကူ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်း (CFW)ဖြင့် ကျွန်းညို(ရွာသစ်)ကျေးရွာ၌ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်၊ ပခုက္ကူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးသန့်ဇင်ထွန်းနှင့်ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကျွန်းညို(ရွာသစ်)ကျေးရွာ၌ မြေနီကျောက်စရစ်လမ်းခင်းခြင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဇော်လင်းနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များကို မြေနီကျောက်စရစ်လမ်း ရေရှည်တည်တံ့ခိုင်မြဲစွာအသုံးပြုနိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားခဲ့သည်။



ပခုက္ကူမြို့နယ် ကျွန်းညို(ရွာသစ်)ကျေးရွာတွင် CFW စီမံကိန်းရန်ပုံငွေကျပ်သိန်း ၁၀၀ ဖြင့် အရှည်ပေ ၂၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးရွာတွင်း မြေနီကျောက်စရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှဝန်ထမ်းများက နည်းပညာများ ပံ့ပိုးကာ အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် စက်တင်ဘာလတတိယပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သောကြောင့် ကျွန်းညို(ရွာသစ်)ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့် အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းများလုပ်ကိုင်ရာတွင် ရာသီမရွေးသွားလာရ လွယ်ကူလာပြီဖြစ်ကြောင်း သိရသည်။

**နွံ့ယဉ်**

# မိုးမိတ်မြို့နယ် မိုးကောင်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးမိတ် ဒီဇင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပဒါန်းကျေးရွာအုပ်စု မိုးကောင်းဦးကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြား မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များက မိုးကောင်းဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ဆဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၃၂၂ ဒသမ ၉ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၆၈ ဒသမ ၂ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၅ ဦးကို ငွေကျပ် ၇၃ ဒသမ ၃ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၃၅ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၆၆၄ ဒသမ ၄ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



**နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်**

**အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို**

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၂-၁၂-၂၀၂၂

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၅၁၀၀၀၀ |
| **(ဖွဲ့ထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုပေါ်ဆန်းကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| နွေဧယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၆၃၀၀/၆၈၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၅၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၄၃၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၁၈၅၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၁၉၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၀၄၀ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲကျင်းပ






**နေပြည်တော် ဒီဇင်ဘာ ၂၂**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်၏ ကြယ်လေးများရဲ့ အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC II)၌ ကျင်းပသည်။

အဆိုပါသီဆိုဖျော်ဖြေပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ ဦးရွှေကြိမ်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် လေထီးခုန်ဂုဏ်ပြုကြမည့် လေထီးခုန်စစ်သည်များနှင့် စစ်သမီးများ၊ စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် စာလုံးသရုပ်ဖော်ကြမည့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ဖျော်ဖြေတင်ဆက်မှုမှာ ရင်ခွင်မဲ့ကလေးများအတွက် စီစဉ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ရင်ခွင်မဲ့ကလေးများကို စာနာနားလည်စွာ ကူညီဖေးမသင့်ပါကြောင်း၊ ယနေ့တွင် အသက်လေးနှစ်မှ၂၀ နှစ်ကျော်အရွယ်ထိ ရင်ခွင်မဲ့ကလေးများက မြန်မာပြည်သိန်းတန်နှင့်အတူ ပါဝင်ဖျော်ဖြေတင်ဆက်မည့်အစီအစဉ်လည်းပါဝင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က ရတနာပုံ၊ အောင်စေတည်စေညီစေ၊ လွတ်လပ်ရေးတေးသံ၊ ပြောင်းလဲနေသောရွာကလေး၊ ယောသူတို့ရွာ+မဇေဒါ သီချင်းတို့ဖြင့်သီဆိုဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲကို ကျင်းပရာ ရင်ခွင်မဲ့ကလေးများအတွက် နွေးထွေးသော ကမ်းလက်များဖောင်ဒေးရှင်း၊ ရွှေသံလွင်မီဒီယာ ကုမ္ပဏီလီမိတက်နှင့် စေတနာရှင်အလှူရှင်တစ်ဦးတို့က ငွေကျပ်သိန်း ၁၀၀ စီ၊ ဦးလှစိုးဦး-ဒေါ်သန်းသန်း (သာယာကြည်နူးဖွယ် ကျောက်မျက်ကုမ္ပဏီလီမိတက်)က ငွေကျပ် သိန်း ၁၅၀၊ ဦးအောင်မျိုးဝင်း-ဒေါ်မေသူဇာဝင်း(May Thu 27) အိမ်ခြံမြေရောင်းဝယ်ရေးက ငွေကျပ်သိန်း ၃၀ တို့ကိုပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လက်ခံရယူပြီး ဂုဏ်ပြုလွှာများပြန်လည်ပေးအပ်သည်။

ဆက်လက်၍ မြန်မာပြည်သိန်းတန်နှင့်အဖွဲ့က စနေထောင့်မှာ ပန်းလျှမယ်၊ ရင်ခွင့်မဲ့ကလေး ၅၀ နှင့်အတူ ပူးပေါင်းတင်ဆက်သည့် ကြယ်စင်လေးများ၊ရွှေသုန္ဒရီ၊ ချစ်စိတ်ငယ်ငယ်၊ နှင်းပွင့်သစ္စာ၊ Uncle ကတော့နိုးပါ စသည့်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြရာ တက်ရောက်လာကြသူများက ပျော်ရွှင်စွာ အားပေးကြည့်ရှုကြသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရင်ခွင်မဲ့နေကြသော ရင်သွေးရတနာလေးများ၊ ဘဝအခြေအနေချို့တဲ့နေရှာသော ကလေးသူငယ်များ များစွာရှိနေရာ ၎င်းတို့ကိုစနစ်တကျပြုစုပျိုးထောင်၍ တန်ဖိုးရှိသော လူချွန်လူကောင်းများဖြစ်ပေါ်လာအောင် မေတ္တာဖြင့်ထုံမွမ်း၍ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

သို့အတွက် ယနေ့တွင် နိုင်ငံကျော်တေးသံရှင် မြန်မာပြည်သိန်းတန်က ရင်ခွင်မဲ့ကလေးများကို ကောင်းကင်တွင် တောက်ပမည့် ကြယ်ကလေးများအဖြစ် တင်စားကာ ကြယ်ကလေးများ၏အနာဂတ်ဟုအမည်တပ်၍ ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ပြီး ရင်ခွင်မဲ့ကလေးများအတွက် ယနေ့တွင် အလှူငွေကျပ် ၅၅၉ သိန်းကျော်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဒေသထွက်ကုန်များကိုအခြေခံသည့် တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

ကျေးလက်နေပြည်သူများ၏ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာရေးနှင့် ဒေသဖွံ့ဖြိုးမှုအရှိန် ကောင်းမွန်လာစေရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရေတာရှည်မြို့နယ် ပိတောက်ခင်ကျေးရွာအုပ်စုသဲကောကျေးရွာ မန်ကျည်းတောင်ကွင်း မြေသားရေကန် တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်း၊ နေရောင်ခြည်စွမ်းအင်သုံး ၅ ဒသမ ၄ ကီလိုဝပ် ဆိုလာစနစ်တပ်ဆင်ခြင်းနှင့် 3HP ရေပန့်တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ဒေသထွက်ကုန်များကို အခြေခံသည့် တန်ဖိုးမြင့်ကုန်ချောများထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာနှင့်ရေတင်စက်များ ရေရှည်အသုံးပြုနိုင်ရေး ဒေသနေပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန်လိုကြောင်း ပြောကြားပြီး နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်ရေတင်စက်ဖြင့် နွေစပါးနှင့် ၄က်ပျော စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပုလဲမြို့သစ်ရှိ စက်မှုဌာနခွဲယန္တရားအခြေစိုက်ရုံး(ရန်ကုန်)သို့ရောက်ရှိပြီး ယန္တရားများကြံ့ခိုင်မှုထိန်းသိမ်းရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အကျိုးရှိထိရောက်စွာ စွမ်းအားပြည့်အသုံးချနိုင်ရေးနှင့် ဝန်ထမ်းများ ကျွမ်းကျင်မှုမြင့်မားရေးလုပ်ငန်းများစီမံဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအားမှာကြားပြီး လုပ်ငန်းသုံးစက်ယန္တရားများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိဘပြည်သူများသို့ အသိပေးထုတ်ပြန်

၁။ မိဘပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)များကို အပိုကိုင်ဆောင်ခြင်းများရှိပါက သက်ဆိုင်ရာမြို့နယ်လဝကရုံးများသို့ သွားရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလကျော်လွန်ပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၂၀-၉-၂၀၂၂ ရက်တွင် နေ့စဉ်ထုတ်သတင်းစာနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့၌ ထုတ်လွှင့်ဖော်ပြအသိပေးကြေညာခဲ့ပါသည်။

၂။ အဆိုပါအသိပေးထုတ်ပြန်ချက်နှင့်ပတ်သက်၍ ၁-၁၀-၂၀၂၂ ရက်ထိဆောင်ရွက်နိုင်ကြောင်း ကြေညာထားသော်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်း (ပုံစံ-၆၆/၆) (အထစ)တစ်ခုထက်ပို၍ လက်ဝယ်ကိုင်ဆောင်ထားသူပြည်သူများ၏ ပညာရေးအောင်လက်မှတ်၊ ဘွဲ့လက်မှတ်များ၊ ဘဏ်ငွေစာရင်းများနှင့် စီးပွားရေးလုပ်ငန်းများ၊ အိမ်၊ ခြံ၊ မြေပိုင်ဆိုင်မှုများ၊ တယ်လီဖုန်း စသည့်ဆက်သွယ်ရေးလုပ်ငန်းများနှင့်သက်ဆိုင်နေသဖြင့် ပိုမိုသိရှိလာရောက်ဆောင်ရွက်နိုင်ရေးအတွက် ရက်သတ္တ နှစ်ပတ်တိုး၍ ၁၅-၁၁-၂၀၂၂ ရက်ထိ လာရောက်ဆောင်ရွက်နိုင်ရန် ၉-၁၁-၂၀၂၂ ရက်မှစ၍ နေ့စဉ်ထုတ်သတင်းစာများနှင့် နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့တွင် ထပ်မံအသိပေးထုတ်ပြန်ကြေညာခဲ့ပါသည်။

၃။ ယခုအခါ လာရောက်ဆောင်ရွက်ရမည့်ရက်သည် ၁၅-၁၁-၂၀၂၂ ရက်တွင်သတ်မှတ်ကာလပြည့်မြောက်ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံသားကတ်အပိုကိုင်ဆောင်ပြီး လာရောက်ဆက်သွယ်ဆောင်ရွက်ခြင်းမရှိသူများ၏ ယခင်ကိုင်ဆောင်ထားသည့် နိုင်ငံသားစိစစ်ရေးကတ်များကို ပယ်ဖျက်၍ နောက်ဆုံးထုတ်ယူခဲ့သော နိုင်ငံသားစိစစ်ရေးကတ်များကို အတည်ပြုပြီးဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေဖြင့် ပယ်ဖျက်ပြီးဖြစ်သည့် ယခင်နိုင်ငံသားစိစစ်ရေးကတ်ကို နီးစပ်ရာမြို့နယ်လဝကရုံးသို့ အပ်နှံကြပါရန်နှင့် အပ်နှံခြင်းမပြုဘဲ ဆက်လက်ကိုင်ဆောင်အသုံးပြုနေကြောင်း စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ ရန်ကုန်)၏ (၈၅)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် မိတ်ဆုံပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၂**



ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များရန်ကုန်)၏ (၈၅)ကြိမ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်မိတ်ဆုံပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် Recreation Center (RC) ခန်းမဆောင်၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ကရင်မောင်မယ်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပဲခူးရိုးမ တောင်ပေါ်ကရင်ရိုးရာအိုးစည်အကဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် စုပေါင်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါကြောင်း၊ ကရင်လူမျိုးများအနေဖြင့် ဘာသာကွဲပြားပါစေ၊ မျိုးနွယ်စုများမခွဲခြားဘဲ အဓိက မိမိတို့လူမျိုး၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးနှင့်ပတ်သက်ပြီး သားသမီးများကို ပညာအမွေပေးရန်လိုပါကြောင်း၊ စာပေပျောက်လျှင် လူမျိုးပပျောက်မည်ဖြစ်ပါကြောင်း၊ မိမိတို့ကရင်လူမျိုးနှင့် ကျန်တိုင်းရင်းသားမျိုးနွယ်စုများပါ ကမ္ဘာတည်သရွေ့ တည်ရှိနိုင်ရေးမှာ မွေးရာပါ သမိုင်းပေးတာဝန်ပင်ဖြစ်သည်ကို မမေ့ကြရန်လိုပါကြောင်း၊ မိမိတို့လူမျိုးစည်းလုံးမှုမှသည် တိုင်းရင်းသားမျိုးနွယ်စုများအားလုံး စည်းလုံးညီညွတ်မှုရအောင် တိုင်းရင်းသားများအားလုံး ဝိုင်းဝန်းဖော်ဆောင်ပြီး ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ပဲခူးရိုးမ တောင်ပေါ်ကရင် စောကီးဒိုက ကရင်ရိုးရာစောင်းဖြင့် တီးခတ်ဖျော်ဖြေပြီး ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်၊ ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ ရန်ကုန်)၏နာယကဆရာမကြီး နန့်ခင်အေးဦးနှင့် သမိုင်းဌာန ပါမောက္ခ ဒေါက်တာ နန်းလှိုင်တို့က မိတ်ဆုံပွဲအမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် ပညာရေးတက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက "အော်ဟူ အော်ဟောင်" ကရင်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ ပညာရေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသား စစည်သူဟိန်းက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (တက္ကသိုလ်များ ရန်ကုန်)သို့ ထောက်ပံ့ငွေများပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက တက္ကသိုလ်များမှ ဆရာ၊ ဆရာမများ၊ ကရင်မောင်မယ် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---


## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့်အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ဆင်းကတ်မှတ်ပုံတင်သည့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်၊ မမှန်စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက ၃၁-၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်၊ မမှန်စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT အတွက် *601# ၊ Atom အတွက် *979*3*3# ၊ Ooredoo အတွက် *666#၊ Mytel အတွက် *966# သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Applicationများနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**


---

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၆၅ | ၂၀၁၅ | ၂၀၀၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၃၅ | ၂၀၂၀ | ၂၀၀၀ | ၂၀၉၀ | ၂၀၀၅ | ၂၀၀၅ | ၂၀၁၅ | ၂၀၅၀ | ၂၀၅၀ | ၂၀၅၀ | ၂၂၇၀ | ၂၇၆၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၅ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၀ | ၂၁၇၅ | ၂၀၇၅ | ၂၀၉၀ | ၂၁၁၅ | ၂၁၁၅ | ၂၁၂၀ | ၂၃၄၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၄၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၄၅ | ၂၃၈၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၇၀ | ၂၄၈၅ | ၂၄၀၀ | ၂၃၇၅ | ၂၃၉၀ | ၂၄၂၀ | ၂၄၂၀ | ၂၄၂၅ | ၂၆၄၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၂၀ | ၂၄၆၅ | ၂၄၆၅ | ၂၄၂၅ | ၂၄၆၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၅၀ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၅ | ၂၄၇၀ | ၂၅၀၀ | ၂၅၀၀ | ၂၅၀၅ | ၂၇၂၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၆၉ | ၁၉၄၀ |
| 95 Ron | ၁၉၃၆ | ၂၀၀၈ |
| HSD (500 ppm) | ၂၂၃၅ | ၂၃၀၉ |
| HSD (50 ppm) | ၂၃၀၉ | ၂၃၈၄ |
| HSD (10 ppm) | ၂၃၀၉ | ၂၃၈၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# လေးလံသောသတ္တုညစ်ညမ်းမှုများအကြောင်း သိကောင်းစရာ

သံ၊ ဇင့်၊ ဆယ်လီနီယမ်၊ အိုင်အိုဒင်းကဲ့သို့သော ဒြပ်စင်များသည် သက်ရှိများအတွက် အရေးကြီးသော မရှိမဖြစ်လိုအပ်သည့်ဒြပ်စင်တချို့ ဖြစ်သော်လည်း လေးလံသောသတ္တုအများစုသည် ကျွန်ုပ်တို့၏ကျန်းမာရေးကို ထိခိုက်စေသည်။ ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်(UNEP)အရ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး ပြဿနာများပိုမိုဆိုးရွားလာသည်မှာ အီလက်ထရွန်နစ် စွန့်ပစ်ပစ္စည်းများ (e-waste) ကို စီမံခန့်ခွဲခြင်းမပြုဘဲ အထူးသဖြင့် အသုံးပြုပြီးသား ကွန်ပျူတာများနှင့် မိုဘိုင်းဖုန်းများကို အလွယ်တကူစွန့်ပစ်ခြင်းဖြစ်ပြီး ၎င်းစွန့်ပစ်ပစ္စည်းများတွင် သက်ရှိတို့အတွက် အဆိပ်အတောက်ဖြစ်စေသည့် အမျိုးမျိုးသောသတ္တုပစ္စည်း ပေါင်း ၁၀၀၀ ကျော် ပါဝင်သည်။

**လူသားများအပေါ်ဆိုးကျိုးသက်ရောက်မှု**

အဖြစ်အများဆုံး လေးလံသောသတ္တုညစ်ညမ်းမှုမှာ မာကျူရီ၊ ခဲနှင့် ကဒ်မီယမ်တို့ဖြစ်ပြီး ၎င်းတို့နှင့်ထိတွေ့ခြင်းမှ လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများစွာကို ဖြစ်စေသည်။ မာကျူရီနှင့်ထိတွေ့မှုသည် အသက်အရွယ်မရွေး လူသားတို့၏ ဦးနှောက်၊ နှလုံး၊ ကျောက်ကပ်၊ အဆုတ်နှင့် ခုခံအားစနစ်ကို ထိခိုက်နိုင်သည်။ ကလေးငယ်များတွင်ပိုပြီး အာရုံကြောစနစ်ကိုထိခိုက်နိုင်ပြီး ကလေး၏ စဉ်းစားတွေးခေါ်နိုင်မှုကိုယုတ်လျော့စေသည်။ အချို့သောလေ့လာမှုများတွင် Methylmercury သည် လူသားများ၌ ကင်ဆာဖြစ်စေနိုင်သည်ဟု ဆိုထားကြသည်။

အချို့သောငါးများတွင် မာကျူရီဟုခေါ်သော ပြဒါးဓာတ်များစုပုံနေတတ်ခြင်းသည် ၎င်းတို့ကို စားသုံးသောငါးနှင့် အခြားတိရစ္ဆာန်များကိုအန္တရာယ်ဖြစ်စေနိုင်သည်။ ၎င်းမာကျူရီဓာတ်များ ကြွယ်ဝနေသောငါးများကိုစားသောငှက်များနှင့် နို့တိုက်သတ္တဝါများသည် ရေနေဂေဟစနစ်တွင်နေထိုင်သော အခြားတိရစ္ဆာန်များထက် ပြဒါးနှင့်ထိတွေ့မှုပိုများသည်။ ပြဒါးသည် လေ့လာတွေ့ရှိချက်များထဲမှ ပတ်ဝန်းကျင်ညစ်ညမ်းမှုအများဆုံးတစ်ခုဖြစ်သည်။ စက်မှုခေတ်အစကတည်းကစ၍ မာကျူရီအဆင့်သည် သိသိသာသာမြင့်တက်လာပြီး ယခုအခါတွင် ပတ်ဝန်းကျင်နှင့် ကမ္ဘာတစ်ဝန်းရှိ အစားအစာများတွင်ပါရှိလာသည်ကို တွေ့ရသည်။

အမေရိကန်အခြေစိုက် Greenpeace ကုမ္ပဏီ၏ အဆိုအရ ညစ်ညမ်းသောပင်လယ်စာများကို စားသုံးခြင်းကြောင့် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ ၄၀၀၀၀ မှ ၈၀၀၀၀ ထိ ပြဒါးအဆိပ်သင့်ခြင်းကို ခံစားနေရသည်။ ထို့ပြင် ပြဒါးဓာတ်သည် တောရိုင်းတိရစ္ဆာန်များ၏ မျိုးပွားမှုနှုန်းကို လျော့ကျစေခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ ကြီးထွားမှုနှေးကွေးခြင်း၊ ဖွံ့ဖြိုးမှုနှေးကွေးခြင်း၊ ပုံမှန်မဟုတ်သောအပြုအမူဖြစ်ပေါ်စေခြင်းနှင့် သေဆုံးသည်ထိဖြစ်စေနိုင်သည်ကို တွေ့ရသည်။ ဝေလငါးနှင့် လင်းပိုင်များသည်လည်း ပြဒါးနှင့်ထိတွေ့နိုင်မှုနှုန်းမြင့်မားသော ရေနေသတ္တဝါများဖြစ်သည့်အတွက် အသက်အန္တရာယ်ဖြစ်နိုင်မှုနှုန်း မြင့်မားနိုင်သည်။ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းမှုသည် တိုးလာသောကြောင့် ပြဒါးထုတ်လွှတ်မှုသည် တိုးလာမည်ဟု UNEP က မျှော်လင့်ထားသည်။ သေးငယ်ပြီး ပူနွေးသောကန်များနှင့် ရေမြုပ်သောနေရာသစ်များသည် ပြဒါးဓာတ်များတိုးပွားလာကြောင်း ညွှန်ပြနေသောကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိနိုင်သည်။ ထို့ပြင် ကုလသမဂ္ဂ Atlas of the Oceans ၏ အဆိုအရ ငါးမန်းများ၊ ဓားငါးများ၊ မာလင်နှင့် တူနာငါးများအပါအဝင် ပင်လယ်စာထွက်ကုန်အများအပြားတွင် ပြဒါးဓာတ်ပါဝင်မှုမြင့်မားသည်ကို မကြာသေးမီကမှတ်တမ်းတင်ခဲ့သည်။ ထို့ကြောင့် အချို့နိုင်ငံများတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ပြဒါးဓာတ်ပါဝင်မှုမြင့်မားသော ပင်လယ်စာများစားသုံးမှုကို ရှောင်ကြဉ်ရန်သတိပေးထားသည်။

ခဲနှင့်ထိတွေ့ခြင်းမှ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများနှင့် ဖွံ့ဖြိုးတက်မှုအပေါ် သက်ရောက်မှုများကိုဆိုရလျှင် UNEP ၏အဆိုအရ လဒ်ဟုခေါ်သော ခဲဓာတ်နှင့်ထိတွေ့မှုသည် နည်းပါးသည့်တိုင် ကလေးများတွင် အာရုံကြောဖွံ့ဖြိုးမှုဆိုင်ရာ သက်ရောက်မှုများကို ဖြစ်စေနိုင်သည်။ အခြားအကျိုးသက်ရောက်မှုများအနေဖြင့် ဖော်ပြရမည်ဆိုလျှင် နှလုံးသွေးကြော၊ ကျောက်ကပ်၊ အစာအိမ်နှင့် အူလမ်းကြောင်း၊ သွေးနှင့် မျိုးပွားမှုဆိုင်ရာသက်ရောက်မှုများ ဖြစ်စေနိုင်သည်ဟု ဖော်ပြထားသည်။ ခဲဆိပ်သင့်မှုသည် အသက်ခြောက်နှစ်နှင့် ခြောက်နှစ်အောက် ကလေးများတွင် အန္တရာယ်အများဆုံးဖြစ်သည်ဟုလည်း UNEP က ဆိုထားသည်။ ပတ်ဝန်းကျင်ရှိ ခဲဓာတ်သည် သက်ရှိအများစုတွင် စုပုံနေတတ်ပြီး




အပင်များ၊ တိရစ္ဆာန်များနှင့် အဏုဇီဝများကို အဆိပ်သင့်စေသည်။ သေးငယ်လွန်းသောငါးများသည် အရွယ်ရောက်သောငါးနှင့် ဥများထက်ခဲဆိပ်သင့်နိုင်ခြေပိုများသည်။ ငါးများတွင် ခဲဆိပ်သင့်ပါက ကျောရိုးပုံသဏ္ဍာန်မမှန်ခြင်းမှ သေကျေပျက်စီးနိုင်သည်ထိ ဖြစ်စေနိုင်သည်။

Cadmium (ကဒ်မီယမ်)သည်လည်း လူကို အဆိပ်သင့်စေနိုင်ပြီး ၎င်းနှင့်ထိတွေ့မိပါက အဆုတ်ယားယံခြင်း၊ ကျောက်ကပ်ရောဂါ၊ အရိုးအားနည်းခြင်း၊ အဆုတ်၊ ဆီးကျိတ်နှင့် ကျောက်ကပ်ကင်ဆာတို့ကို ဖြစ်စေနိုင်သည်။ အစားအစာနှင့် စီးကရက်မီးခိုးများတွင် ကဒ်မီယမ်ပါဝင်ပြီး ၎င်းတို့သည် ယေဘုယျလူဦးရေအတွက် ကဒ်မီယမ်နှင့်ထိတွေ့မှု၏အကြီးမားဆုံးဖြစ်နိုင်ခြေ အရင်းအမြစ်များဖြစ်သည်။ UNEP အဆိုအရ ဆေးလိပ်မသောက်သူများတွင် ကဒ်မီယမ် အဆိပ်သင့်ရခြင်းမှာ အစားအစာကြောင့်ဖြစ်ပြီး အစားအစာဟုဆိုရာဝယ် ယေဘုယျအားဖြင့် စိုက်ပျိုးရေးသီးနှံများ (အထူးသဖြင့် ရေသွင်းစပါးများ)တွင် ပါဝင်တတ်သည်။ ထိုသို့အစားအစာကြောင့် ကဒ်မီယမ်အဆိပ်သင့်မှုသည် ၉၀ ရာခိုင်နှုန်းခန့်ရှိသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် ရေနေတိရစ္ဆာန်များဖြစ်သော ခရုနှင့် ပင်လယ်စာများကို စားသုံးမှုမြင့်မားသူများတွင် ကဒ်မီယမ်ဓာတ်ပိုများနိုင်သည်။ ကဒ်မီယမ်သည် အပင်များ၊ တိရစ္ဆာန်များနှင့် အဏုဇီဝသက်ရှိများအတွက်လည်း အဆိပ်သင့်သည်။ ကဒ်မီယမ်သည် အပင်ကြီးထွားမှုနှုန်းကို ကျဆင်းစေပြီး သေဆုံးသည်ထိ ဖြစ်စေနိုင်သည်။

ဖွံ့ဖြိုးဆဲနိုင်ငံတချို့၌ ကဒ်မီယမ်ကို မြစ်များနှင့် မြေဆီလွှာများတွင် စွန့်ပစ်ခြင်းသည် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာအန္တရာယ်များကို ဖြစ်ပေါ်စေသည့်အပြင် လူဦးရေ ၂၅၀၀၀ မှ ၅၀၀၀၀ ခန့်ထိ ကဒ်မီယမ်ထိတွေ့မှုကြောင့် ကျောက်ကပ်ဆိုင်ရာ ရောဂါဝေဒနာများကို ခံစားနေကြရသည်။ စိုက်ပျိုးရေးမြေများတွင် ကဒ်မီယမ် စိမ့်ဝင်မှုသည် ဖော့စဖိတ်ဓာတ်မြေဩဇာများနှင့် မိလ္လာအညစ်အကြေးများမှတစ်ဆင့် ဖြစ်ပွားခြင်းဖြစ်ကြောင်း တွေ့ရသည်။

ထို့ပြင် သတ္တုများအားလုံးသည် အချင်းနှင့်မိခင်နို့မှတစ်ဆင့်ဖြတ်သန်းကာ သန္ဓေသားသို့ရောက်ရှိနိုင်သောကြောင့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအတွက် အထူးစိုးရိမ်စရာဖြစ်သည်။ ခဲ၊ အာဆင်းနစ်၊ ကဒ်မီယမ်နှင့် ပြဒါးကဲ့သို့သောအရာများသည် စက်မှုလုပ်ငန်းများ၏ လုပ်ငန်းစဉ်များမှတစ်ဆင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့မှ ထွက်ပေါ်လာသော ရေ သို့မဟုတ် လေထဲတွင်မြင့်မားစွာပါဝင်နေသည့်အတွက် လူသားတို့၏ခန္ဓာကိုယ်သို့ အလွယ်တကူရောက်ရှိလာနိုင်သည်။

**လေးလံသောသတ္တုများနှင့် ထိတွေ့နိုင်ခြေကို လျှော့ချခြင်း**

လူ့လုပ်ရပ်များမှုကြောင့် ပတ်ဝန်းကျင်တွင် လေးလံသောသတ္တုများ တိုးပွားလာစေသည်။ ရလဒ်အနေဖြင့် လူသားများသာမက ကုန်းမြေနှင့် ပင်လယ်သတ္တဝါအားလုံးအတွက် သတ္တုအကြီးစားထိတွေ့မှုအန္တရာယ်များလည်း တိုးလာခဲ့သည်။ ကျွန်ုပ်တို့၏ နေ့စဉ်ဘဝတွင် လေးလံသောသတ္တုများကို ရှောင်လွှဲရန်မှာ ခက်ခဲသော်လည်း ထိုအန္တရာယ်ရှိသောအရာများနှင့် ထိတွေ့ခြင်းကို ရှောင်ရန်နည်းလမ်းတချို့ကို ဖော်ပြသွားမည်။

**တောတွင်းရှိ မှိုရိုင်းများကို သတိဖြင့်စားသုံးခြင်း**

မှိုများသည် မြေဆီလွှာတွင်စုပုံနေသည့် လေးလံသောသတ္တုများကို သိုလှောင်သိမ်းဆည်းထားတတ်သည်။ မှိုရိုင်းများတွင် ကဒ်မီယမ်ပမာဏ မြင့်မားစွာ ပါဝင်နိုင်သည့်အပြင် ခဲ သို့မဟုတ် ပြဒါးဓာတ်များလည်း မြင့်မားစွာပါဝင်နိုင်သည်။ ထို့ကြောင့် ချက်ပြုတ်ခြင်း သို့မဟုတ် စားသုံးခြင်းမပြုမီ မှိုများ၏ အပြင်ဘက်အခွံများကို ဖယ်ရှားရန်လိုသည်။

**အလူမီနီယမ်ပါဝင်သောအလှကုန်များကို ရှောင်ကြဉ်ခြင်း**

ခဲ၊ ကဒ်မီယမ်၊ ပြဒါးနှင့် အလူမီနီယမ် စသည်တို့ကဲ့သို့ လေးလံသောသတ္တုများကို မိတ်ကပ်ပစ္စည်းများ၊ အသားအရေထိန်းပစ္စည်းများနှင့် လက်သည်းဆိုးဆေးများတွင် အလွယ်တကူ တွေ့ရှိနိုင်သည်။ အလှကုန်ထုတ်ကုန်များသည် အမျိုးသမီးများကို နေ့စဉ်နေ့တိုင်း သတ္တုဓာတ်များနှင့် အလွယ်တကူ ထိတွေ့စေနိုင်သည်။

အနံ့ဆိုးထွက် တားဆေးအများစုသည် ချွေးစေးများသော ခန္ဓာကိုယ်အနံ့ဆိုးများကို တားဆီးနိုင်သော်လည်း အလူမီနီယမ်ပါရှိသောကြောင့် ခန္ဓာကိုယ်ကို ခြောက်သွေ့စေပြီး အလူမီနီယမ်က ချွေးပေါက်များကို ပိတ်ဆို့စေသဖြင့် အရေပြားယားယံမှုကို ဖြစ်စေနိုင်သည်။ ထို့ပြင် ဒဏ်ရာရရှိထားသော အရေပြားမှတစ်ဆင့် (ဥပမာ-မှတ်ဆိတ်ရိတ်ရာတွင် ဓားရှခြင်း ဒဏ်ရာမှတစ်ဆင့်) ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက်နိုင်ပြီး ရင်သားကင်ဆာကဲ့သို့သော ပြင်းထန်သော ရောဂါများဖြစ်ပွားစေသည်။

**အလူမီနီယမ်ဘူးခွံများဖြင့် ထည့်ထားသောဖျော်ရည်များကို ရှောင်ကြဉ်ခြင်း**

အလူမီနီယမ်ဘူးများဖြင့် ထည့်ထားသောအဖျော်ယမကာဘူးများတွင် စက်မှုလုပ်ငန်းသုံး ဓာတု BPA ပါဝင်သည်။ လေ့လာမှုများအရ အလူမီနီယမ်ဘူးခွံများမှ အဖျော်ယမကာများကို သောက်သုံးသူများသည် နာရီအနည်းငယ်အတွင်း သွေးတိုးလာကြောင်း သိရသည်။

**အော်ဂဲနစ်အစားအစာများကို ဦးစားပေးစားသုံးသင့်ခြင်း**

အော်ဂဲနစ်စိုက်ပျိုးရေးတွင် ဓာတုပိုးသတ်ဆေးများအသုံးပြုခြင်းကို တားမြစ်ထားသောကြောင့် ရရှိလာသောအစားအစာများတွင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပိုမိုပါဝင်ပြီး အော်ဂဲနစ်အစားအစာတွင် ကဒ်မီယမ် ၆၈ ရာခိုင်နှုန်း လျော့နည်းသည်ကို တွေ့ရသည်။ ထို့ကြောင့် အော်ဂဲနစ်အစားအစာများကို အခြေခံ၍စားသုံးခြင်းသည် ကျန်းမာရေးနှင့် ညီညွတ်ပြီး ရေရှည်ကျန်းမာရေးအပေါ် ကောင်းသော အကျိုးသက်ရောက်မှုရှိသည်။ လေထဲတွင်ပါရှိသော အမှုန်အမွှားများသည် အစားအသောက်များတွင် ခဲကဲ့သို့သောအရာများကို စိမ့်ဝင်စေနိုင်သည်။ ထို့ကြောင့် အသီးအနှံများနှင့် ဟင်းသီးဟင်းရွက်များကို သေချာစွာဆေးကြောရန် ဘယ်သောအခါမျှ မမေ့ပါနှင့်။

**ပင်လယ်စာအလွန်အကျွံစားခြင်းကိုရှောင်ကြဉ်ခြင်း**

မာကျူရီကို အကောင်ကြီးငါးကြီးများတွင် အများအားဖြင့် တွေ့ရှိရသည်။ ပြဒါးညစ်ညမ်းမှုဖြစ်နိုင်ခြေ အရှိဆုံးငါးများတွင် တူနာငါး၊ မက်ကရယ်၊ မာလင်၊ ငါးမန်း၊ ဓားငါးနှင့် ကြွေစေ့ငါးများ ပါဝင်သည်။ ထို့ပြင် ၎င်းမျိုးစိတ်များသည် ၎င်းတို့၏ဘဝတစ်လျှောက်လုံး အခြားမျိုးစိတ်များထက် ပြဒါးဓာတ်ပိုမိုစုလာသည့်အတွက် ပြဒါးဓာတ်ကြွယ်ဝသော ငါးများဖြစ်ကာ ထိုကဲ့သို့သော ပင်လယ်စာများကို မျှတသောအစားအစာတစ်ခုအဖြစ် ရံဖန်ရံခါမှသာ စားသုံးသင့်သည်။

လေးလံသောသတ္တုများသည် ပုံမှန်အားဖြင့် သဘာဝတွင်ဖြစ်ပေါ်လေ့ရှိပြီး သက်ရှိများအတွက် မရှိမဖြစ်လိုအပ်သော်လည်း ရှိသင့်သည်ထက်ပိုရှိခြင်းကြောင့် အဆိပ်သင့်စေနိုင်သည်။ အာဆင်းနစ်၊ ကဒ်မီယမ်၊ ခရိုမီယမ်၊ ကြေးနီ၊ နီကယ်၊ ခဲနှင့် ပြဒါးတို့သည် ပတ်ဝန်းကျင်ကိုညစ်ညမ်းစေနိုင်သည့် အသုံးအများဆုံး လေးလံသောသတ္တုများဖြစ်သည်။ မာကျူရီ၊ ခဲနှင့် ကဒ်မီယမ်တို့သည် လေထုအတွင်းအကွာအဝေးများစွာကို သွားလာနိုင်စွမ်းရှိသောကြောင့် အလွန်စိုးရိမ်စရာဖြစ်သည်။ ထို့ကြောင့် လေးလံသောသတ္တုများ၏ရင်းမြစ်များထဲတွင် သတ္တုတူးဖော်ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ အရည်ကျိုစက်ရုံများ၊ ရေနံချက်စက်ရုံများ၊ ရေနံဓာတုစက်ရုံများ၊ ပိုးသတ်ဆေးထုတ်လုပ်သည့်စက်ရုံများ၊ ဓာတုဗေဒစက်မှုလုပ်ငန်း၊ မသန့်စင်ထားသော မိလ္လာအညစ်အကြေးများနှင့် သတ္တုပိုက်လိုင်းများ၊ ကျောက်မီးသွေးလောင်စာသုံးဓာတ်အားပေးစက်ရုံများမှထွက်ရှိသော စွန့်ပစ်ပစ္စည်းများကို စနစ်တကျစွန့်ပစ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့အတွက် ဘေးထွက်ဆိုးကျိုးဖြစ်နိုင်မှုကို ထိန်းနိုင်မည်ဖြစ်ကြောင်း ဗဟုသုတအနေဖြင့် ရေးသားအပ်ပါသည်။

**How to Avoid the Contamination of Heavy Metals? ကို ဘာသာပြန်ဆိုပါသည်။**

**မေဇင်ထွန်း**

# မြိတ်မြို့၌ ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲနှင့် ကတ်သလစ်ခရစ်ယာန် ပရဟိတဂေဟာသို့ ဆန်၊ ဆီ၊ ကြက်ဥနှင့် အလှူငွေများ ပေးအပ်လှူဒါန်း



တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင် နှင့် တာဝန်ရှိသူများက ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် မြိတ်ခရိုင် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီက ကြီးမှူးကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ခြင်းကို ဒီဇင်ဘာ ၂၁ ရက်ညနေပိုင်းတွင် မြိတ်မြို့ မြို့မအားကစားကွင်း၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိခဲ့သည့် အသင်းများကို တံခွန်စိုက်ဆုနှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့ပြင် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် မြိတ်မြို့ရှိ မြို့မအားကစားကွင်း၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကရင်အမျိုးသားနှစ်သစ်ကူးနေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးကပေးပို့သည့် သဝဏ်လွှာကို တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက ဖတ်ကြားခဲ့ပြီး တာဝန်ရှိသူများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဖြစ်ပေါ်လာပုံနှင့် ကျေးဇူးတင်စကားများ အသီးသီး ပြောကြားကြကာ ယဉ်ကျေးမှုအဖွဲ့များက ကရင်ရိုးရာ ဒုံးယိမ်းအက၊ တုတ်ထောက်အကနှင့် ကရင်အမျိုးသားတေးသီချင်းများ သီဆိုဖျော်ဖြေကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များနှင့် ဖိတ်ကြားထားသူများက မြိတ်မြို့ရှိ ကတ်သလစ်ခရစ်ယာန် ပရဟိတဂေဟာသို့ ဆန်၊ ဆီ၊ ကြက်ဥနှင့် အလှူငွေများ သွားရောက်လှူဒါန်းရာ ကတ်သလစ်သာသနာ ကျောင်းထိုင် ဘုန်းတော်ကြီး ဖာသာဘရူးနိုးဖိလစ်က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ပရဟိတဂေဟာ ကျောင်းသား၊ ကျောင်းသူများက ဓမ္မတေးသီချင်းများဖြင့် သီဆို၍ ဆုတောင်းမေတ္တာများ ပို့သခဲ့ကြကြောင်း သတင်းရရှိသည်။

# ပုသိမ်မြို့၌ (၈၅)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ကျင်းပပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဧရာဝတီတိုင်းဒေသကြီး (၈၅)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ယနေ့နံနက်ပိုင်းတွင် ပုသိမ်မြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပင်လုံခန်းမ၌ကျင်းပရာ အနောက်တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်နှင့် တာဝန်ရှိသူများ၊ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ခင်ဇော် (၈၅)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပြခန်းများကို ကြည့်ရှုစဉ်။

ဦးစွာ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး စောလင်းခယ်က ကရင်ရိုးရာ ဖားစည်ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့သည်။ ထို့နောက် ဒုတိယတိုင်းမှူးက နှုတ်ခွန်းဆက်အမှာစကားပြောကြားခဲ့သည်။ ၎င်းနောက် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ရေးရာဝန်ကြီးကပေးပို့သည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ဖတ်ကြားခဲ့ပြီး ဗုဒ္ဓဘာသာဘုန်းတော်ကြီး တစ်ပါးနှင့် ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးတို့က နှုတ်ခွန်းဆက်အမှာစကားများ အသီးသီးပြောကြားကြရာ တိုင်းဒေသကြီး ကရင်စာပေနှင့်ယဉ်ကျေးမှုကော်မတီမှ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်ပြခန်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# ဒီဇင်ဘာ ၂၂ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ငါးဦး တွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ဒီဇင်ဘာ ၂၁ ရက် ည ၈နာရီမှ ယနေ့ည ၈နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၉၉၈ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ငါးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၅၉၀ ဦး |
| သေဆုံးသူ | ၁၉၄၈၉ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၀၈၁၉၀ ဦး |

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေး လုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး ကို အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ် လာစေရေး။

# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်ကို ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG၊ CRPH **တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ** မိုင်းထောင်**ဖောက်ခွဲ**ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ပါသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ခဲ့ကြောင်း သတင်းရရှိသည်။

---

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) သဘောထားထုတ်ပြန်

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**
**အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း**
**သဘောထားထုတ်ပြန်ချက်**

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက်
(၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

၁။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းဘက်သို့ ပြေးဆွဲနေသည့် ချယ်ရီ(၂) ရေယာဉ်ကို အကြမ်းဖက်သမားအချို့က လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း ၁၇ ဦး မိုင်းစထိမှန်၍ ဒဏ်ရာများ ရရှိခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်ပြီး အပြစ်မဲ့ မိဘပြည်သူများ ထိခိုက်ဒဏ်ရာရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော အကြမ်းဖက်အဖွဲ့အစည်းကို မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

# မဘိမ်းမြို့နယ်၌ NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ကျောင်းပို့၊ ကျောင်းကြို မော်တော်ယာဉ်တစ်စီးကို ရီမုမိုင်းဖြင့် မိုင်းခွဲတိုက်ခိုက်

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများနေထိုင်ရာ မြို့၊ ကျေးရွာများအတွင်းသို့ လက်နက်ကြီး၊လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းမကြီးများပေါ်၌ မောင်းနှင်သွားလာနေသည့် မော်တော်ယာဉ်များကို မိုင်းခွဲတိုက်ခိုက်ခြင်း၊ လမ်းတံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့်အပြင် အေးချမ်းစွာ ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၂၁ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် ကချင်ပြည်နယ် မဘိမ်းမြို့နယ် ငါးအိုးကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ငါးအိုး)တွင် တက်ရောက်ပညာသင်ကြားနေသည့် ၁၀ တန်းစာမေးပွဲဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများကို ကြိုရန်ထွက်ခွာလာသည့် မော်တော်ယာဉ်တစ်စီးကို NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ရီမုမိုင်းဖြင့် မိုင်းခွဲတိုက်ခိုက်ခဲ့သည်။ အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် ငါးအိုးမြို့မဈေးအနီးသို့အရောက်၌ NUG၊ CRPH တို့၏လက်ဝေခံ PDFအမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ထပ်မံပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားများသည် ကျေးရွာ၏အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲခြင်း၊ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဖြစ်စဉ်နေရာအနီးရှိ အမျိုးသား တစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် သေဆုံးသူ၏ ရုပ်အလောင်းကို ၎င်း၏ မိသားစုထံသို့ ပို့ဆောင်ပေးပြီး ဒဏ်ရာရရှိသူများကို နယ်မြေခံတပ်ရင်းဆေးပေးခန်းသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် အကြမ်းဖက်လုပ်ရပ်များကျူးလွန်ခဲ့သည့် NUG၊ CRPH တို့၏လက်ဝေခံ PDFအမည်ခံအကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

➤ ➤ ➤

PDFအမည်ခံအကြမ်းဖက်သမားများ မိုင်းထောင်ဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် နေရာပြပုံ




# တရားမဝင် ဆင်းတုတော်များ၊ လုပ်ငန်းသုံးပစ္စည်းများ၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း(သီလဝါ)၌ တာဝန်ကျစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်နှင့်ကွဲလွဲစွာပါရှိလာသော Corrosion And Scale Inhibitor ကီလိုဂရမ် ၄၀၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၁၆၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဒီဇင်ဘာ ၂၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီ-ဘားအံ-ရန်ကုန်ကားလမ်း ဘုရားကြီးမြို့နယ် ရာဇမင်းဆီဆိုင်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော Air Filter များအပါအဝင် ကုန်စည်လေးမျိုး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၁၆၂၄၈ နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် တစ်စီးနှင့်နောက်တွဲယာဉ်တစ်တွဲ ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀ ကိုလည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိသော Cement Ceiling Board များ ကီလိုဂရမ် ၁၀၀၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၅၈၆၄ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၆၂၂၁၁၂ ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၁ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ သတ္တုတွင်းဦးစီးဌာန၏ ဓာတ်သတ္တုအသေးစားထုတ်လုပ်ရန်ခွင့်ပြုမိန့် သက်တမ်းကုန်ဆုံးနေသော စကျင်ဆင်းတုတော်များခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၀၀၀၀ နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်နှစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၅၅၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၌ လိုင်စင်မဲ့ ANBO 125 အမျိုးအစား မော်တော်ဆိုင်ကယ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၉ ရက်မှ ၂၁ ရက်ထိ ဖမ်းဆီးရမိမှု စုစုပေါင်း ၁၀ မှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၄၄၀၁၁၂ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**





**ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများကို ပစ်ခတ်ဖမ်းဆီးရမိခဲ့သည့် ရုပ်အလောင်းနှင့် လက်လုပ်မိုင်းများကို တွေ့ရစဉ်။**

☆ **ကျောဖုံးမှအဆက်**

တပ်ဖွဲ့ဝင်များသည် အကြမ်းဖက်မှုကိုမလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ကြန့်ဆိပ်ကျေးရွာ၏ မြောက်ဘက် မီတာ ၃၀၀ ခန့်အကွာ၌ စောင့်ဆိုင်းနေစဉ် ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တောင်ကြားကျေးရွာဘက်မှ ကြန့်ဆိပ်ကျေးရွာဘက်သို့ မောင်းနှင်လာသည့် Mishubishi အမျိုးအစားလိုင်စင်မဲ့ မော်တော်ယာဉ်ပေါ်၌ လက်နက်များကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမားများကို တွေ့ရှိရသဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားအမျိုးသား သုံးဦးကို ၁၂ ဗို့ သေနတ်တစ်လက်၊ ၎င်းကျည် ၁၄ တောင့်၊ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ်မိုင်းလေးလုံး၊ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီးတို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့သည်။

အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်လျက်ရှိသည့် NUG၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဒေသခံပြည်သူများက ရွံရှာမုန်းတီးလျက်ရှိကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အကြမ်းဖက်သမားများ၏ လှုပ်ရှားမှုသတင်းများရရှိပါက နီးစပ်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ရန်နှင့်ရပ်ရွာတည်ငြိမ်အေးချမ်းရေးအတွက် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးနိုင်ရန် တိုက်တွန်းထားကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

# မိုးခေါင်ရေရှားမှုအကျပ်အတည်းနှင့်ကြုံတွေ့နေရသည့် ကင်ညာနိုင်ငံပညာရေးကဏ္ဍအတွက် ကုလသမဂ္ဂပညာရေးဆိုင်ရာကမ္ဘာ့ရန်ပုံငွေအဖွဲ့က အမေရိကန်ဒေါ်လာနှစ်သန်း ပံ့ပိုးမည်



နိုင်ရိုဘီ ဒီဇင်ဘာ ၂၂

ကင်ညာနိုင်ငံ မိုးခေါင်ရေရှားမှုအကျပ်အတည်းကို တုံ့ပြန်မှုတစ်ခုအဖြစ် အမေရိကန်နိုင်ငံအခြေစိုက် ကုလသမဂ္ဂပညာရေးဆိုင်ရာ ကမ္ဘာ့ရန်ပုံငွေအဖွဲ့ (Education Cannot Wait-ECW) က ကင်ညာနိုင်ငံပညာရေးကဏ္ဍအတွက် အမေရိကန်ဒေါ်လာ နှစ်သန်း ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အဆိုပါအဖွဲ့က ဒီဇင်ဘာ ၂၁ ရက်က ကြေညာထားသည်ဟု Relief Web သတင်းဌာနက ယနေ့တွင်ရေးသားဖော်ပြထားသည်။

အဆိုပါပံ့ပိုးငွေများကို UNICEF နှင့် UNHCR တို့မှတစ်ဆင့် ပေးအပ်သွားမည်ဖြစ်ပြီး ကင်ညာနိုင်ငံရှိ စာသင်ကျောင်းများတွင် ဘေးကင်းသောရေများ ရရှိရေး၊ ကလေးသူငယ်များကို အကာအကွယ်ပေးရေး၊ သင်ထောက်ကူပစ္စည်းများဖြင့် ကလေးများပညာသင်ကြားခွင့်ရရှိရေး၊ ကလေးများ ကျောင်းပြန်တက်ရေးလှုပ်ရှားမှုနှင့် ဆရာများအတွက် ပံ့ပိုးကူညီမှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

"အာဖရိကဦးချိုဒေသမှာ ရာသီဥတုအကျပ်အတည်းကြောင့် နှစ်စဉ်ကျောင်းသား သန်း ၄၀ ရဲ့ ပညာရေးကိုထိခိုက်နေပါတယ်။ ကျောင်းသားတွေ ကျောင်းတက်ဖို့နဲ့ ရာသီဥတုအကျပ်အတည်းရဲ့ ဆိုးရွားတဲ့ သက်ရောက်မှုတွေကို တုံ့ပြန်ဖို့ ပညာရေးကဏ္ဍကို ပံ့ပိုးပေးသွားမှာပါ"ဟု ECW ၏ ဒါရိုက်တာ Yasmine Sherif က ပြောကြားခဲ့သည်။

နှစ်ပေါင်း ၄၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုကြောင့် ကင်ညာနိုင်ငံတွင် လူ ၄ ဒသမ ၃၅ သန်းသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများလိုအပ်နေပြီး ကျောင်းနေအရွယ်ကလေး ၁ ဒသမ ၅ သန်းခန့်သည် ကျောင်းထွက်ရမည့်အခြေအနေနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ AZH

# အင်ဒိုနီးရှားနိုင်ငံတွင် ရေကြီးရေလျှံမှုမှကာကွယ်ရန် ကမ္ဘာ့ဘဏ်က ကန်ဒေါ်လာ သန်း ၄၀၀ ပံ့ပိုးမည်

ဝါရှင်တန် ဒီဇင်ဘာ ၂၂

အင်ဒိုနီးရှားနိုင်ငံ မြို့ကြီးများတွင် ရေကြီးရေလျှံမှုများကြောင့် ခန့်မှန်းခြေ လူ ၆ ဒသမ ၃ သန်း၏ ပျက်စီးဆုံးရှုံးမှုများမှကာကွယ်ရေးအတွက် ကမ္ဘာ့ဘဏ်က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၄၀၀ အင်ဒိုနီးရှားအစိုးရကို ပံ့ပိုးရန် ဒီဇင်ဘာ ၂၀ ရက်က အတည်ပြုကြောင်း အဆိုပါဘဏ်က သတင်းထုတ်ပြန်ပေးခဲ့သည်ဟု Relief Web သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်က ရေးသားဖော်ပြထားသည်။

အဆိုပါပံ့ပိုးငွေဖြင့် အမျိုးသားရေဘေးဒဏ်ခံနိုင်ရည် စီမံခန့်ခွဲမှုပိုမိုအားကောင်းစေရန် အမျိုးသားရေဘေးဒဏ်ခံနိုင်ရေး စီမံကိန်းကို ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပြီး နိုင်ငံတော်အဆင့်နှင့် မြို့ပြများအဆင့် ရေလွှမ်းမိုးမှုအန္တရာယ်စီမံခန့်ခွဲရေးဆောင်ရွက်ပေးခြင်းဖြင့် မြို့များကို ရေလွှမ်းမိုးမှုအန္တရာယ်မှ လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံ လူဦးရေ၏ လေးပုံတစ်ပုံသည် အန္တရာယ်များသော ရေလွှမ်းမိုးမှုဇုန်များအတွင်း နေထိုင်ကြပြီး ၄၂ ဒသမ ၆ သန်းခန့်မှာ ဆင်းရဲကြကြောင်း၊ ၂၀၁၆ ခုနှစ်က West Nusa Tenggara ပြည်နယ် Bima မြို့တွင် ရေလွှမ်းမိုးမှုကြောင့် မြို့၏ သုံးပုံနှစ်ပုံကျော် ရှိသည့်လူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရပြီး အမေရိကန်ဒေါ်လာ ၆၅ သန်းကျော်ဆုံးရှုံးခဲ့ကာ ၂၀၂၁ ခုနှစ်က South Kalimantan ပြည်နယ် Banjainasin မြို့တွင် ရေလွှမ်းမိုးမှုကြောင့် လူတစ်သိန်းကျော်သေဆုံးပြီး အိမ်ခြေ ၃၅၀၀၀ ကျော် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် အနာဂတ်ရေကြီးရေလျှံမှုဖြစ်ရပ်များကို ပိုမိုကောင်းမွန်စွာ ကြိုတင်ပြင်ဆင်နိုင်မည်ဖြစ်ပြီး ပြည်သူ့လုပ်ငန်းနှင့် ပြည်သူ့အိမ်ရာဝန်ကြီးဌာန၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ရာ ရေလွှမ်းမိုးမှုစီမံခန့်ခွဲမှုဆိုင်ရာ လက်တွေ့အသိုက်အဝန်းကို တည်ဆောက်သွားရန်မျှော်လင့်ကြောင်း အင်ဒိုနီးရှားနှင့် တီမောလက်စ်တေနိုင်ငံဆိုင်ရာ ကမ္ဘာ့ဘဏ်ညွှန်ကြားရေးမှူး Satu Kahkonen က ပြောကြားခဲ့ကြောင်း သိရသည်။

ရေကြီးမှုအန္တရာယ်လျှော့ချရေးအတွက် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ခြင်းဖြင့် အဆိုပါစီမံကိန်းသည် အသက်ကယ်ဆယ်ရန်နှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုများကို ရှောင်ရှားရန်၊ မြို့ပြအရည်အသွေးကိုမြှင့်တင်ရန် ရည်ရွယ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ AZH

# အင်္ဂလန်နိုင်ငံ ဟောလ်စီးတီးမြို့တွင် ရေကြီးရေလျှံမှုကြောင့် အဓိကလမ်းမကြီးတချို့ ယာယီပိတ်ထားရ

လန်ဒန် ဒီဇင်ဘာ ၂၂

အင်္ဂလန်နိုင်ငံ ဟောလ်စီးတီးမြို့တွင် ဒီဇင်ဘာ ၂၁ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး အဓိကလမ်းမကြီးတချို့ ယာယီပိတ်ထားရကြောင်း ဟောလ်စီးတီးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Mirror သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ရေလွှမ်းမှုကြောင့် ယာယီပိတ်ထားရသော လမ်းမကြီးများမှာ ဘာရန်ရှိမီလမ်းမကြီး၊ ဟိုးဒါနက်စ်လမ်းမကြီးနှင့် ဆောက်ကုတ်လမ်းမကြီးတို့ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုသည် ဟောလ်စီးတီးမြို့အပြင် ယောက်ရှိုင်းယားအရှေ့ပိုင်းတွင်လည်းဖြစ်ပေါ်လာနိုင်ပြီး ယောက်ရှိုင်းယားအရှေ့ဘက်ပိုင်းတွင် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

"ရေကြီးရေလျှံမှုကြောင့် ဘာရန်ရှိမီလမ်းမကြီး၊ ဟိုးဒါနက်စ်လမ်းမကြီးနဲ့ ဆောက်ကုတ်လမ်းမကြီးတို့ကို ယာယီပိတ်ထားရပါတယ်။ ရေကြီးရေလျှံမှု အခြေအနေကလေ မိုးလေဝသအခြေအနေပေါ် မူတည်ပြီး အပြောင်းအလဲဖြစ်လာနိုင်တဲ့အတွက် ဒေသခံတွေအနေနဲ့မိုးလေဝသညွှန်ကြားရေးဦးစီးဌာနရဲ့ထုတ်ပြန်ချက်တွေကို စောင့်ကြည့်နားထွင်ထားဖို့တိုက်တွန်းလိုပါတယ်။ ကုန်းနိမ့်ပိုင်းဒေသတွေမှာ နေထိုင်တဲ့ ဒေသခံတွေအနေနဲ့ ပိုပြီးတော့သတိထားရမှာဖြစ်ပါတယ်။ မိုးရွာသွန်းမှုကြောင့် မြစ်ရေလျှံတက်မှု၊ ဒီရေမြင့်တက်လာမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအေဂျင်စီရဲ့ ရေကြီးရေလျှံမှု သတိပေးစနစ်ကနေလဲ ရေဘေးအန္တရာယ်နဲ့ပတ်သက်ပြီး အချိန်နဲ့တစ်ပြေးညီသတိပေးချက်ထုတ်ပြန်နေပါတယ်။ သတိပေးစနစ်ကလဲ ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေဖြစ်တဲ့ကာလအတွင်း အလိုအလျောက် သတိပေးစာတွေ ယာယီပေးပို့နေမှာဖြစ်ပါတယ်"ဟု ဟောလ်စီးတီးမြို့ အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



ရေဘေးအန္တရာယ်မှာ မိုးလေဝသအခြေအနေပေါ် မူတည်ပြီး အပြောင်းအလဲ ရှိလာနိုင်သည့်အတွက် ဒေသခံများကို ဟောလ်စီးတီးမိုးလေဝသညွှန်ကြားရေးဦးစီးဌာန၏ ထုတ်ပြန်ချက်များကိုစောင့်ကြည့်သွားရန် ဟောလ်စီးတီးမြို့ အာဏာပိုင်အဖွဲ့အစည်းက ညွှန်ကြားခဲ့သည်။ နိုင်းဆက်

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တရုတ်နိုင်ငံတွင် ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းမည်

ပေကျင်း ဒီဇင်ဘာ ၂၂

တရုတ်နိုင်ငံသည် အမေရိကန်နိုင်ငံနှင့်လက်တွဲကာ ရာသီဥတုဖောက်ပြန်မှုပြဿနာကို တိုက်ဖျက်ရန် သဘောတူညီချက်ရရှိထားပြီး တရုတ်နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် ကဏ္ဍများတွင်လည်း ဥပဒေသစ်များ ရေးဆွဲပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Morningstar သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်က ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံသည် ရာသီဥတုဖောက်ပြန်မှုထိန်းချုပ်ရေးအတွက် ရန်ပုံငွေ ဒုတိယအများဆုံးမတည်ထားသည့်နိုင်ငံဖြစ်ပြီး နိုင်ငံအတွင်း စိမ်းလန်းစိုပြည်မှုထိန်းချုပ်ရေးရန်ပုံငွေနှင့်ပတ်သက်၍ လက်ရှိကျင့်သုံးနေသည့်ဥပဒေများမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ကောင်းစွာထိရောက်ခြင်း မရှိ၍ ဥပဒေသစ်ကို ၂၀၂၃ ခုနှစ် အစောပိုင်းတွင် စတင်ပြဋ္ဌာန်းသွားရန်ပစ်မှတ်ထားနေကြောင်း တရုတ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ကိုက်ညီသည့် စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုပိုမိုလုပ်ဆောင်သွားရန် ပြင်ဆင်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံ၏ ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆိုင်ရာရန်ပုံငွေမှာ အမေရိကန်ဒေါ်လာ ၃၄ ဘီလီယံထိရှိကြောင်း အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းရေးကို တရုတ်နိုင်ငံပိုင်ဆိုင်မှုစီမံခန့်ခွဲမှုအဖွဲ့က(AMAC) ဦးဆောင်သွားမည်ဖြစ်ပြီး ရန်ပုံငွေ၏ ၆၀ ရာခိုင်နှုန်းကိုလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြု စီးပွားရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်ကြောင်း AMAC က ထုတ်ပြန်ခဲ့ကာ AMAC က ရေးဆွဲပြဋ္ဌာန်းသွားမည့် ဥပဒေသစ်များကို တရုတ်နိုင်ငံလုံခြုံရေးဆိုင်ရာ ဥပဒေပြုရေးကော်မရှင်(CSRC) က နောက်ဆုံးအတည်ပြုပေးမည်ဖြစ်သည်ဟု AMAC က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ နိုင်းဆက်

# ၂၀၂၃ ခုနှစ်တွင် လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်မည့်နိုင်ငံ များပြားလာဖွယ်ရှိ

ဝါရှင်တန် ဒီဇင်ဘာ ၂၂

ကမ္ဘာ့တစ်ဝန်းရာသီဥတုဖောက်ပြန်မှုအပြင် နိုင်ငံရေးပဋိပက္ခများကြောင့် ၂၀၂၃ ခုနှစ်တွင် လူသားချင်း စာနာထောက်ထားမှုအကူအညီများလိုအပ်လာမည့် နိုင်ငံအရေအတွက် များပြားလာဖွယ်ရှိနေကြောင်း အမေရိကန်နိုင်ငံ နယူးယောက်အခြေစိုက် နိုင်ငံတကာကယ်ဆယ်ရေးကော်မတီက ထုတ်ပြန်ခဲ့သည်ဟု The West သတင်းဌာနက ဒီဇင်ဘာ ၂၁ ရက်က ရေးသားဖော်ပြခဲ့သည်။

နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီက ၂၀၂၃ ခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုပြဿနာကြောင့် စားနပ်ရိက္ခာမလုံလောက်၍ အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်ရနိုင်သည့် လူဦးရေမြင့်မားလာမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအစီအစဉ်ဖြင့် အရေးပေါ်စောင့်ကြည့်သွားရမည့်နိုင်ငံများကိုစာရင်းပြုစုနေကြောင်း ထုတ်ပြန်ခဲ့သည်။


နိုင်ငံတကာကယ်ဆယ်ရေးကော်မတီကပြုစုနေသည့် စာရင်းတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် လူသားချင်းစာနာထောက်ထားမှုအကူအညီလိုအပ်မှု အမြင့်ဆုံးသောနိုင်ငံမှာ ဆိုမာလီယာနိုင်ငံ၊ အီသီယိုးပီးယားနိုင်ငံက ဒုတိယ၊ အာဖဂန်နစ္စတန်နိုင်ငံက တတိယနေရာတွင် ရပ်တည်နေပြီး အဆိုပါရပ်တည်မှုကို အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်နေရသည့် လူဦးရေပမာဏအပေါ် မူတည်၍ တွက်ချက်ခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာကယ်ဆယ်ရေးကော်မတီက ပြုစုထားသည့်စာရင်းတွင် ကွန်ဂိုနိုင်ငံ၊ ယီမင်နိုင်ငံ၊ ဆီးရီးယားနိုင်ငံ၊ တောင်ဆူဒန်နိုင်ငံ၊ ဘာကီနာဖာဆိုနိုင်ငံ၊ ဟေတီနိုင်ငံနှင့် ယူကရိန်းနိုင်ငံတို့ပါဝင်နေကြောင်း၊ ၂၀၂၃ ခုနှစ်အတွင်း ရာသီဥတုဖောက်ပြန်မှုပြဿနာ၊ နိုင်ငံရေးပဋိပက္ခပြဿနာများကြောင့်အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်ရဖွယ်ရှိသည့် နိုင်ငံပေါင်း ၂၀ ၌ နိုင်ငံ့လူဦးရေ ၈၀ ရာခိုင်နှုန်းမှာ အငတ်ဘေးဒုက္ခဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း နိုင်ငံတကာ ကယ်ဆယ်ရေးကော်မတီက သတိပေးချက်ထုတ်ပြန်ခဲ့သည်။ နိုင်းဆက်

0w Kw H @

# အချစ်စစ်သာမှန်ရင်

ရွှေညာ(ရွာတန်းရှည်)




(၁)

"ပန်းနု နင် တအားလှတာပဲနော်"

"နင် မနာလိုဖြစ်နေတယ်ပေါ့ ဟုတ်လားကိုဦး"

"မဖြစ်ပါဘူးဟာ သဝန်တိုရုံကလွဲလို့ပေါ့"

"ကိုဦးရယ် ဒီလိုစကားတွေမပြောပါနဲ့ဟာ ငါ မကြားချင်ဘူး။ ငါတို့နှစ်ယောက်က ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာ နင်လဲသိလျက်သားနဲ့"

"ငါနားလည်ပါတယ်ပန်းနုရယ်။ နင့်ကို ချစ်နေရရုံလေးတင်ပါ ဒါပေမဲ့"

"ဒါပေမဲ့လုပ်မနေနဲ့ နင်နားလည်ရင်ပြီးတာပဲ။ နင့်ကို အစ်ကိုအရင်းတစ်ယောက်လိုပဲ သံယောဇဉ်ထားနိုင်တာ။ ငါက အချစ်ဆိုတာကို အထင်မကြီးဘူးဟ။ အိမ်ထောင်တစ်ခုထူထောင်တယ်ဆိုတာ ငွေမရှိရင် ဘာမှလုပ်လို့မရဘူး။ ကဲ. . . ငါက နင့်ကိုလက်ထပ်ပါပြီတဲ့ ဘယ်မလဲမင်္ဂလာစရိတ်တို့ ဘာတို့။ လက်ထပ်ပြီးတော့ကော နေစရာအိမ်က ဘယ်မှာလဲ။ စားဖို့သောက်ဖို့ကကော ဘယ်ကရမှာလဲ။ ဘာလုပ်လုပ်ငွေရှိမှဟ"

"ဩော်. . . ပန်းနုရယ် နင်က စိတ်ကူးယဉ်ဆန်လိုက်တာ။ အဲဒီလိုသာဆို နင် ဒီတစ်သက်ယောကျ်ားမရတော့ဘူး"

"ဘာလဲ ငါကိုအထင်သေးတာလား ကိုဦး"

"မဟုတ်ပါဘူးဟာ လက်ထပ်ပြီးပြီးချင်း အဲဒီလိုထားနိုင်ဖို့ဆိုတာက တကယ့်ကျိကျိတက်ချမ်းသာနေတဲ့ သူဌေးသားမှ ဖြစ်နိုင်မှာပေါ့"

"အေးလေ ငါကလဲ အဲဒီလိုသူဌေးသားမျိုးကိုမှပဲ ပြန်ကြိုက်မှာပေါ့။ ဒါကြောင့်မို့လို့ ငါ့ကိုချစ်ပါတယ် ကြိုက်ပါတယ်လို့ ခဏခဏပြောမနေနဲ့။ အခုငါနဲ့တွဲနေတဲ့သူတွေက ပိုက်ဆံရှိသူဌေးသားတွေဟ။ စီးနေတဲ့ဆိုင်ကယ်တွေလဲကြည့်လိုက်အုံး အပေါစားတရုတ်ဘီးတွေမဟုတ်ဘူး"

"အေးပါ အေးပါ ပန်းနုရယ်၊ နင်ကံကောင်းပါစေလို့ ငါအမြဲဆုတောင်းနေမှာပါ။ ဒါပေမဲ့ ငါကတော့ နင့်ကို ထာဝရချစ်နေမှာပါ"

"ဟော ပြောပြန်ပြီလား ဒီအချစ်၊ နင့်မို့လို့သာ ငါ သည်းခံတာနော် ကိုဦး။ အခြားသူဆိုရင်ငါ ပါးရိုက်ပြီးပြီ"

ပန်းနုက သူပြောချင်တာပြောပြီး ကလေးတစ်ယောက်လို သွက်လက်ပေါ့ပါးစွာ ကျွန်တော့်ရှေ့ကထွက်ခွာသွားတယ်။ ကျွန်တော် ပန်းနုရဲ့ကျောပြင်လေးကိုကြည့်ပြီး သက်ပြင်းချလိုက်မိတယ်။ ပန်းနုက တက္ကသိုလ်ဒုတိယနှစ်ကျောင်းသူဖြစ်တယ်။ ကျွန်တော်က ဆိုင်ကယ်ပြင်ဆိုင်လေးဖွင့်ပြီး ဆိုင်ကယ်ပြင်စားနေရတဲ့သူ။ ကျွန်တော်လဲ ပန်းနုလို ကျောင်းဆက်တက်ဖို့ အခွင့်အရေးရခဲ့မယ်ဆိုရင် သူလိုပဲ ဒုတိယနှစ်လောက်ဖြစ်မယ်။ ပန်းနုနဲ့ ကျွန်တော်က သူငယ်ချင်းဆိုတာထက်မက ငယ်ပေါင်းတွေဖြစ်တယ်။ ပန်းနုတို့အိမ်နဲ့ ကျွန်တော်တို့အိမ်က အိမ်ချင်းကပ်လျက်။ ဒါကြောင့် ပန်းနုတို့မိသားစုအကြောင်းကို အူတွင်းချေးခါးကအစ ကျွန်တော်သိသလို ကျွန်တော်တို့မိသားစုအကြောင်းကိုလဲ ပန်းနုသိပါတယ်။ ကျွန်တော်တို့နှစ်ယောက်စလုံးက ဆင်းရဲတယ်။ ပန်းနုက စိတ်ကူးယဉ်သမားဖြစ်သလို စိတ်လဲပျော့ညံ့တယ်။ နောက်ပြီး အယုံလွယ်တတ်တယ်။ ပန်းနုမျက်နှာလေးတွေကလှတယ်။ နှာတံချွန်ချွန်မြမြလေးကလဲ တကယ်ချစ်စရာကောင်းတယ်။ စူးရှတောက်ပလွန်းတဲ့ မျက်ဝန်းနက်တွေကလဲ ကျွန်တော့်အတွက် ရင်ခုန်စရာဖြစ်ခဲ့တယ်။ ခန္ဓာကိုယ်အချိုးအစားက သွယ်သွယ်လျလျဆိုပေမဲ့ တင်းတင်းရင်းရင်းကျစ်ကျစ်လျစ်လျစ်ရှိတယ်။ ဒီလောက်လှတဲ့ ပန်းနုကို အစက ချစ်ရကောင်းမှန်းမသိခဲ့တာအမှန်ပါ။ ပန်းနုဆယ်တန်းအောင်ပြီး တက္ကသိုလ်စတက်ချိန်ရောက်မှ ပန်းနုကိုချစ်မိလာခဲ့တာ။ ကျွန်တော် ပန်းနုကို ချစ်ကြောင်းဖွင့်ပြောမိတဲ့အချိန်မှာတော့ နောက်ကျသွားခဲ့ပါပြီ။ ပန်းနုမှာချစ်သူရှိနေခဲ့ပြီတဲ့။ အဲဒီနေ့ညက တိတ်တခိုးငိုခဲ့ရတယ်။ အချစ်အတွက် ပထမဆုံးကျခဲ့ဖူးတဲ့မျက်ရည်ဆိုလဲ မမှားပါဘူး။

(၂)

ကျွန်တော့်ရဲ့ ဆိုင်ကယ်ပြင်ဆိုင်လေးက ရွှေဘိုမြို့ရဲ့ အရှေ့ဘက်ထွက်ရာ တက္ကသိုလ်လမ်းမကြီးဘေးက တမာပင်အောက်မှာရှိတယ်။ အဲဒီလမ်းမကြီးက တက္ကသိုလ်သွားရာလမ်းလဲဖြစ်သလို မြစ်ကြီးနားသွားတဲ့ဗျူဟာလမ်းမကြီးလဲဖြစ်တယ်။ လမ်းတစ်လျှောက်မှာ အစီအရီပေါက်ရောက်နေတဲ့ တမာပင်၊ ထနောင်းပင်၊ မန်ကျည်းပင်တန်းတွေက အညာသရုပ်ကို ဖော်ထုတ်ပြသနေတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ။ လမ်းရဲ့ညာဘက်မှာတော့ ရွှေဘိုထောင်ရှိပြီး ရွှေဘိုမြို့ရဲ့ အချက်အချာအကျဆုံးလမ်းလို့ဆိုကမမှားပါ။ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီတွေက နေ့ညအချိန်မရွေး ဖြတ်သန်းသွားလာနေကြလို့ ကျွန်တော့်ဆိုင်လေးက နေရာကောင်းဖြစ်သလို လူစည်ကားတဲ့နေရာလဲဖြစ်တယ်။ ဆိုင်ဖွင့်ထားတာ သုံးနှစ်လောက်ပဲရှိသေးပေမဲ့ ကျွန်တော့်ရဲ့ကျွမ်းကျင်မှု၊ စေတနာပါမှု၊ အချိန်မီပြီးအောင်လုပ်ပေးနိုင်မှုတွေကြောင့် တော်တော်အောင်မြင်တယ်လို့ဆိုရမှာဖြစ်တယ်။ လိုအပ်နေတာက ပစ္စည်းမစုံတာပဲဖြစ်တယ်။ ဒါကို ကျွန်တော်သိပေမဲ့ ဘယ်လိုမှမတတ်သာ။ အိတ်ပေါက်နဲ့ ဖားကောက်ရသလို ရသမျှပိုက်ဆံက မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းလိုက်ရတာချည်းပဲ။ ကျွန်တော်တို့မှာ မိသားစုလေးယောက်ပဲရှိတယ်။ အဖေက နာတာရှည်ရောဂါသည်၊ အမေကလဲ ပင်ပင်ပန်းပန်းမလုပ်နိုင်တဲ့ ခြေထောက်တစ်ဖက်ဆာနေတဲ့ ပိုလီယိုရောဂါသည်။ ညီမလေးသီတာက ကိုးတန်းဆိုတော့ အားလုံးက ကျွန်တော့်အပေါ်မှာပဲ မှီခိုနေရတာ။ ကျွန်တော် အတန်းပညာကို ရှစ်တန်းထိပဲ သင်ယူခဲ့ရပြီး အရွယ်နဲ့မမျှအောင် ရှာဖွေခဲ့ရတယ်။ ငယ်ငယ်ကတည်းက စီးပွားရေးဝါသနာပါတဲ့ကျွန်တော့်အတွက် ကိုယ်ပိုင်စီးပွားရေးလေးတစ်ခု ထူထောင်ချင်နေခဲ့တာကြာပါပြီ။ ဆရာဖြစ်သူ ကိုမြင့်နိုင်အကူအညီနဲ့ ဒီဆိုင်လေးကို ထူထောင်နိုင်ခဲ့တာပဲဖြစ်တယ်။

"ဆိုင်ကယ်ပြင်မလို့ဗျ"

"ဘာဖြစ်လို့လဲ"

"စက်ကနိုးမရတော့လို့ ပလတ်ကထင်တာပဲ။ ပလတ်အသစ်လဲကြည့်ချင်တယ်"

ကျွန်တော် ပလတ်ကိုဖြုတ်လိုက်ပြီး ဘူးအသစ်ကို ဖောက်လိုက်တယ်။ ကျောင်းသားနှစ်ယောက်ကတော့ ဝါးကုလားထိုင်မှာထိုင်ကာ ရောက်ရာပေါက်ရာစကားပြောနေရင်းက-

"အဲဒီ ဇော်ထွန်းဆိုတဲ့ကောင်က ရုပ်ကသာ ဘာမှမဟုတ်တာ ကောင်မလေးတွေနဲ့တော့ကြည်တယ်ဟ"

"အဲဒါ ငွေလေကွာ။ ငွေရှိရင် တွဲမဲ့သူရှိတာပဲ။ အခုခေတ်က ရုပ်ရှိဖို့မလိုဘူး"

"အခုတွဲနေတဲ့ ကောင်မလေးကလဲ မိုက်တယ်ဟ။ ဒုတိယနှစ်ကလို့ပြောတာပဲ နာမည်က ပန်းနုဆိုလား။ သူကလဲ မခေဘူးပဲ။ သူနဲ့တွဲနေတာ သုံး၊ လေးယောက်ရှိတယ်"

ဆိုင်ကယ်ပလတ်ကို ပြန်တပ်နေရင်းက ပန်းနုရဲ့ အကြောင်းကိုကြားလိုက်ရတယ်။ ပန်းနုတောင်ရည်းစားသုံး၊ လေးယောက်ရှိနေပါလားလို့ သိလိုက်ရတယ်။ ဘာပဲဖြစ်ဖြစ် ပန်းနုကောင်းစားမယ်ဆိုရင် ကျေနပ်ပါတယ်။ မစားရတဲ့အမဲကို သဲနဲ့ပက်တဲ့အောက်တန်းစားအလုပ်တော့ ကျွန်တော်မလုပ်ချင်ပါဘူး။ ကျွန်တော် ပလတ်လဲပြီး ဆိုင်ကယ်ကိုစက်နှိုးကြည့်လိုက်တယ်။ အိုကေသွားပြီဆိုမှ-

"ပလတ်တော့လဲပြီးသွားပြီ ဘာကျန်သေးလဲ"

"ချိန်းစပို့ကတ်လဲအုံးမယ်ဗျာ။ မြန်မြန်လေးနော် ကျောင်းနောက်ကျနေမှာစိုးလို့"

ကျွန်တော်ချိန်းစပို့ကတ်လဲဖို့ပြင်ဆင်နေလိုက်တယ်။

"ဟာ ဟိုမှာ ဟိုမှာ ဇော်ထွန်းတို့အတွဲ ကျောင်းမတက်ဘဲ ဘယ်သွားမလို့လဲမသိဘူး။ ဆိုင်ကယ်နောက်မှာ ကောင်မလေးတစ်ယောက်လဲပါလာတယ်"

"မူးသုံးခွဘက်သွားမှာပေါ့ကွာ"

မူးသုံးခွဆိုတာ သမီးရည်းစားတွေ ချိန်းတွေ့ရာနေရာဖြစ်တယ်။ ရိုင်းရိုင်းပြောရရင် မိန်းကလေးတွေရဲ့အပျိုစင်ဘဝအဆုံးသတ်ရာ သင်္ချိုင်းဖြစ်တယ်။ ကျွန်တော် ချိန်းစပို့ကတ်ကိုဖြုတ်ရင်း လမ်းမဘက်ကို လှည့်ကြည့်လိုက်မိတယ်။ ဟင် ပန်းနုပါလား။ ကျွန်တော် ရင်တွေပူသွားတယ်။

"ဟေ့ ပန်းနု ပန်းနုရေ ပန်းနု"

အော်ခေါ်လိုက်ပေမဲ့ ကျွန်တော့်အသံကို ပန်းနုတစ်ယောက်မကြားတော့ပါ။ ခါးကိုကျစ်ကျစ်ပါအောင်ဖက်ပြီး ဆိုင်ကယ်နောက်ကပါသွားတဲ့ပန်းနုရဲ့ အပြုံးကို မြင်လိုက်ရတော့ ကျွန်တော် ရင်ပွင့်ထွက်လုမတတ် ခံစားလိုက်ရပါတယ်။

(၃)

ကျွန်တော်အိမ်ပြန်ရောက်တော့ ည ရှစ်နာရီထိုးနေပြီ။ အဖေကအိပ်ရာထဲမှာ။ အမေက ဘုရားကန်တော့နေပြီး ညီမလေးကတော့ စာရေးနေပါတယ်။ ပန်းနုတို့အိမ်လှမ်းကြည့်တော့ လူကြီးတွေ တစ်ယောက်မှမတွေ့ရသလို ပန်းနုကိုလဲ မတွေ့ရပါ။ ပန်းနုရဲ့ အငယ်ဆုံးမောင်လေးနဲ့ ဟိုဘက်အိမ်ကကောင်လေးတစ်ယောက် အပြင်ထွက်ဆော့နေတာတွေ့ရတယ်။ စာရေးနေတဲ့ညီမလေးကို မေးလိုက်မိတယ်။

"ညီမလေး ဟိုဘက်အိမ်ကလူတွေလဲ မတွေ့ရပါလား"

"အစ်ကိုကြီး မသိသေးဘူးလား"

"ဘာဖြစ်လို့လဲ"

"မမပန်းနု ဆိုက်ကယ်မှောက်လို့တဲ့ ဦးတို့၊ အဒေါ်တို့ ဆေးရုံလိုက်သွားကြတယ်"

"ဘာ ပန်းနုဆိုင်ကယ်မှောက်လို့ဟုတ်လား။ ဘာဖြစ်သွားသေးလဲ"

ကျွန်တော်စိုးရိမ်တကြီးမေးမိတယ်။

"မမပန်းနုက အခုထိသတိမရသေးဘူးတဲ့။ မျက်နှာတစ်ခြမ်းကတော့ စုတ်ပြတ်သွားတယ်လို့ပြောနေကြတယ်။ နောက်ပြီး သွေးတွေကလဲအများကြီးထွက်နေတာတဲ့၊ ဆိုင်ကယ်မောင်းတဲ့သူကတော့ လက်ကျိုးသွားတယ်ပြောတာပဲ"

"ဆိုင်ကယ်က ဘယ်သူမောင်းတာလဲ"

"သူ့ရည်းစားတဲ့။ သူတို့ဆိုင်ကယ်မှောက်တယ်လဲကြားကော သူ့ရည်းစားကို သူ့မိဘတွေက တစ်ခါတည်းခေါ်သွားတယ်ပြောတာပဲ။ မမပန်းနုကိုတောင် အပြစ်ပြောပြီး ကြိမ်းမောင်းသွားသတဲ့"

အမေက ကျွန်တော်တို့မောင်နှမပြောသံကို ကြားရလို့ထင်ပါတယ်။ ဘုရားကန်တော့ရာကနေ အိမ်အပြင်ထွက်လာခဲ့တယ်။

"ဟုတ်တယ်သားရေ ဆေးရုံကိုလိုက်သွားလိုက်အုံး။ အမေလဲ ရင်တွေတုန်လို့ ထမင်းတောင်မစားနိုင်ဘူး။ ပန်းနုက တော်တော်ထိသွားတာ။ ဒီမှာမရရင် မန္တလေး ဆေးရုံသွားရမယ်လို့ ပြောနေကြတယ်"

"ဟုတ်ကဲ့အမေ သားလိုက်သွားလိုက်အုံးမယ်နော်"

"အေး အေး ဆိုင်ကယ်ကိုဂရုစိုက်မောင်းနော်သား မိုးကချုပ်နေပြီ"

"ဟုတ်ကဲ့ အမေ"

ကျွန်တော် ဆိုင်ကယ်ကိုအမြန်ထုတ်ပြီး ဆေးရုံကို ထွက်လာခဲ့တယ်။ ဆေးရုံရောက်တော့ ပန်းနုကိုမတွေ့ရတော့ပါ။ မန္တလေးကိုထွက်သွားကြပါပြီ။

စာမျက်နှာ ၂၅သို့ ➤

# ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ပြည်ပသို့ လယ်ယာထွက်ကုန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေအမေရိကန်ဒေါ်လာ ၂၄၇၂ သန်းရရှိ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနှင့် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းတို့ဖြင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ ကာလအတွင်း လယ်ယာထွက်ကုန်တင်ပို့မှုမှ ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၄၇၂ သန်း ရရှိထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြ၍ သိရသည်။

ပြီးခဲ့သည့် ၂၀၂၀ ခုနှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် မြန်မာ့လယ်ယာကဏ္ဍတွင် ထိခိုက်နစ်နာမှုများရှိခဲ့ကြောင်း၊ ယခုနှစ်မှစတင်၍ လယ်ယာလုပ်ငန်းများ ပြန်လည်လည်ပတ်လာပြီဖြစ်သည့်အတွက် ပြည်ပတင်ပို့မှုပမာဏလည်း ပြန်လည် မြင့်တက်လာသောကြောင့် ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၉ ရက်ထိ လယ်ယာထွက်ကုန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၂၄၇၂ သန်းရရှိခဲ့ကြောင်း သိရသည်။

"နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းနဲ့ ပင်လယ်ရေကြောင်း ကုန်သွယ်ရေးလမ်းကြောင်းအနေနဲ့ နောက်ဆုံးရရှိတဲ့ ကုန်သွယ်မှုစာရင်းအရ အခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်ကနေ ဒီဇင်ဘာ ၉ ရက်ထိ ကာလအတွင်း လယ်ယာထွက်ကုန်ပစ္စည်း ပြည်ပတင်ပို့မှုတန်ဖိုးက အမေရိကန်ဒေါ်လာ ၂၄၇၂ သန်း ရရှိခဲ့ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးထက်အောင်ဝင်းက ပြောပြသည်။

လယ်ယာထွက်ပစ္စည်းအုပ်စုများတွင် ဆန်၊ ဆန်ကွဲ၊ ပဲအမျိုးမျိုး၊ ပြောင်း၊ ရော်ဘာစိမ်းအပါအဝင် လယ်ယာကိုင်းကျွန်းထွက်ပစ္စည်းများပါဝင်ပြီး လယ်ယာထွက်ကုန်များကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများဖြင့်လည်းကောင်း၊ ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းများဖြင့်လည်းကောင်း တင်ပို့လျက်ရှိကြောင်း သိရသည်။

ASH

➤ စာမျက်နှာ ၂၄မှအဆက်

(၄)

ဒီနေ့ ပန်းနု ဆေးရုံကဆင်းရမဲ့နေ့ဆိုတော့ ကျွန်တော် ဆိုင်မသွားတော့ဘဲ ပန်းနုတို့ပြန်အလာကို စောင့်နေခဲ့တယ်။ ပန်းနုဆေးရုံတက်နေတာ တစ်လကျော်ခဲ့ပါပြီ။ ဖုန်းဆက်တော့ ပန်းနုကမကိုင်။ ပန်းနုအဖေ ဦးလေးစိန်နဲ့ပဲ စကားပြောခွင့်ရတယ်။ ပန်းနုအတွက် တအားစိုးရိမ်နေမိတယ်။ ပန်းနုရဲ့မျက်နှာလေးကို မတွေ့ရတာ တစ်လကျော်ခဲ့ပါပြီ။ သူ အားငယ်နေမလား။ ခွဲစိတ်ရတယ်ဆိုတော့ အဆင်မှပြေပါ့မလား။ ကျွန်တော့်ရင်မှာ သောကတွေက ထုနဲ့ထည်နဲ့ဝင်ရောက်နေမိတာအမှန်။ တစ်ခါတစ်ရံ အိပ်မပျော်တဲ့ရက်တွေမှာ အတွေးလွန်နေမိပြန်တယ်။ ပန်းနုနဲ့ ကျွန်တော်တို့ရဲ့ ငယ်ဘဝအကြောင်းတွေကိုပေါ့။ ပန်းနုက ပညာတတ်လဲဖြစ်ချင်တယ်။ ရုပ်လဲလှချင်ရှာတယ်။ သူယူတဲ့ယောကျ်ားက သူ့အပေါ်မှာ တအားချစ်ပြီး အားကိုးအားထားပြုနိုင်လောက်တဲ့ ငွေကြေးချမ်းသာသူလဲဖြစ်ရမယ်တဲ့။ ဒီစကားကိုတော့ သူအမြဲတမ်းကျွန်တော့်ကိုဖွင့်ပြောလေ့ရှိတယ်။ အဲဒီအချိန်က ပန်းနုကို ကျွန်တော် ဟားတိုက်ရယ်ပြခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်ပန်းနုကိုချစ်ခဲ့မိပြီးနောက်ပိုင်းမှာတော့ ပန်းနုပြောခဲ့တဲ့စကားတွေက ကျွန်တော့်အတွက် လိုအပ်ချက်တွေပါလားလို့ သိလာရတယ်။ ကျွန်တော် ပန်းနုကို တအားချစ်တယ်။ ပိုင်လဲပိုင်ဆိုင်ချင်တယ်။ ဒါပေမဲ့ ပန်းနုပြောစကားအရဆိုရင် ဘယ်လိုမှပိုင်ဆိုင်ဖို့ အခွင့်အလမ်းမရှိတော့တာသေချာပါတယ်။ ကျွန်တော့်ဘဝက စစ်မဖြစ်ခင်က မြှားကုန်ရတဲ့အဖြစ်မျိုးပါ။

"ကိုကို မမပန်းနုတို့ပြန်လာပြီ"

ညီမလေးရဲ့အော်သံကြောင့် အိမ်ရှေ့ကို ချက်ချင်းကြည့်လိုက်မိတယ်။

"ဟာ ပန်းနုတို့ပြန်လာပြီ"

ကျွန်တော် ပန်းနုတို့အိမ်ဘက်ကို ပြေးထွက်လာခဲ့တယ်။ ပန်းနုက မျက်နှာတစ်ခြမ်းကို လက်ကိုင်ပဝါလေးနဲ့အုပ်ကာ ကျွန်တော့်ကိုစိုက်ကြည့်နေရင်း မျက်ရည်လေးတွေဝိုင်းနေတယ်။

"ပန်းနု နင် သက်သာသွားပြီနော်။ ငါ တအားစိတ်ပူနေတာဟ"

ပန်းနုခေါင်းညိတ်အပြမှာ မျက်ရည်တွေက ပါးမို့မို့ပေါ်မှာတလိမ့်ချင်း စီးကျလာတယ်။ စီးကျလာတဲ့မျက်ရည်တွေကို လက်ကိုင်ပဝါနဲ့ သုတ်လိုက်တယ်။

"ဟာ ပန်းနု ပန်းနု နင့် နင့်မျက်နှာက တောက် ဖြစ်မှဖြစ်ရလေ ပန်းနုရယ်"

ကျွန်တော် ပန်းနုအတွက် ယူကျုံးမရဖြစ်မိတယ်။ တောက်ခေါက်ရုံကလွဲပြီး ဘာမှမတတ်နိုင်ပါဘူး။

"ကိုဦး ငါအရင်လိုမလှတော့ဘူးနော်"

အားမပါတဲ့ပန်းနုရဲ့အသံကတိမ်ဝင်သွားပါတယ်။ ဟုတ်ပါရဲ့။ မျက်နှာတစ်ခြမ်းလုံး ဒဏ်ရာတွေ၊ ချုပ်ရာတွေနဲ့ဆိုတော့ အင်မတန်အရုပ်ဆိုးအကျည်းတန်လွန်းတယ်။ မျက်ခုံးအထက်နားစမှာလဲ နှစ်လက်မလောက်ရှိတဲ့ဒဏ်ရာတစ်ခုက ပန်းနုရဲ့ နုနယ်ပျိုမျစ်လှပမှုကို ဖျက်ဆီးထားလိုက်သလိုပါပဲ။

"ပန်းနုရယ် နင် နင် တော်တော်ကံဆိုးတာပဲ"

ကျွန်တော့်စကားကြောင့် ပန်းနုမျက်နှာလေးက ချက်ချင်းညှိုးသွားသယောင်ယောင်။

"ဒါပေမဲ့ နင် နင် အရင်ကထက် ပိုလှလာတယ်ဟ"

ကျွန်တော် ပြောပြောဆိုဆို ပန်းနုရဲ့လက်ကလေးကို တင်းတင်းရင်းရင်း ဆုပ်ကိုင်လိုက်မိပါတော့တယ်။

(၅)

"တောင်းပန်ပါတယ် ကိုဦးရယ်။ ငါ အခုလိုဖြစ်ခဲ့ရတာ ဘယ်သူ့အပြစ်မှမဟုတ်ဘူး။ ငါ့အပြစ်တွေပါ။ အဲဒီနေ့က ပန်းမြိုင်အအေးဆိုင်မှာ အအေးသောက်မယ်ဆိုပြီး ဟိုကောင်ဇော်ထွန်း ငါ့ကိုခေါ်သွားတာ။ ပြီးမှ အအေးဆိုင်မဟုတ်ဘဲ မူးသုံးခွဘက်မှန်းသိရတာ"

ပန်းနုက အံကိုတင်းတင်းကျိတ်လိုက်တယ်။

အဲဒီကောင် ငါ့ကို ယုတ်မာတော့မယ်ဆိုတာသိလို့ ဆိုင်ကယ်ကို ချက်ချင်းရပ်ပေးဖို့ ငါတောင်းပန်ခဲ့တယ်။ ဒါပေမဲ့ သူရပ်မပေးခဲ့ဘူး။ ငါက သူ့ကို လူကောင်းတစ်ယောက်လို့ ယုံကြည်ထားတာဟ။ နောက်မှ ငါ့ကို ခွေးကျင့်ခွေးကြံ ကြံမယ်မှန်းသိရတာ။ ငါလဲ ဘာမှစဉ်းစားမနေတော့ဘူး။ သေချင်သေပါလေ့စေဆိုပြီး ဆိုင်ကယ်ကို ဆွဲလှည့်လိုက်တယ်။ အဲဒီမှာ ဆိုင်ကယ်မှောက်တာပဲ။ အသည်းပေါက်မတတ်ချစ်ပါတယ်လို့ ပြောခဲ့ကြတဲ့သူတွေ အခု ငါ့အနားမှာ တစ်ယောက်မှမရှိတော့ဘူး။ ဖုန်းလေးတောင်ခေါ်ပြီး သတင်းမေးဖော်၊ အားပေးဖော်မရကြတော့ဘူး"

ကြေကွဲမှု၊ နာကျင်မှုတွေနဲ့အတူ နောင်တတွေက ပန်းနုမျက်နှာပေါ် ထင်ဟပ်နေတာတွေ့ရပါတယ်။

"ဟိုးအရင်ကတော့ အရာရာကို ငွေရှိမှအဆင်ပြေတာလို့ ငါထင်ထားတာဟ။ ငွေကို တအားအထင်ကြီးခဲ့တာ။ ငွေနောက်ကို အရူးအမူးဖြစ်ပြီး ငါလိုက်ခဲ့တယ်။ နောက်ပြီး ငွေဆိုတာ ဒုတိယဘုရားသခင်လို့တောင် ထင်ထားခဲ့တာ၊ အခု ငါ့အတွက်တော့ ငွေဆိုတာ ဒုတိယမာရ်နတ်ပါပဲဟာ"

ကျွန်တော် ပန်းနုရဲ့လက်ကလေးကို ယုယကြင်နာစွာဆွဲယူလိုက်ပါတယ်။ ပန်းနုက အလိုက်တသင့် ကျွန်တော့်ရင်ခွင်ထဲကို ခေါင်းလေးတိုးဝှေကာ ငိုချလိုက်ပါတယ်။ ပန်းနုက ဝမ်းနည်းစွာ ရှိုက်ကြီးတငင်ငိုနေပေမဲ့ ကျွန်တော့်ရဲ့ပျော်ရွှင်မှုကတော့ ဖော်မပြနိုင်လောက်အောင်ပါပဲ။ ကျွန်တော် ပန်းနုရဲ့စိတ်ထားအမှန်ကို မြင်ခွင့်ရလိုက်ပါတယ်။ မိမိဘဝကို အသက်နဲ့လဲပြီး တန်ဖိုးထားတတ်တဲ့ပန်းနုလိုမိန်းကလေးမျိုးကို ပိုင်ဆိုင်ခွင့်ရတော့မှာမို့လို့လဲ တအားပျော်မိတယ်။ ငွေရယ်၊ ဘဝရယ်၊ အချစ်ဆိုတာရယ်ကို ကွဲကွဲပြားပြားခွဲခြားနိုင်တဲ့အသိဉာဏ်ရှိနေပြီဖြစ်တဲ့ ပန်းနုလိုမိန်းကလေးတစ်ယောက်ကို ကျွန်တော်တန်ဖိုးထားပြီးချစ်သွားမယ်လို့ စိတ်ထဲ၊ နှလုံးသားထဲမှာ အကြိမ်ကြိမ်သစ္စာပြုမိလိုက်ပါတယ်။ ကျွန်တော့်အတွက်တော့ ပန်းနုဟာ တခြားသူတွေဆီမှာ ဝေခဲ့တဲ့ ပန်းတစ်ပွင့်ဖြစ်ပေမဲ့ တန်ဖိုးရှိတဲ့ပန်းကလေးမို့လို့ ကျွန်တော်ရတဲ့အခါ သိပ်မြတ်နိုးရသလို အကြိမ်ကြိမ်ကြည်နူးမိပါတယ်။

## ချစ်ခြင်းခိုင်မြဲ

\- သူ့တိုင်းပြည်ကို ကိုယ့်တိုင်းပြည်မှတ်လို့
ကိုယ့်အရပ် ကိုယ်မခင်၊
ဝေးတစ်နယ် တိုင်းတစ်ပါး
ခိုနားဖို့ပြင်၊
ကိုယ့်အမျိုးတော့ ရှောင်လို့ကြဉ်
သူစိမ်းရင်ခွင် နေထိုင်သွား၊
ကိုယ့်စွမ်းအင် သူကထုတ်
သွေးစုပ်လို့ထား။

\- ကိုယ့်တိုင်းပြည် ကိုယ်မချစ်တော့
သူ့ကျွန်အဖြစ် နေရရှာ၊
ဇာတိမာန် ညှိုးငယ်ခြင်းနဲ့
ဆင်းရဲကြမှာ၊
အနိုင်ကျင့် ဆက်ဆံလာ
အထင်သေးစွာ ပြုမူကြ၊
သူ့ဝန်းကျင် ရေမြေခြားမှာ
ဖယ်ရှားခံရ။

\- ကိုယ့်ရပ်မြေ ကိုယ့်လူမျိုး
အလှတိုးဖို့ ဆောင်ရွက်အတူ၊
ကိုယ့်ဝန်းကျင် သာယာရေး
မြော်တွေးဝိုင်းကူ၊
ကိုယ့်ပြည်စခန်း မွေးနံ့ကြူ
လက်တွဲကြည်ဖြူ ဘယ်မခွဲ၊
ကိုယ့်တိုင်းပြည် ညီနောင်ရင်းတွေက
အိုကွယ်. . .
ချစ်ခြင်းခိုင်မြဲ။ ။

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

# ရွှေတောင်မြို့နယ် ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ရွှေတောင် ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေဖြင့် ရွာသစ်ကုန်းကျေးရွာနှင့် မကျီးအင်းကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူနှင့် ဝန်ထမ်းများက သက်ဆိုင်ရာကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ရွာသစ်ကုန်းကျေးရွာနှင့် မကျီးအင်းကျေးရွာတို့၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက သတ်မှတ်စံချိန်စံညွှန်းအတိုင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားခဲ့သည်။

ရွာသစ်ကုန်းကျေးရွာနှင့် မကျီးအင်းကျေးရွာတို့၌ ကွန်ကရစ်လမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေ ကျပ်သိန်း ၂၀၀ စီဖြင့် ကျေးလက်နေပြည်သူလူထုကိုယ်တိုင် နိုဝင်ဘာလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာနှစ်ရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်ကြောင်း ရွှေတောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသူထံမှ သိရသည်။

**အေးမြတ်**

ခရီးသွားဆောင်းပါး

# ရှာငံမြို့က ရေဖြူကန်

သက်နိုင်(ပြင်ဦးလွင်)

လေ့လာရေးခရီးစဉ်အဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ရှာငံမြို့နယ်ကိုရောက်ရှိနေကြပါပြီ။ ပထမဦးဆုံးအနေနဲ့ ရေဖြူကန်ဆိုတဲ့နေရာကို လာရောက်ကြတယ်။ ဒါပေမဲ့ ရေဖြူကန်ထိ မရောက်သေးဘဲ ကားဆက်ပြီးမောင်းလို့မရတော့တဲ့ တောစပ်နေရာတစ်ခုကို ရောက်လာကြတယ်။ လမ်းပြရဲ့ ပြောပြချက်အရ ဒီနေရာမှာ ကားထားခဲ့ပြီး တောတွင်းလမ်းအတိုင်း ဆက်လက်လမ်းလျှောက်ကြရမှာပါ။ တောတွင်းလမ်းဆိုပေမဲ့ စတင်လမ်းလျှောက်ကြတဲ့အခါ ပြက္ခဒိန်ရွှေတောင်လို၊ ပြဒါးလင်းဂူလမ်းခရီးမျိုးလို သစ်ပင်၊သစ်တောကြီးကြီးမားမား ထူထူထပ်ထပ်တွေမဟုတ်ဘဲ စိုက်လက်စ စိုက်ခင်းတွေ၊ စိုက်ပျိုးခြင်းမရှိတာကြာမြင့်နေပြီဖြစ်ပြီး ပေါင်းပင်မျိုးစုံရှင်သန်ပေါက်ရောက်နေတဲ့ စိုက်ခင်းဟောင်းတွေ၊ သစ်ပင်ချုံနွယ်တွေ ထူထပ်နေတဲ့ မြေလွတ်၊ မြေရိုင်းနေရာတွေကနေ လမ်းပြဦးဆောင်လျှောက်လှမ်းသွားတဲ့အတိုင်း နောက်ကနေ တန်းစီလိုက်ကြရတယ်။

လမ်းအခြေအနေက တစ်ယောက်ချင်းတန်းစီသွားလို့ရနိုင်တဲ့အဆင့်မျိုးလောက်ပဲဖြစ်ပြီး တချို့နေရာတွေမှာ ချုံတောတိုးရတာတွေ၊ သစ်ခက်၊ သစ်ကိုင်းတွေကို ကျော်ခွရှောင်ရှားသွားရတာတွေ၊ ခေါင်းငုံ့ပြီး သွားရောက်ရတာမျိုးတွေကို ကြုံတွေ့ကြရတယ်။ အချိန်ရာသီကာလက ဆောင်းဥတုနှင်းဖြိုင်ဖြိုင်ကျချိန် ရှမ်းပြည်နယ်အတွင်းဖြစ်နေတာကြောင့် မနက်စောစော နှင်းရည်၊ နှင်းငွေ့မခြောက်သေးတဲ့ တောတွင်းလမ်းထဲမှာ စိုစိုစွတ်စွတ်လျှောက်လှမ်းနေကြရတယ်။ ပြင်ဦးလွင်မြို့လို တောင်ပေါ်မြေဖြစ်နေတာကြောင့်လဲ ခရီးဖော်တွေအားလုံးကို ဒုက္ခပေးနေတာက ကပ်စေးနဲ့ဆူးတွေပါ။ဖိနပ်တွေနဲ့ ဘောင်းဘီ၊ လုံချည်တွေမှာ ကပ်စေးနဲ့ဆူးတွေ စိုက်ဝင်ကုန်တော့တယ်။ ဒါပေမဲ့ ဆူးတွေကို ဖယ်ရှားခြင်းမပြုနိုင်သေးဘဲ တစ်ယောက်နောက်ကနေတစ်ယောက် မျက်ခြည်မပြတ်အောင် အမီလိုက်နေကြရတယ်။

တောတွင်းလမ်းအတိုင်း လမ်းလျှောက်သွားနေကြရစဉ်အတွင်းမှာ အပျော်ဆုံး၊ အကြောက်ဆုံး၊ ရင်အခုန်ရဆုံးနေရာတွေက တောင်ကျချောင်းရေတွေအတွင်းကနေ ခက်ခက်ခဲခဲ ထိတ်ထိတ်လန့်လန့် ဖြတ်သန်းသွားကြရတဲ့အခါတွေပါ။ ချောင်းတွေရဲ့ အကျယ်က ပေ ၂၀ ကျော် ၃၀ လောက်ရှိပြီး အကြီးဆုံးချောင်းကြီးက ပေ ၅၀ လောက်ထိရှိနေတယ်။ ချောင်းတွေအားလုံး ရေစီးသန်ကြသလို ရေတွေကလဲ ကြည်လင်စိမ့်အေးနေပါတယ်။ ရေတွေကြည်လင်နေတဲ့အတွက်ကြောင့် ချောင်းရေပြင်အောက်မှာ ရှိနေတဲ့ ကျောက်တုံး၊ ကျောက်ခဲတွေကို အတိုင်းသားမြင်နေရတယ်။ ရေအနက်က ခြေသလုံးနဲ့ ပေါင်လယ်လောက်ရှိကြတယ်။ ချောင်းတွေကို ဖြတ်တဲ့အခါ ရေစီးသန်တာကြောင့် တစ်ယောက်လက်တစ်ယောက်ဆွဲရင်း ရေပြင်အောက်က ကျောက်တုံး၊ ကျောက်ခဲတွေနဲ့လဲ ခလုတ်မတိုက်အောင် ဂရုစိုက်ကြည့်ရှုဖြတ်သန်းနေရတယ်။ တစ်ယောက်လက်ကို တစ်ယောက်ဆွဲရ၊ ဖိနပ်တွေချွတ်ပြီး လက်ကကိုင်ရ၊ ဘောင်းဘီ၊ လုံချည်၊ ပုဆိုးတွေကို မတင်ရနဲ့ တကယ့်ကို ခက်ခဲထိတ်လန့်စွာ ဖြတ်ကျော်ကြရတာပါ။ ချောင်းတစ်ခုကို တွေ့လိုက်ဖြတ်လိုက်၊ တောတွင်းလမ်းအတိုင်း လျှောက်လိုက်၊ နောက်ထပ်ချောင်းတစ်ခုကို တွေ့လိုက်ဖြတ်လိုက်နဲ့ ချောင်းသုံးခုကို ဖြတ်ကျော်ခဲ့ရတယ်။ ချောင်းတွေအားလုံးက ရေစီးသန်တာချင်း၊ ကြည်လင်အေးမြတာချင်း၊ ကျောက်တုံး၊ကျောက်ခဲ ပေါများတာချင်းတူညီကြသလို ဘယ်ချောင်းအောက်မှာမှ သဲမြေပြင်ဆိုတာမရှိဘဲ ကျောက်တုံး၊ကျောက်ခဲအကြီး၊ အသေး၊ အလတ်အရွယ်စုံတွေကို ထင်ထင်ရှားရှားတွေ့မြင်နေရတယ်။

လမ်းပြက ရှေ့ကနေ တောတိုးခေါ်ဆောင်သွားသလို ချောင်းတွေကိုဖြတ်တဲ့အခါမှာလဲ သူကိုယ်တိုင်က ပုဆိုးကို ခါးတောင်းကျိုက်ပြီး ဖြတ်သန်းသွားတဲ့အတွက်ကြောင့် နောက်ကနေ ထက်ကြပ်မကွာလိုက်ပါကြရင်း မိနစ် ၃၀ ကြာ လမ်းလျှောက်အပြီးမှာ ရေဖြူကန်ရှိရာကို ရောက်လာကြတယ်။ လမ်းတစ်လျှောက်မှာ စိုက်ခင်းတွေ၊ တောတွေ၊ ချောင်းတွေနဲ့ အတူသစ်ပင်တွေ ပေါက်ရောက်နိုင်ခြင်းမရှိတဲ့ ကျောက်ကုန်းနေရာတွေကိုလဲ ဖြတ်ကျော်လျှောက်လှမ်းခဲ့ရတယ်။ ရေဖြူကန်ကိုရောက်လာတဲ့အခါ အမည်နဲ့လိုက်ဖက်အောင် ကန်တစ်ကန်လုံး ဖွေးဆွတ်နေတဲ့ ရေကန်တစ်ကန်ကို တွေ့မြင်ကြရတယ်။ ကန်အမျိုးအစားက အုတ်ရေကန်ဖြစ်ပြီး အနံ ၁၀ ပေကျော်၊ အလျားပေ ၂၀ကျော်နဲ့ သာမန်ယောကျ်ားတစ်ယောက်အနေနဲ့ ခါးအထက်ပိုင်းထိ နစ်မြုပ်ရုံလောက်ပဲနက်ပါတယ်။

အထက်အမြင့်တစ်နေရာကနေ စီးဆင်းလာတဲ့ ချောင်းတစ်ခုကို မြေတွင်းမှာ အုတ်ရေကန်အဖြစ်တစ်ဆင့်ခံထားပြီးမှ ချောင်းရေတွေကို ဆက်လက်



ရှာငံမြို့နယ်ရှိ ရေဖြူကန်ကို တွေ့ရစဉ်။

စီးဆင်းသွားစေတာပါ။ ဒါပေမဲ့ အထက်ကနေ စီးဆင်းလာတဲ့ ရေတွေနဲ့ ကန်အတွင်းမှာ လှံ့ပြီး ဆက်လက်စီးဆင်းသွားတဲ့ ရေတွေအားလုံးက သာမန်ကြည်ကြည်လင်လင်ရေတွေပဲဖြစ်နေပြီး ကန်ထဲမှာရှိနေတဲ့ရေတွေကပဲ ဖွေးဖွေးဖြူနေတာကို တွေ့မြင်နေရတယ်။ ရှာခံလမ်းပြကို ရေတွေဖြူသွားအောင် အုတ်ရေကန်တည်ဆောက်ပြီး တမင်တကာ ဖန်တီးထားတာလားလို့မေးမြန်းကြည့်တော့ မဟုတ်ကြောင်းနဲ့ အရင်ကတည်းက အုတ်ရေကန်နေရာမှာ ချိုင့်ကြီးတစ်ခုဖြစ်နေကြောင်း၊ ချိုင့်ထဲကရေတွေ အားလုံးဖြူဖွေးပြီး သန့်စင်နေကြောင်း၊ အခု အုတ်ရေကန်တည်ဆောက်ထားရတာက ပိုမိုလှပသပ်ရပ်သန့်ရှင်းအောင်နဲ့ လူတွေ ရေချိုးလို့ကောင်းအောင် ပြုလုပ်ပေးထားတာဖြစ်ကြောင်း ရှင်းပြတယ်။

ဆောင်းရာသီမနက်စောစောဖြစ်နေတာကြောင့် ရေပြည့်ရေလျှံဖြစ်နေတဲ့ ရေဖြူကန်ကြီးထဲကနေ အငွေ့တွေ တထောင်းထောင်းထနေပြီး ရေဆင်းချိုးချင်စဖွယ်ပါ။ လမ်းပြကိုယ်တိုင်ကလဲ ခါးဝက်ကျော်ကျော်သာရှိတဲ့ ရေကန်ထဲဆင်းပြပြီး ရေချိုးလို့ရကြောင်း ပြောပေမဲ့ ခရီးဖော်တွေအားလုံး ဘယ်သူမှ ရေမချိုးကြဘဲ လေ့လာကြည့်ရှုရင်းဓာတ်ပုံတွေသာ ရိုက်ယူနေကြတယ်။ ရေဖြူကန်မှာ မိနစ် ၃၀ လောက် လေ့လာခဲ့ကြပြီး ပြန်ကြတော့မဲ့အချိန်မှာ တောင်ကျချောင်းရေတွေထဲကနေ ဖြတ်သန်းသွားလာကြရတာ အန္တရာယ်ဖြစ်စေနိုင်တာမို့ ချောင်းတွေရှိတဲ့လမ်းကနေ မသွားဘဲ တခြားလမ်းမရှိဘူးလားမေးကြည့်တော့ ချောင်းတစ်ချောင်းကိုသာ ဖြတ်ရတဲ့လမ်းရှိကြောင်းနဲ့ အနည်းငယ်ပိုဝေးကြောင်း၊ ချောင်းမှာလဲ ဝါးတံတားငယ်တစ်ခုထိုးပေးထားကြောင်း သိလိုက်ရတာကြောင့် ပိုဝေးရင်ဝေးပါစေ အန္တရာယ်မဖြစ်နိုင်တဲ့ လမ်းကနေသွားကြမယ်ဆိုပြီး အပြန်ခရီးမှာ ဒုတိယလမ်းကို ရွေးချယ်လိုက်ကြတယ်။

အပြန်ခရီးလမ်းက အနည်းငယ်ပိုဝေးတယ်ဆိုပေမဲ့ လမ်းလျှောက်ချိန် မိနစ် ၃၀ သာသာလောက်ပဲ လျှောက်ခဲ့ရပြီး အတက်အဆင်းများတဲ့ တောတွင်းလမ်းတစ်ခုပါ။ အလာခရီးတုန်းက လမ်းမဟုတ်တော့ပေမဲ့ မြင်ကွင်းတွေအားလုံးက ထူးခြားမသွားကြပါဘူး။ စိုက်ခင်းတွေ၊ စိုက်ခင်းဟောင်းတွေ၊ သစ်ပင်ချုံနွယ်တွေရှိနေကြသေးတယ်။ ဝါးတံတားထိုးထားတဲ့ ချောင်းတစ်ခုကိုသာ ဖြတ်ကြရမယ်ဆိုပေမဲ့ ဝါးတံတားဆိုတာက ဝါးပိုးဝါးနှစ်လုံးကို ပူးကပ်ချည်နှောင်ထားပြီး နောက်ထပ်ဝါးတစ်လုံးနဲ့ လက်ကိုင်တန်းပြုလုပ်ပေးထားတဲ့ ယာယီတံတားငယ်လေးဖြစ်နေတဲ့အပြင် လက်ကိုင်ဝါးတန်းကလဲ ကျိုးပဲ့ပြုတ်ထွက်နေပြီဖြစ်လို့ တံတားပေါ်ကနေလျှောက်ကြဖို့ မဖြစ်နိုင်ကြတော့ပါဘူး။ ဝါးပိုးဝါးနှစ်လုံးနဲ့ ခနော်ခနဲ့ဖြစ်နေတဲ့ တံတားကို စိတ်မချရသလို ဝါးတွေပေါ်မှာလဲ နှင်းရည်တွေရှိနေသေးတာကြောင့် အောက်ကို ချော်ကျသွားနိုင်ပါတယ်။ ဒါကြောင့် တံတားပေါ်ကနေ မဖြတ်ကြတော့ဘဲ ချောင်းရေထဲကနေ တစ်ယောက်လက်ကို တစ်ယောက်က တင်းတင်းကျပ်ကျပ်နဲ့ သတိထားဆွဲပြီး ဂရုတစိုက်ဖြတ်သန်းလာခဲ့ကြရတယ်။ ချောင်းနဲ့ ချောင်းရေတွေက အလာခရီးတုန်းက မြင်တွေ့ဖြတ်သန်းခဲ့ကြရတဲ့အတိုင်းပါ။

ရေဖြူကန်ခရီးစဉ်မှာ ရှာခံလမ်းပြအတွက် သတ်မှတ်နှုန်းထားမရှိပေမဲ့ ပြဒါးလင်းဂူခရီးစဉ်တုန်းကလို ငွေကျပ် တစ်သောင်းကို စေတနာပါပါ၊ ကြည်ကြည်ဖြူဖြူနဲ့ပေးခဲ့တယ်။ လမ်းပြအဖြစ်လိုက်လံပို့ဆောင်ပေးမဲ့သူမရှိရင် ဘယ်လိုမှ ရောက်နိုင်စရာမရှိတဲ့ ခရီးစဉ်မျိုးပါ။ ရေဖြူကန်ဝန်းကျင်တစ်ခုလုံးမှာ သစ်ပင်သစ်တောတွေ ဖုံးအုပ်နေပြီး လမ်းအမှားမှားအယွင်းယွင်းဖြစ်၊ ဇဝေဇဝါပေါင်းများစွာနဲ့ မျက်စိလည်ကြပြီး နောက်ကြောင်းကို ပြန်လှည့်လာကြရမှာဖြစ်ပါတယ်။ လမ်းမဟုတ်တဲ့လမ်းကို လမ်းသစ်ထွင်ပြီးသွားကြရတာကြောင့် ရှာခံဒေသခံမဟုတ်ရင် ဘယ်သူမှ မသိနိုင်တဲ့အပြင် သွားလာလည်ပတ်နေကြတဲ့သူတွေ၊ ထွန်ယက်စိုက်ပျိုးနေကြတဲ့ တောင်သူရွာသားတွေလဲ တစ်ယောက်မှ မရှိကြပါဘူး။ ရှာငံဒေသကို မကြာခဏရောက်ရှိပြီး ဒေသတွင်းမှာရှိတဲ့ အထင်ကရနေရာစုံအောင် ရောက်ဖူးနေတဲ့ မိမိကိုယ်တိုင်တောင် ရေဖြူကန်ဆိုတာကို မသိရှိသေးဘဲ ဟိုတယ်မှာ တွေ့မြင်ခဲ့ရတဲ့ ဓာတ်ပုံအလှကြောင့် မေးမြန်းစုံစမ်းပြီး ကြုံကြုံဖန်ဖန်ရောက်သွားခဲ့ရတာပါ။ ဒါပေမဲ့ ထူးထူးခြားခြားမြင်တွေ့ခဲ့ရတဲ့ ရေဖြူကန်ရှိရာကို ရောက်ရကျိုးနပ်ခဲ့ပြီး ခရီးဖော်တွေအားလုံးကလဲ ဝမ်းပန်းတသာနဲ့ ကျေနပ်ပျော်ရွှင်ခဲ့ကြရတယ်။

ခရီးစဉ်အရ ရေဖြူကန်ကနေထွက်လာပြီးရင် အလယ်ချောင်ရေတံခွန်ကို သွားကြမှာပါ။ အလယ်ချောင်ရေတံခွန်ကို သွားကြဖို့အတွက် ရှာငံ-အောင်ပန်းလမ်းမကြီးအတိုင်း ဆက်လက်မောင်းနှင်လာခဲ့ရတယ်။ ကျိုင်းတုံ-တာချီလိတ်-ထိုင်း-လာအိုနိုင်ငံခရီးစဉ်တုန်းက မထင်မှတ်ဘဲနဲ့ အလယ်ချောင်ရေတံခွန်ကို ရောက်ခဲ့ရတယ်။ ရှာငံမြို့ကိုဖြတ်ပြီး တောင်ကြီးမြို့ကို အတက်ခရီးတစ်နေရာမှာ ဈေးဆိုင်တန်းတွေ၊ ကားတွေရပ်ပြီး ဈေးဝယ်နေကြတဲ့ ခရီးသည်တွေကို တွေ့လိုက်ရလို့ ကားရပ်ပြီး စုံစမ်းမေးမြန်းတဲ့အခါ ပင်းတယမြို့ကိုသွားတဲ့ ဖြတ်လမ်း လမ်းဆုံနေရာဖြစ်ကြောင်း၊ ဒီလမ်းကနေ အလွန်သာယာလှပတဲ့ အလယ်ချောင်ရေတံခွန်ကို သွားရောက်လည်ပတ်နိုင်ကြောင်း သိလိုက်ရတာကြောင့် ရေတံခွန်ရှိရာကို ရောက်ခဲ့ကြရတယ်။ အခုအချိန် ဒုတိယအကြိမ်အဖြစ် ရေတံခွန်ကိုသွားတဲ့အခါ အရင်တစ်ခေါက်တုန်းက တွေ့ခဲ့ရတဲ့ ဈေးဆိုင်တန်းတွေ၊ ခရီးသွားဧည့်သည်တွေနဲ့ အလွန်စည်ကားနေတဲ့ လမ်းဆုံနေရာကို သတိထားကြည့်ရှုပြီး မောင်းနှင်လာခဲ့ပေမဲ့ ကားနောက်ခန်းကနေ စီးနင်းလိုက်ပါလာတဲ့ ဆရာဦးသုထက်ကျော်ရဲ့ "ရေတံခွန်လမ်းခွဲကို ကျော်လာခဲ့ပြီဆရာ"လို့ ပြောဆိုသံကြောင့် ကားဘရိတ်ကို ရုတ်တရက်နင်းလိုက်ရင်း ဇဝေဇဝါဖြစ်သွားခဲ့ရတယ်။ အရင်သိထားတဲ့လမ်းခွဲနေရာက စည်စည်ကားကားနဲ့ပါ။ အခုဒီနေရာကို မတွေ့သေးဘဲ ဘယ်လိုလုပ်ကျော်လာခဲ့ရတယ်ဆိုတာကို စဉ်းစားလိုက်ရတယ်။ ကားရပ်ပြီး သေသေချာချာကြည့်လိုက်တော့မှ လမ်းခွဲနေရာ အလယ်ချောင်ရေတံခွန်သို့ဆိုတဲ့ လမ်းညွှန်ဆိုင်းဘုတ်နဲ့အတူ ရောင်းသူ၊ဝယ်သူတွေမရှိတော့ဘဲ တိတ်ဆိတ်ခြောက်ကပ်ပြီး ယိုယွင်းပျက်စီးနေပြီဖြစ်တဲ့ ဈေးဆိုင်တန်းတွေကို တွေ့လိုက်ရတော့တယ်။

အလယ်ချောင်ရေတံခွန်ကို ပထမအကြိမ်ရောက်ဖူးထားတာနဲ့အညီ ခရီးဖော်အားလုံးကို မိမိကိုယ်တိုင်က ဆရာကြီးလုပ်ပြီး လမ်းပြအဖြစ်လုပ်လာခဲ့ရတယ်။ လမ်းအခြေအနေက နှစ်မိုင်လောက်လျှောက်ရတဲ့ တောတွင်းလမ်းဖြစ်ပြီး အစပထမပိုင်းမှာ လမ်းဘေးဝဲယာတစ်လျှောက် လိမ္မော်သီးခြံတွေကို တွေ့မြင်နေရတယ်။ လိမ္မော်သီးခြံတွေနဲ့ တောတွင်းလမ်းက ပြောင်းလဲမသွားပေမဲ့ ထူးထူးခြားခြားပြောင်းလဲသွားတာက လာရောက်လည်ပတ်သူ တစ်ဦးတစ်ယောက်ကိုမှ မတွေ့မမြင်ရတော့တာပါ။ အရင်တစ်ခေါက်လာခဲ့စဉ်က လမ်းတစ်လျှောက်လုံးမှာ စည်ကားလှတဲ့လူတွေ၊ ကော်ဖီဆိုင်၊ ဖျော်ရည်ဆိုင်၊ မုန့်ဆိုင် စတာတွေ လုံးဝမရှိကြတော့ပါဘူး။ နှစ်အနည်းငယ်လေးအတွင်းမှာ မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားတဲ့ အခြေအနေတွေကြောင့် အလွန်အံ့သြနေရတယ်။ ဒါပေမဲ့ လမ်းအနေအထားက အရင်လိုပုံစံမျိုးထင်ထင်ရှင်းရှင်းနဲ့ ချုံတွေ ပေါက်ရောက်ပိတ်ဆို့နေတာမျိုးတွေ မရှိတာကြောင့် လမ်းလျှောက်ရတာအဆင်ပြေနေကြရတယ်။

ရှာငံမြို့က ဟိုတယ်မှာကတည်းက အထပ်ထပ်အဆင့်ဆင့် လှလှပပမြင်တွေ့ခဲ့ရတဲ့ ဓာတ်ပုံထဲကအတိုင်း လက်တွေ့မြင်တွေ့ကြည့်ရှုခံစားကြဖို့အတွက် အလယ်ချောင်ရေတံခွန်ရှိရာကို တောတွင်းလမ်းကနေ မမောတမ်းမပန်းတမ်းသွားနေကြပါပြီ။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြည်ခရိုင်တွင် ယခုဘဏ္ဍာနှစ်အတွင်း ကြံတန်ချိန် ၆၃၇၂၃၀ ထွက်ရှိရန် လျာထားဆောင်ရွက်နေ



**ပဲခူး ဒီဇင်ဘာ ၂၂**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ယခုဘဏ္ဍာနှစ်အတွင်း ကြံတန်ချိန် ၆၃၇၂၃၀ ထွက်ရှိရန် လျာထား ဆောင်ရွက်နေကြောင်း ပဲခူးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန သတင်းများအရ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ယခုဘဏ္ဍာနှစ် ကြံရာသီ၌ ကြံစိုက်ခင်းသစ် ၂၀၄၉၈ ဧကနှင့် လမိုင်းစိုက်ခင်းဧက ၇၃၄၀ စုစုပေါင်းကြံစိုက်ခင်း ၂၇၈၃၈ ဧက စိုက်ပျိုးဆောင်ရွက်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးထားသည့် ကြံစိုက်ခင်းသစ်များမှ တစ်ဧကလျှင် ကြံ ၂၅ တန်၊ လမိုင်းစိုက်ခင်းများမှ တစ်ဧကလျှင် ကြံ ၁၇ တန် ထွက်ရှိရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

ထို့ကြောင့် ယခုဘဏ္ဍာနှစ်တွင် ပြည်ခရိုင်အတွင်း စိုက်ပျိုးထားသည့် ကြံစိုက်ခင်းသစ်များမှ ကြံတန်ချိန် ၅၁၂၄၅၀ နှင့် လမိုင်းစိုက်ခင်းများမှ ကြံတန်ချိန် ၁၂၄၇၈၀ စုစုပေါင်း ကြံတန်ချိန် ၆၃၇၂၃၀ ထွက်ရှိရန် လျာထားဆောင်ရွက်နေကြောင်း သိရသည်။

ယခုအခါ အဆိုပါကြံစိုက်ခင်းများတွင် ကြံများကို စတင်ခုတ်ယူနေပြီဖြစ်သဖြင့် ခရိုင်အတွင်းရှိ သကြားစက်များမှာလည်း လုပ်ငန်းများ စတင် လည်ပတ်လုပ်ကိုင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ပြည်ခရိုင် ပြည်မြို့နယ်၌ နဝဒေးသကြားစက်နှင့် ပေါက်ခေါင်းမြို့နယ်၌ အင်းငါးခွသကြားစက်တို့ရှိကြောင်း သိရသည်။

နဝဒေးသကြားစက်သည် ယခုဘဏ္ဍာနှစ်တွင် သကြားတန်ချိန် ၂၀၀၀၀ ထိထုတ်လုပ်ရန်လျာထား ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်ထိ သကြား ၃၀၄၁ တန် ထုတ်လုပ်ပြီးဖြစ်ကြောင်း၊ ထို့အတူ ငါးအင်းခွသကြားစက်အနေဖြင့်လည်း ယခုဘဏ္ဍာနှစ်တွင် သကြားတန်ချိန် ၁၅၀၀၀ ထိထုတ်လုပ်ရန် လျာထား ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၅ ရက်ထိ သကြား ၁၃၄၉ တန်ကျော် ထုတ်လုပ်ပြီးဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်ခရိုင်အတွင်း ကြံဈေးနှုန်းများမှာ ကြံတစ်တန်လျှင် စက်အရောက် ငွေကျပ် ၇၅၀၀၀ ဈေးဖြင့် သကြားစက်များက ဝယ်ယူနေကြောင်း သိရသည်။

**ချမ်း ချမ်း**

# မြောက်ဦးမြို့နယ် ဘောင်းဒွတ်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မြောက်ဦး ဒီဇင်ဘာ ၂၂**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာတွင်းလမ်းများ ပိုမိုကောင်းမွန်ခိုင်ခံ့စေရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)ရန်ပုံငွေဖြင့် ဘောင်းဒွတ်ကျေးရွာတွင် ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ဘောင်းဒွတ်ကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၅ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက ကွန်ကရစ်လမ်းရေရှည်အသုံးပြုနိုင်ရေးအတွက် တန်ပိုးယာဉ်များ ဖြတ်သန်းသွားလာခြင်းကို စနစ်တကျစိစစ်ပေးရန်နှင့်ဆောင်ရွက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို တန်ဖိုးထား ထိန်းသိမ်းကြရန် မှာကြားသည်။

အဆိုပါ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေကျပ် သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ စုစုပေါင်းငွေကျပ်သိန်း ၁၂၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာ ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းလှက ပြောပြ၍ သိရသည်။

**ကိုသန်း**

# ခေတ်မရွေးတဲ့ကဗျာ (၄)

**မန်းတင့်မော်**

"ကဗျာ"ဟူသည် ကဝိပစ္စည်းဟူသော ရှေးက အဆိုကို မှတ်သားမိသည်။ ပညာရှိများသာလျှင် ကဗျာစာပေကို ထိတွေ့ကိုင်တွယ်ရေးဖွဲ့စပ်ဆိုနိုင်သည်ဟု အဓိပ္ပာယ်သက်ရောက်သည်။ မြန်မာ့ကဗျာသမိုင်းကို လေ့လာကြသူပညာရှင်များက ပုဂံခေတ်တွင် မြန်မာကဗျာစတင်ခဲ့သည်ဟု သတ်မှတ်ချက်များလည်းရှိသည်။ အများသိ "မြကန်"လင်္ကာကဗျာမှာ ထင်ရှားပါသည်။

ကမ္ဘာနှင့်မြန်မာ့ကဗျာရေစီးကြောင်းကား ကာလရှည်ကြာခဲ့ပြီ။ ကဗျာပုံသဏ္ဌာန်အမျိုးမျိုး၊ ကဗျာစာဆိုများစွာနှင့် ကဗျာအများအပြားလည်း ထွက်ပေါ်ခဲ့ပြီးဖြစ်သည်။ ယနေ့ထိ ကဗျာများက ပေါ်ပေါက်နေမြဲလည်းဖြစ်သည်။ ယခုအခါ စာနယ်ဇင်းများလျော့ပါးလာလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်သည်။ ပုံနှိပ်မီဒီယာမှ လူမှုကွန်ရက်မီဒီယာသို့ လျင်လျင်မြန်မြန်ကူးပြောင်းခဲ့ရာတွင် ဆောင်းပါး၊ ဝတ္ထုနှင့် ကဗျာများတယ်လီဖုန်းဖန်သားပြင်ထက် ရောက်ရှိလာတော့သည်။ ကဗျာကိုချစ်မြတ်နိုးသူများ လွယ်လင့်တကူဖတ်ရှုနိုင်သကဲ့သို့ ကဗျာစပ်ချင်သူ ကဗျာလက်သင်များအတွက်လည်း ကဗျာကွင်းကျယ်ကြီးတစ်ခု ပေါ်ပေါက်လာခြင်းဟု ဆိုနိုင်ပါလိမ့်မည်။ သတိထားရန်အချက်မှာ ဖန်သားပြင်ကဗျာသစ်များအတွက် တည်းဖြတ်ပေးမည့် အယ်ဒီတာမရှိသဖြင့် မိမိကဗျာကောင်း၊ မကောင်း၊ မှန်၊မမှန်မသိရပေ။ စာရေးချင်သူများအတွက် အယ်ဒီတာ၏စားပွဲကိုဖြတ်သန်းမှသာ စာပေလောကထဲသို့ ခြေလှမ်းလှမ်းနိုင်မည်ကိုလည်း နားလည်သင့်ကြပါသည်။

မြန်မာစာပေခရီးတွင် ခေတ်စမ်းစာပေတည်းဟူသော စာပေမီးရှူးတန်ဆောင်ထွန်းပြောင်ခဲ့သည်မှာ အထင်အရှားဖြစ်သည်။ မျက်မှောက်ကာလတိုင်အောင် ခေတ်စမ်းစာပေ၏ဩဇာက ကြီးမားစွာသက်ရောက်လျက်ရှိဆဲဟု အခိုင်အမာဆိုနိုင်သည်။ အခြေခံပညာအဆင့်တွင် ခေတ်စမ်းကဗျာ၊ ခေတ်စမ်းစာတို့ကို စတင်ထိတွေ့သင်ကြားရသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ခေတ်စမ်းစာပေကို ကျယ်ကျယ်ပြန့်ပြန့် အထူးပြုလေ့လာကြရသည်။ ခေတ်စမ်းစာပေဆိုင်ရာမဟာဝိဇ္ဇာကျမ်းများနှင့် ပါရဂူဘွဲ့ကျမ်းများကိုလည်း ပြုစုထွက်ပေါ်ခဲ့ ထွက်ပေါ်ဆဲ ထွက်ပေါ်လာဦးမည်လည်းဖြစ်ပါသည်။ ခေတ်စမ်းစာပေကို လေ့လာ၍ မကုန်နိုင်၊ သုတေသနပြု၍ မဆုံးနိုင်အောင်ဟုပင် ဆိုနိုင်ပါလိမ့်မည်။ ခေတ်စမ်းစာပေကို လမ်းပေါက်အောင် ဖောက်နိုင်ခဲ့သော ခေတ်စမ်းစာဆိုများ၏ကျေးဇူးကား ကြီးမားလှပါသည်။

ခေတ်စမ်းစာပလ္လင်ကို စတင်တည်ဆောက်ခဲ့သူများမှာ ထိုခေတ်ထိုအခါက လူငယ်လေးများဟု ဆိုနိုင်သည်။ လူငယ်မှ လူလတ်ကူးပြောင်းစ အရွယ်များလည်းပါပါသည်။ မည်သို့ပင်ဖြစ်စေ အရွယ်အားဖြင့် ကောင်းတုန်းဟုပြောနိုင်သည်။ ကာယအား၊ ဉာဏအားအလွန်ဖွံ့ဖြိုးသော အရွယ်လည်းဖြစ်သဖြင့် လူနှင့် လူ့ပတ်ဝန်းကျင်အပေါ် ရှုမြင်သုံးသပ်ပုံများကလည်း လတ်ဆတ်လျက်ရှိသည်။ ခေတ်ပညာတတ် လူငယ်မောင်မယ် အများစုပါဝင်လျက်ရှိ၍ မြန်ရာ ပညာဉာဏ်ဖြင့်ဆင်ခြင်၍ ရေးသားပြုစုသော စာပေလက်ရာများကလည်း အဖူးအညွန့်များသာ ဖြစ်တော့သည်။

ခေတ်စမ်းကဗျာ၏ပဲ့ကိုင်ရှင်နှစ်ဦးမှာ ဆရာဇော်ဂျီနှင့် ဆရာမင်းသုဝဏ် ကဗျာညီနောင်ဖြစ်သည်။ ခေတ်စမ်းကဗျာသာမက ဆောင်းပါး၊ ဝတ္ထု၊ အစမ်းစာနှင့် ဘာသာပြန် စသောစာပေလက်ရာများစွာကို ရေးသားပြုစုနိုင်ခဲ့ကြသော မြန်မာ့ဂန္ထဝင်စာပေပညာရှင်ကြီးများလည်းဖြစ်ကြသည်။ ဆရာနှစ်ဦးစလုံး၏ကဗျာလက်ရာများကား ထင်ရှားကျော်ကြားလှ၏။ ကဗျာနှစ်သက်မြတ်နိုးသူတို့၏ နှလုံးသားစိတ်အစဉ်ကိုထာဝရ

**❖ မြန်မာစာပေခရီးတွင် ခေတ်စမ်းစာပေတည်းဟူသော စာပေမီးရှူးတန်ဆောင်ထွန်းပြောင်ခဲ့သည်မှာအထင်အရှားဖြစ်သည်။ မျက်မှောက်ကာလတိုင်အောင် ခေတ်စမ်းစာပေ၏ဩဇာက ကြီးမားစွာသက်ရောက်လျက်ရှိဆဲဟု အခိုင်အမာဆိုနိုင်သည်။ အခြေခံပညာအဆင့်တွင် ခေတ်စမ်းကဗျာ၊ ခေတ်စမ်းစာတို့ကို စတင်ထိတွေ့သင်ကြားရသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ခေတ်စမ်းစာပေကို ကျယ်ကျယ်ပြန့်ပြန့်အထူးပြုလေ့လာကြရသည်။ ခေတ်စမ်းစာပေဆိုင်ရာမဟာဝိဇ္ဇာကျမ်းများနှင့် ပါရဂူဘွဲ့ကျမ်းများကိုလည်း ပြုစုထွက်ပေါ်ခဲ့ ထွက်ပေါ်ဆဲ ထွက်ပေါ်လာဦးမည်လည်းဖြစ်ပါသည်။ ❖**

လွှမ်းမိုးနိုင်သောကဗျာများလည်း ဖြစ်နေပြန်ပါသည်။ မြန်မာနိုင်ငံ၏အမြင့်ဆုံးစာပေဆုများကိုလည်း အကြိမ်ကြိမ်အပ်နှင်းခံရသော စာဆိုများလည်းဖြစ်ကြသည်။ ဇော်ဂျီနှင့် မင်းသုဝဏ်ဆိုလျှင် မသိသူမရှိလောက်အောင်ပင် ပေါ်လွင်လျက်ရှိသည်။

ဆရာဇော်ဂျီ၏ကဗျာများကို ပိတောက်ရွှေဝါကဗျာစု၊ ဗေဒါလမ်းကဗျာစုနှင့် ညီသစ်ဆင်းကဗျာစုဟူ၍ ပညာရှင်များက စုစည်းကြသည်များရှိသည်။ ဗေဒါလမ်းကဗျာစုကမူ လူထုကြားပျံ့နှံ့ရောက်ရှိ၍ လူတိုင်းရင်ထဲ စွဲကြရသောကဗျာများဖြစ်ကြသည်။ ကဗျာမှ ဝတ္ထု၊ ဝတ္ထုမှ တေးသီချင်း ရုပ်ရှင်အသွင်ထည့်သွင်းတင်ဆက်ခဲ့ရာတွင် စာဖတ်သူပရိသတ်သာမက တေးဂီတနှင့် ရုပ်ရှင်ချစ်သူများအတွက်ပါ နှစ်ခြိုက်စေခဲ့သော ဗေဒါလမ်းဖြစ်ပါတော့သည်။ ဆရာဇော်ဂျီ၏ ညီသစ်ဆင်းကဗျာများကလည်း တစ်မျိုးစွဲမက်ဖွယ်ဖြစ်ပါသည်။ အစ်ကိုကြီးတစ်ယောက်က ညီငယ်တစ်ယောက်ကို အမှာစကားပါးသည့်ပုံစံဖြင့် ရေးဖွဲ့ထားသည်။ လူငယ်များအတွက် သတိပြုဖွယ်၊ ဆင်ခြင်ဖွယ်၊ လိုက်နာဖွယ်များကို ကဗျာရေးဖွဲ့၍ အသိပေးနိုးဆော်ထားခြင်းလည်းဖြစ်ပါသည်။

ညီသစ်ဆင်းကဗျာစုမှ "မင့်အိမ်"အမည်ရှိကဗျာကို တင်ပြလိုပါသည်။ မင်းဆိုသောနာမ်စားအစား "မင့်"ဟူ၍ အာလုပ်ပြုထားသည်ကို သတိပြုမိပါသည်။ သုံးနေကျစကား၊ ပြောနေကျစကားထက် ပိုမိုလေးနက်သည်ဟု ဆိုနိုင်သည်။ မင်းနှင့် မင့်ကို အလှည့်ကျထည့်သွင်းရေးဖွဲ့ထားသည်မှာ အသံ၏အနိမ့်အမြင့်၊ အဖိအဖော့သဘောကို ပေါ်လွင်စေသည်။ ကဗျာပထမပိုဒ်တွင်-

"ငါ့ညီပြောင်ဝင်း၊ မောင်သစ်ဆင်း
မင်းက မင့်အိမ်၊ လွန်သေးသိမ်ဟု
မငြိမ်မသက်၊ စိတ်စက်မကောင်း
စိတ်ထောင်းကိုယ်ကြေ၊ တခွေခွေသည်
နေထိကြွေမည့် ပန်းယဉ်အိ။" ဟုစတင်ပါသည်။

ဆရာဇော်ဂျီက လူငယ်များကို သူတို့၏နေထိုင်ရာအိမ်ကိုပမာပြုသော်လည်း လူငယ်များ၏ ရပ်၊ ရွာ၊ မြို့နှင့် တိုင်းပြည်နိုင်ငံကိုပါလှမ်း၍ မြင်စေချင်သည်။ မိမိနေထိုင်ရသော လက်ရှိဘဝအနေအထားကို သိမ်ငယ်သည်ဟုအထင်ရောက်ပြီး စိတ်ဘဝင်ညှိုးငယ်နေတတ်သူများကို ညွှန်းဆိုပါသည်။ မြန်မာတို့သုံးလေ့ရှိသော "စိတ်စက်"၊ စိတ်ထောင်းကိုယ်ကြေ" စသောစကားလုံးများဖြင့် ကဗျာဖတ်သူများကိုလှုံ့ဆော်လိုက်သည်။ ပိုမိုကြွတက်လာစေသောအချက်မှာ စိတ်ကြောင့်ကိုယ်ထိခိုက်ရမည်ကို နေအပူရှိန်ကြောင့် ကြွေကျနိုင်သည့် နုနယ်သောပန်းကလေးဟုဆိုလိုက်ခြင်းပင်ဖြစ်သည်။

ရေလှိုင်းဟူသည် တစ်သမတ်တည်းနေသည် မဟုတ်။ အတက်အကျရှိစမြဲ၊ မြန်မာတို့က လူမျိုးအလိုက်၊ ဒေသဓလေ့နှင့် ရိုးရာအယူအဆများအရ အိမ်ဆောက်လေ့ရှိကြသည်။ အိမ်ကိုလည်း တတ်နိုင်လျှင် တတ်နိုင်သလောက် အလှဆင်လေ့ရှိကြပါသေးသည်။ "စကြော"နှင့် စံပယ်ထပ်ဟူသော အိမ်ဆောက်ရာတွင်ပါဝင်သည့် အစိတ်အပိုင်းများပါဝင်လေ့ရှိသည်။ သစ်သား သို့မဟုတ် အင်္ဂတေပန်းကပ်များ၊ ပန်းကြွများလည်း အလှတပ်ကြသေးသည်။ နှစ်ဆောင်ပြိုင်အိမ်ကြီးဆိုလျှင် လူချမ်းသာတို့သာ တတ်နိုင်၊ ဆောက်နိုင်ကြ၍ "အိမ်ကြီးရခိုင်"ဟုဆိုကာ အများကအားကျငေးမောရမြဲဖြစ်သည်။ မိမိအိမ်ထက် သာလွန်သောအိမ်ကို အားကျသည်။ မိမိရပ်ရွာထက် ပိုမိုသာယာသောရပ်ရွာတွင် နေလိုသည်။ မိမိတိုင်းပြည်ထက် စည်ပင်ဝပြောသောတိုင်းနိုင်ငံကို အထင်ကြီးသည်။ လူ့သဘာဝပင်ဖြစ်သည်။ လက်ရှိအနေအထားများထက် မြင့်မားကောင်းမွန်သောအခြေအနေများကို မျှော်မှန်းရင်းနှင့်လည်း အချိန်ကုန်လွန်တတ်ကြပါသေးသည်။ ကဗျာ၏ဒုတိယပိုဒ်တွင်-

"လှိုင်းအိအယောင်
ဆောင်ပြိုင်သာမော၊ သူ့အိမ်ချောသို့
စကြောသပ်ရပ်၊ စံပယ်ထပ်နှင့်
ပန်းကပ်ပန်းကြွ၊ သူ့အိမ်လှသို့
ဝေးကမျှော်မှန်း၊ မင်းရော်ရမ်းသည်
ပန်းအိနေထိ ကြွေတော့မည့်။"ဟုဖွဲ့နွဲ့သည်။

အိမ်တစ်အိမ်၏ဦးစီးခေါင်းဆောင်ကို အိမ်ထောင်ဦးစီးဟုခေါ်သည်။ ဖခင်ဖြစ်နိုင်သည်။ မိခင်ဖြစ်နိုင်သည်။ အစ်ကိုကြီး၊ အစ်မကြီးတို့လည်းဖြစ်နိုင်သည်။ ဤကဗျာတွင် ညီသစ်ဆင်းကို ပြောသောဟန်ဖြင့်-

"မကောင်းမင့်အိမ်၊ ကောင်းမင့်အိမ်တည့်
မင့်အိမ်ရွှဲစို၊ အမိုးယိုသော်
မငြိုသင့်ပါ။ မင်းတက်ဖာပေ့
အကာအခင်း၊ ပျက်ပြိုယွင်းသော်
မငြင်းစေချင်၊ မင်းဆက်ပြင်ပေ့
အခွင်အနဲ့၊ အရွဲ့အစောင်း
မကောင်းမပြေ၊ ဟောင်းထွေထွေကို
အခြေနှင့်မျှ၊ ဉာဏ်ဖြင့်ဆ၍
လှုံ့လသက်သွင်း သစ်စေမင်း။ ။"ဟု ကဗျာကို

အဆုံးသတ်ထားပါသည်။ အိမ်ထောင်ဦးစီး၏တာဝန်ကား မနည်းလှပါ။ အိမ်တစ်အိမ်လုံး၏အရာမှန်သမျှ သူ့တာဝန်များပင်။ ရုပ်ပိုင်းဆိုင်ရာပျက်စီးယိုယွင်းမှုများကို ပြင်ဆင်ရန်တာဝန်ရှိသကဲ့သို့ အိမ်သူအိမ်သားများ၏ စားဝတ်နေရေးကို ဖြည့်တင်းရမည်။ ကျန်းမာရေးကိုစောင့်ရှောက်ရမည်။ လူမှုရေးကို မျက်ခြည်မပြတ်စေရ။ အိမ်သားတစ်ဦးချင်း၏စိတ်ဓာတ်နှင့် လုပ်ရပ်များကို အကဲဖြတ်တတ်ရဦးမည်။ ယုံကြည်ကိုးကွယ်ရာ ဘာသာတရား၏အဆုံးအမကို ကိုယ်တိုင်လိုက်နာသကဲ့သို့ မိသားစုကိုလည်း လိုက်နာနိုင်ရန် စည်းရုံးနိုင်ရမည်။ မိသားစု၏ဘဝအခြေမှန်သမျှ အတက်အကျကို မှန်မှန်ကန်ကန်တွေးဆ၍ ပူးပေါင်းကြံဆလှုံ့လပြုကြရပါဦးမည်။

တင်ပြပါကဗျာသည် လူငယ်များအတွက်သာ မဟုတ်။ လူလတ်လူကြီးများအားလုံး ဖတ်ရှုခံစားအသိဝင်၊ သတိယှဉ်သင့်ကြပါကြောင်း မီးမောင်းထိုးပြသော ခေတ်မရွေးသည့်ကဗျာတစ်ပုဒ်ဖြစ်ပါကြောင်း။

**ကိုးကား**

– **ဇော်ဂျီ၏–ညီသစ်ဆင်းကဗျာစု(စိတ်ကူးချိုချို–၂၀၀၃ ခုနှစ် မေ)**

# မလှိုင်မြို့နယ် ကံကလေးကျေးရွာ၌ ကွန်ကရစ်ဘီးလမ်း လွှဲပြောင်းပေးအပ်

**မလှိုင် ဒီဇင်ဘာ ၂၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကံကလေးကျေးရွာသို့ ကွန်ကရစ်ဘီးလမ်း လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ယခုအခမ်းအနားသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းလွှဲပြောင်းပေးအပ်ရခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် ဆောင်ရွက်ပြီး လုပ်ငန်းများကို တန်ဖိုးထားကာ အကျိုးရှိရှိ အသုံးပြုကြစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် ကွန်ကရစ်ဘီးလမ်းကို ကံကလေးကျေးရွာ၏ ကျေးရွာကော်မတီဝင်များထံ လုပ်ငန်းလွှဲပြောင်းအပ်နှံလွှာ လွှဲပြောင်းပေးအပ်သည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကံကလေးကျေးရွာတွင် လမ်းအရှည် ပေ ၁၃၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်း နိုင်ငံတော်ပံ့ပိုးငွေကျပ် သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၄၉၀၀၀ ဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကူညီကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံမှ သိရသည်။



**ဟိန်းထက်စိုး(မလှိုင်)**

# ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှ သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့တဲ့ ကစားသမားတွေနဲ့ နိုင်ငံအသင်းတွေ



၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲကိုတော့ ကာတာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး နိုဝင်ဘာ ၂၀ ရက်ကနေ ဒီဇင်ဘာ ၁၉ ရက်ထိ ယှဉ်ပြိုင်သွားတာကိုတွေ့ရမှာပါ။ အခုကျင်းပခဲ့တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲဟာ ပုံမှန်ကျင်းပနေတဲ့ ဇွန်၊ ဇူလိုင်လတွေမှာ ကျင်းပတာမဟုတ်ဘဲ ကာတာနိုင်ငံရဲ့ရာသီဥတုကြောင့် နိုဝင်ဘာလနဲ့ ဒီဇင်ဘာလကို ပြောင်းလဲကျင်းပခဲ့တာဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာတော့ အာရှဇုန်၊ ဥရောပဇုန်၊ အာဖရိကဇုန်၊ တောင်အမေရိကဇုန်၊ မြောက်အမေရိကဇုန်တွေက ပြိုင်ပွဲဝင်အသင်း ၃၂ သင်းပါဝင်ခဲ့ပြီး ကမ္ဘာ့ဖလားနှစ်ကြိမ်ထိရယူနိုင်ခဲ့တဲ့ ဥရောပဇုန်က အီတလီအသင်းကတော့ ခြေစစ်ပွဲမအောင်ခဲ့တာကြောင့် သူတို့အသင်းသမိုင်းတစ်လျှောက် နှစ်ကြိမ်ဆက် ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ လွဲချော်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးပြီးဆုံးချိန်မှာတော့ တောင်အမေရိကဇုန်က အာဂျင်တီးနားအသင်းက ဆုဖလားဆွတ်ခူးနိုင်ခဲ့ပါတယ်။ အဲဒီထဲက စံချိန်မှတ်တမ်းကောင်းတွေနဲ့ သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့ကြတဲ့ကစားသမားတွေနဲ့ နိုင်ငံအသင်းတွေကတော့-

## ပေါ်တူဂီတိုက်စစ်မှူး စီရော်နယ်ဒို

အသက် ၃၇ နှစ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး စီရော်နယ်ဒိုဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပေါ်တူဂီအသင်းခေါင်းဆောင်အဖြစ်ပါဝင်လာခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိကမ္ဘာ့ဖလားအုပ်စု(H)မှာ ဂါနာ၊ တောင်ကိုရီးယား၊ ဥရုဂွေးအသင်းတို့နဲ့ကျရောက်ခဲ့ပေမဲ့ အဖွင့်ပွဲစဉ်မှာ တိုက်စစ်မှူး စီရော်နယ်ဒိုက ဂါနာအသင်းကို ပင်နယ်တီကတစ်ဆင့် သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် စီရော်နယ်ဒိုဟာ ၂၀၀၆ အီတလီကမ္ဘာ့ဖလား၊ ၂၀၁၀ အာဖရိကကမ္ဘာ့ဖလား၊ ၂၀၁၄ ဘရာဇီးကမ္ဘာ့ဖလား၊ ၂၀၁၈ ရုရှားကမ္ဘာ့ဖလား၊ ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ ငါးကြိမ်စလုံးဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားအဖြစ် စံချိန်ကောင်းတစ်ရပ်ကိုရရှိခဲ့ပါတယ်။

တိုက်စစ်မှူး စီရော်နယ်ဒိုဟာ ၂၀၀၆ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပထမဆုံး ကမ္ဘာ့ဖလားသွင်းဂိုးရရှိတုန်းက အသက် ၂၁ နှစ်နဲ့ ၁၃၂ ရက် နိုင်ငံအသင်းအတွက် အသက်ငယ်ဆုံးဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့တဲ့အပြင် အခုပြိုင်ပွဲမှာလဲ ဂါနာအသင်းကိုဂိုးသွင်းယူတဲ့အချိန်မှာ ၃၇ နှစ်နဲ့ ၂၉၂ ရက်ရှိပြီဖြစ်တာကြောင့် ပေါ်တူဂီအသင်းအတွက် အသက်အကြီးဆုံးကစားသမားအဖြစ် မှတ်တမ်းကောင်းတစ်ရပ်ထပ်မံရရှိခဲ့တာဖြစ်ပါတယ်။

အခုပြိုင်ပွဲမှာတော့ အာဖရိကဇုန်က မော်ရိုကိုအသင်းနဲ့တွေ့ဆုံချိန်မှာ တစ်ဂိုးဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့တာကြောင့် သူ့ရဲ့နောက်ဆုံးပါဝင်ယှဉ်ပြိုင်တဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆုဖလားနဲ့လွဲချော်ခဲ့ရတာတွေ့ရမှာပါ။

## အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီ

အခုပြိုင်ပွဲမှာ အာဂျင်တီးနားအသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် ပါဝင်လာခဲ့တဲ့ တိုက်စစ်မှူးမက်ဆီဟာ အုပ်စုတွင်းပွဲစဉ်မှာ ဆော်ဒီအာရေဗျကို ပင်နယ်တီသွင်းဂိုး၊ မက္ကဆီကိုနဲ့ပွဲစဉ်မှာ တစ်ဂိုး၊ ၁၆ သင်းရှုံးထွက်အဆင့်မှာ ဩစတြေးလျကို သွင်းဂိုးတစ်ဂိုး၊ ကွာတားဖိုင်နယ်အဆင့်မှာ နယ်သာလန်ကို သွင်းဂိုးတစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့်မှာ ခရိုအေးရှားကို သွင်းဂိုးတစ်ဂိုး၊ ဗိုလ်လုပွဲစဉ်မှာ ပြင်သစ်အသင်းကို သွင်းဂိုးနှစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုအတွင်း အဆင့်တိုင်းမှာဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းကောင်းရရှိခဲ့ပြီး ပွဲစဉ်တစ်လျှောက် Man Of the Match ငါးကြိမ်ထိရရှိခဲ့တာကြောင့် ရွှေဘောလုံးဆုရယူနိုင်ခဲ့ကာ မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါ့ပြင် အသက် ၃၅ နှစ်ရှိပြီဖြစ်တဲ့ တိုက်စစ်မှူး မက်ဆီဟာ အာဂျင်တီးနားအသင်းရဲ့ ကမ္ဘာ့ဖလားသွင်းဂိုးအများဆုံး ကစားသမားဖြစ်တဲ့ တိုက်စစ်မှူးဟောင်း ဘာတစ်စတူတာရဲ့ သွင်းဂိုး ၁၀ ဂိုးစံချိန်ကိုလဲ ကျော်ဖြတ်နိုင်ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ၂၀၀၆၊ ၂၀၁၄၊ ၂၀၁၈၊ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွေမှာ စုစုပေါင်း သွင်းဂိုး ၁၃ ဂိုးထိရှိခဲ့တာကြောင့် အာဂျင်တီးနားအသင်းဘောလုံးသမိုင်းမှာ ကမ္ဘာ့ဖလားသွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့တာကိုတွေ့ရမှာပါ။

## ပြင်သစ်တိုက်စစ်မှူး အမ်ဘက်ပီ

ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ သွင်းဂိုးရှစ်ဂိုးနဲ့ ဂိုးသွင်းအများဆုံးကစားသမားဆုကိုရရှိခဲ့တဲ့ အမ်ဘက်ပီကတော့ ဗိုလ်လုပွဲစဉ်မှာ အာဂျင်တီးနားအသင်းက နှစ်ဂိုးပြတ်နဲ့ဦးဆောင်နေချိန်မှာ ၁၀ မိနစ်အတွင်း ချေပဂိုးနှစ်ဂိုး သွင်းယူပြီး အကောင်းဆုံးပြန်လာနိုင်ခဲ့သလို အချိန်ပိုပွဲကစားချိန်အတွင်းမှာလဲ အာဂျင်တီးနားအသင်းက ဦးဆောင်ဂိုးသွင်းယူပြီးနောက်ပိုင်း ပွဲပြီးဆုံးခါနီးမှာ အသင်းအတွက်ပင်နယ်တီရရှိအောင်ကူညီနိုင်ခဲ့ပြီး ချေပဂိုးထပ်မံသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် အမ်ဘက်ပီဟာ ကမ္ဘာ့ဖလားဗိုလ်လုပွဲစဉ်မှာ ဟက်ထရစ်ဂိုးရရှိခဲ့ပြီး ၁၉၆၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ပိုင်း ဗိုလ်လုပွဲစဉ်မှာ ဟက်ထရစ်ဂိုးသွင်းယူနိုင်တဲ့ ကစားသမားတစ်ယောက်အဖြစ် မှတ်တမ်းဝင်သွားခဲ့တာကိုတွေ့ရမှာပါ။

ဒါ့ပြင် ကမ္ဘာ့ဖလားသမိုင်းမှာ အသက် ၂၄ နှစ်မတိုင်မီ သွင်းဂိုးအများဆုံးကစားသမားအဖြစ်မှတ်တမ်းဝင်ထားတဲ့ ဘရာဇီးဂန္တဝင်တိုက်စစ်မှူးဟောင်းပီလီရဲ့ သွင်းဂိုး ၁၁ ဂိုးစံချိန်ကိုကျော်ဖြတ်နိုင်ခဲ့ပြီး အမ်ဘက်ပီဟာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားနှစ်ကြိမ်မှာ သွင်းဂိုး ၁၂ ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် မှတ်တမ်းသစ်ထပ်မံရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။

## စပိန်ကွင်းလယ်ကစားသမား ဂါဗီ

၂၀၀၄ ခုနှစ်မှာမွေးဖွားခဲ့တဲ့ ကွင်းလယ်ကစားသမားဂါဗီဟာ စပိန်လက်ရွေးစင်အသင်းမှာ ပါဝင်လာခဲ့ပြီး ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်ဖြစ်တဲ့ ကော်စတာရီကာအသင်းနဲ့တွေ့ဆုံချိန်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ အသင်းနဲ့ပွဲဦးထွက်ပွဲစဉ်မှာ ဂိုးသွင်းယူနိုင်တဲ့ အသက်ငယ်ဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

## ပြင်သစ်တိုက်စစ်မှူး ဂီရော့ဒ်

တိုက်စစ်မှူး ဂီရော့ဒ်ဟာ အခုပြိုင်ပွဲမှာ ပြင်သစ်အသင်းအတွက် အထောင်တိုက်စစ်မှူးအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး အဖွင့်ပွဲစဉ် ဩစတြေးလျနဲ့ပွဲစဉ်မှာ သွင်းဂိုးနှစ်ဂိုး၊ ၁၆ သင်းအဆင့် ပိုလန်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး၊ ဆီမီးဖိုင်နယ်အဆင့် အင်္ဂလန်အသင်းနဲ့တွေ့ချိန်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပြင်သစ်အသင်းအတွက် နိုင်ငံတကာသွင်းဂိုး ၅၃ ဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ ပြင်သစ်အသင်းသမိုင်းမှာ ဂိုးသွင်းအများဆုံးကစားအဖြစ် သမိုင်းမှတ်တိုင်သစ် စိုက်ထူနိုင်ခဲ့တာဖြစ်ပါတယ်။

## ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါ့စကီး

အသက် ၃၄ နှစ်ရှိ တိုက်စစ်မှူး လီဝမ်ဒေါစကီးဟာ ပိုလန်အသင်းနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ကမ္ဘာ့ဖလားနှစ်ကြိမ်မှာ ဂိုးသွင်းယူနိုင်ခြင်းမရှိပေမဲ့ အခုကမ္ဘာ့ဖလားမှာတော့ ဆော်ဒီအာရေဗျနဲ့တွေ့ဆုံခဲ့တဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ကမ္ဘာ့ဖလားမှာဂိုးမရခဲ့တဲ့ မှတ်တမ်းဆိုးကို ချေဖျက်နိုင်ခဲ့ပြီးနိုင်ငံအသင်းအတွက် ၁၃၈ ပွဲပါဝင်ကစားခဲ့ရာမှာ သွင်းဂိုး ၇၇ ဂိုးထိသွင်းယူနိုင်ခဲ့တာကြောင့် ဘရာဇီးဂန္တဝင်တိုက်စစ်မှူး ပီလီရဲ့ နိုင်ငံတကာသွင်းဂိုးစံချိန်နဲ့တူညီခဲ့တာကိုလဲတွေ့ရမှာပါ။

## အင်္ဂလန်တိုက်စစ်မှူး ရက်ရှ်ဖို့ဒ်

အင်္ဂလန်အသင်းတိုက်စစ်မှူး ရက်ရှ်ဖို့ဒ်ဟာ ကာတာကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ အီရန်အသင်းကို သွင်းဂိုးတစ်ဂိုး၊ အုပ်စုနောက်ဆုံးပွဲစဉ်မှာ ဝေးလ်အသင်းကို သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပြီး အဲဒီပွဲစဉ်ရဲ့တတိယဂိုးသွင်းယူခဲ့တဲ့ ရက်ရှ်ဖို့ဒ်ဟာ အသင်းအတွက် ဂိုး ၁၀၀ ပြည့်သွင်းဂိုးကို သွင်းယူနိုင်ခဲ့သူအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ အင်္ဂလန်အသင်းဟာ ကမ္ဘာ့ဖလားပြိုင်ပွဲမှာသွင်းဂိုး ၁၀၀ ပြည့်မြောက်ခဲ့တဲ့ ဘရာဇီး၊ ဂျာမနီ၊ အာဂျင်တီးနား၊ အီတလီ၊ ပြင်သစ်၊ စပိန်အသင်းတို့ရဲ့နောက်မှာ ခုနစ်သင်းမြောက်အဖြစ် ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။

## နယ်သာလန်တိုက်စစ်မှူး ဂက်ပို

အသက် ၂၃ နှစ်ရှိ နယ်သာလန်တိုက်စစ်မှူး ဂက်ပိုဟာ အခုကမ္ဘာ့ဖလားပြိုင်ပွဲမှာ နယ်သာလန်အသင်းအတွက် ပထမဆုံးပါဝင်ကစားပေးခဲ့ပေမဲ့ အုပ်စုတွင်းပွဲစဉ်တွေဖြစ်တဲ့ ဆီနီဂေါအသင်းနဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး၊ အီကွေဒေါအသင်းနဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး၊ ကာတာအသင်းနဲ့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် နယ်သာလန်အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားအုပ်စုပွဲစဉ်အားလုံး ဂိုးသွင်းယူနိုင်တဲ့ တိုက်စစ်မှူးအဖြစ် မှတ်တမ်းသစ် ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။

## ပြင်သစ်အမျိုးသမီးဒိုင်လူကြီး ဖရာပ်ပေါ့

ကွင်းလယ်အမျိုးသမီးဒိုင် ဖရာပ်ပေါ့ဟာ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ဒိုင်လူကြီးစာရင်းမှာ ပါဝင်လာခဲ့ပြီး ဒီဇင်ဘာ ၁ ရက်မှာကျင်းပခဲ့တဲ့ ဂျာမနီအသင်းနဲ့ ကော်စတာရီကာအသင်းတို့ရဲ့ အုပ်စုနောက်ဆုံးပွဲစဉ်ကို တာဝန်ယူခွင့်ရခဲ့တာကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းမှာ ပထမဆုံး အမျိုးသမီးကွင်းလယ်ဒိုင်အဖြစ် မှတ်တမ်းသစ်ရေးထိုးနိုင်ခဲ့တာဖြစ်ပါတယ်။

## ဆော်ဒီအာရေဗျအသင်း

အာရှဇုန်က ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၅၁) မှာ ရပ်တည်နေတဲ့ ဆော်ဒီအာရေဗျအသင်းဟာ ကမ္ဘာ့ဖလားအဖွင့်ပွဲစဉ်မှာ အဆင့်(၃) မှာ ရပ်တည်နေတဲ့ အာဂျင်တီးနားအသင်းကို နှစ်ဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် ကမ္ဘာ့ဖလားသမိုင်းမှာ အာရှဇုန်ကနေ တောင်အမေရိကဇုန်က အာဂျင်တီးနားအသင်းကို ပထမဆုံးအနိုင်ရခဲ့တဲ့အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။ ဒါ့ပြင် သူတို့အသင်းဟာ အာဂျင်တီးနားအသင်းရဲ့ ၃၆ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကိုလဲ ရပ်တန့်နိုင်ခဲ့တဲ့အသင်းအဖြစ်လဲ သမိုင်းမှတ်တိုင်စိုက်ထူနိုင်ခဲ့တာကို တွေ့ရမှာပါ။

## အင်္ဂလန်အသင်း

အင်္ဂလန်အသင်းဟာ အမေရိကန်အသင်းနဲ့တွေ့ဆုံခဲ့တဲ့ အုပ်စုတွင်းပွဲစဉ်မှာ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့တာကြောင့် ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် သရေရလဒ်ထွက်ပေါ်ခဲ့တဲ့ ပွဲစဉ်ပေါင်း ၂၂ ကြိမ်ထိ ရှိခဲ့တာဖြစ်ပါတယ်။

ဒါ့ပြင် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုတွင်းပွဲစဉ်တွေမှာလဲ အီရန်အသင်းကို ခြောက်ဂိုးနှစ်ဂိုး၊ အမေရိကန်အသင်းကို ဂိုးမရှိသရေ၊ ဝေးလ်အသင်းကို သုံးဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့တာကြောင့် အုပ်စုတွင်းရှုံးပွဲမရှိတဲ့ အသင်းအဖြစ် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ခဲ့တာလဲဖြစ်ပါတယ်။

## မော်ရိုကိုအသင်း

အာဖရိကဇုန်က မော်ရိုကိုအသင်းဟာ အခုပြိုင်ပွဲမှာ ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရပ်တည်နိုင်ခဲ့ပြီး အုပ်စုတွင်းမှာ ခရိုအေးရှား၊ ဘယ်လ်ဂျီယံ၊ ကနေဒါတို့နဲ့တွေ့ဆုံခဲ့ပေမဲ့ ခရိုအေးရှားကို ဂိုးမရှိသရေ၊ ဘယ်လ်ဂျီယံကို နှစ်ဂိုးဂိုးမရှိနဲ့ အနိုင်ကစားခဲ့သလို ကနေဒါအသင်းကိုလဲ နှစ်ဂိုးတစ်ဂိုးနဲ့အနိုင်ယူပြီး ၁၆ သင်းရှုံးထွက်အဆင့်ကို တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ကွာတားအဆင့်မှာလဲ ပေါ်တူဂီကို တစ်ဂိုးဂိုးမရှိနဲ့ နိုင်ခဲ့တာကြောင့် ပထမဆုံးဆီမီးဖိုင်နယ်တက်ရောက်နိုင်တဲ့ အာဖရိကအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် မော်ရိုကိုအသင်းဟာ ကမ္ဘာ့ဖလားသမိုင်းမှာ အာဖရိကဇုန်က ကွာတားအဆင့်သာအမြင့်ဆုံးတက်ရောက်နိုင်ခဲ့တဲ့ ကင်မရွန်း၊ နိုင်ဂျီးရီးယား၊ ဆီနီဂေါအသင်းတို့ကိုကျော်ဖြတ်ပြီး သမိုင်းမှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့တာဖြစ်ကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။

# မြိတ်ဒေသထွက် ကဏန်းချေးပုံး၊ ငါးအသားလွှာ၊ ငါးမှုန့်နှင့် ခုံးခရုများ ပြည်ပဈေးကွက်ခိုင်မာစွာရရှိနေသဖြင့် အပတ်စဉ်တင်ပို့ရောင်းချပေးနေရ



**နေပြည်တော် ဒီဇင်ဘာ ၂၂**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ဒေသမှထွက်ရှိသည့် ကဏန်းချေးပုံး၊ ငါးအသားလွှာ၊ ငါးမှုန့်နှင့် ခုံးခရုများ ပြည်ပဈေးကွက်ခိုင်မာစွာရရှိနေသဖြင့် အပတ်စဉ်တင်ပို့ရောင်းချပေးနေရကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းများအရ သိရသည်။

ရောဝတီတိုင်းဒေသကြီး မြိတ်ဒေသမှထွက်ရှိသည့် ကဏန်းချေးပုံးခေါ် ကဏန်းငယ်လေးများမှာ ပြည်ပဈေးကွက်တွင် ဈေးကွက်ခိုင်မာစွာရရှိနေသဖြင့် ဒီဇင်ဘာလတတိယပတ်အတွင်း ကဏန်းချေးပုံး ၁ ဒသမ ၅ တန်မှ နှစ်တန်ထိ အပတ်စဉ်တင်ပို့ရောင်းချပေးနေရကြောင်း၊ ထို့ပြင် ငါးအသားလွှာနှင့် ငါးမှုန့်များမှာလည်း ပြည်ပဈေးကွက်တွင် ဈေးကွက်ခိုင်မာနေသည့် ရေထွက်ပို့ကုန်တစ်ခုဖြစ်သောကြောင့် ငါးအသားလွှာနှင့်ငါးမှုန့်များကို ဒီဇင်ဘာလတတိယပတ်အတွင်း ငါးအသားလွှာ ၇ ဒသမ ၂ တန်နှင့် ငါးမှုန့် ၉၄၅ တန် ပြည်ပသို့ အပတ်စဉ်တင်ပို့ရောင်းချပေးနေခဲ့ရကြောင်း သိရသည်။

ထိုသို့ ငါးအသားလွှာနှင့်ငါးမှုန့်များကို ပြည်ပသို့ တင်ပို့ရောင်းချပေးရာတွင် မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ကုန်းလမ်း၊ ရေလမ်းများဖြင့် တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း၊ မြိတ်ဒေသမှ ပြည်ပသို့ ငါးအသားလွှာနှင့် ငါးမှုန့်များ တင်ပို့ရောင်းချပေးရာတွင် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် တင်ပို့ရောင်းချပေးနေခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ခုံးခရု ခေါ် မြန်မာ့ရှပ်များမှာလည်း ပြည်ပတွင် ဈေးကွက်ခိုင်မာနေသည့် မြိတ်ဒေသထွက် ရေထွက်ပို့ကုန်များဖြစ်သောကြောင့် ခုံးခရုများကိုလည်း ပြည်ပသို့ အပတ်စဉ် တင်ပို့ရောင်းချပေးနေရကြောင်း၊ ပြည်ပသို့ ခုံးခရုများစွာ တင်သွင်းလာစေရေးအတွက် ပစ္စည်းအရည်အသွေး သတ်မှတ်ချက်အနေဖြင့် သီးခြားထုတ်ပြန်ထားခြင်းမရှိသည့်အပြင် ပင်လယ်စာများအပေါ်(Duty rate)အခွန်ပမာဏ တစ်ရာခိုင်နှုန်းအောက်သာ သတ်မှတ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ယခုအခါ စားသောက်ဆိုင်များ၊ ဟိုတယ်များ၊ ဈေးဆိုင်များတွင် ပင်လယ်စာဖြစ်သည့် ခုံးခရု ခေါ် မြန်မာ့ရှပ်များမှာ ဈေးကွက်လိုအပ်ချက်မြင့်မားနေသဖြင့် ဈေးကွက်သွက်လက် လှုပ်ရှားနေကြောင်း သိရသည်။ SKL

## ပလင်းတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# ပွင့်ဖြူမြို့နယ် မဲရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပွင့်ဖြူ ဒီဇင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာသစ်ကုန်းကျေးရွာအုပ်စု မဲရင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးပေးခြင်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကူစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များအနေဖြင့် မိမိရပ်ရွာရှိ ဒေသခံပြည်သူများ တစ်နိုင်တစ်ပိုင်မိသားစု ဝင်ငွေတိုးလုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လစဉ်စီမံကိန်းရန်ပုံငွေ စာရင်းဇယားများကို စနစ်တကျ မှတ်တမ်းပြုစုထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ပွင့်ဖြူမြို့နယ် ရွာသစ်ကုန်းကျေးရွာအုပ်စု မဲရင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၃၆ ဒသမ ၅၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၄၀ ကို ငွေကျပ် ၁၇ ဒသမ ၃ သန်း၊ စုစုပေါင်း စီမံကိန်းအသင်းသား၊ အသင်းသူ ၁၀၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၃ ဒသမ ၈၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)












## ဝန်ထမ်းအလိုရှိသည်

- အသက် (၂၀) မှ (၃၀)အတွင်း
- **စာရင်းကိုင်စာရေးမ (၂) ဦး**
- ကွန်ပျူတာသုံးတတ်ရမည်။
- **မြို့တွင်းပစ္စည်းပို့ရန် ယာဉ်မောင်း (၁)ဦး**
- အိမ်အမှတ် ၀/၉/၄၀ ၆၅ Dလမ်း၊ ၁၁၄လမ်း×၁၁၅ ကြား၊ မန္တလေး။ 09-403733650


## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရေထွက်ရပ်ကွက်နေ ဦးခင်ဇော်မြင့် + ဒေါ်အေးမြကြူ တို့၏သား **မောင်နိုင်လင်းသူ(၉/ပသက(နိုင်)၁၈၆၁၂၃)**သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဦးခင်ဇော်မြင့်+ဒေါ်အေးမြကြူ**

## သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ချမ်းမြသာစည်မြို့နယ်၊တမ္ဗဝတီ၊အကွက်(၄၈၂)၊သာမိုးတောင်ရပ်နေ ဒေါ်ခင်မမ ၏သမီးများဖြစ်ကြသော **မနွယ်နီအေး(၉/မရတ(နိုင်)၁၁၆၆၂၅)**၊ **မယဉ်ယဉ်အေး(၉/ခမစ(နိုင်)၀၅၃၀၅၃)**၊ **မသီရိဝင်းရွှေ(၉/ခမစ(နိုင်)၀၅၃၀၃၇)**နှင့် **မချွန်းနီ(၉/ခမစ(နိုင်)၀၆၇၃၈၁)**တို့သည် မိခင်၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီးများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝတို့ကို လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

*(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)*

**ဒေါ်ခင်မမ(၉/မရတ(နိုင်)၀၄၉၀၂၉)**

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နေ မအေးသီရိကျော်(ဘ) ဦးကျော်သိန်း (၉/မခန(နိုင်)၀၄၃၄၇၈)၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ်(မူရင်း)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၆၀၂၇၂၈၇၇၆

**မီး**
**သတိပြု**


လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာဝင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်**

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေဟာ ပြည်ပစွက်ဖက်မှုကင်းစင်စွာဖြင့် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်မှသာ အောင်မြင်မှုရရှိမှာပဲဖြစ်ပါတယ်။ ပြည်တွင်းပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေရှိနေသရွေ့ ကျွန်တော်တို့ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေဟာ ထင်သလောက်ခရီးမပေါက်ကြောင်းနဲ့ ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ်မှာ နားယောင်ဖို့မလိုကြောင်း ကျွန်တော်တို့ညီအစ်ကိုတွေ သတိပြုမိဖို့လိုအပ်မှာဖြစ်ပါတယ်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၇) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

**ခရစ္စမတ်ကာလကို အကျိုးရှိစွာဖြတ်သန်းသွားစေလို**

ဆောင်းပါး စာမျက်နှာ - ၁၀

**စစ်ကိုင်းတိုင်းဒေသကြီးတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၇၄၇၀၉ ဧကစိုက်ပျိုးပြီးစီး**

စာမျက်နှာ - ၃

**မိုးခေါင်ရေရှားမှုအကျပ်အတည်းနှင့် ကြုံတွေ့နေရသည့် ကင်ညာနိုင်ငံ ပညာရေးကဏ္ဍအတွက် ကုလသမဂ္ဂပညာရေးဆိုင်ရာ ကမ္ဘာ့ရန်ပုံငွေအဖွဲ့က အမေရိကန်ဒေါ်လာ နှစ်သန်းပံ့ပိုးမည်**

စာမျက်နှာ - ၂၃

**မဘိမ်းမြို့နယ်၌ NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ကျောင်းပို့ကျောင်းကြိုမော်တော်ယာဉ် တစ်စီးကို ရီမုမိုင်းဖြင့် မိုင်းခွဲတိုက်ခိုက်**

စာမျက်နှာ - ၂၂

# ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံ အကြမ်းဖက်သမားများကို လက်နက်၊ ခဲယမ်းများ၊ လက်လုပ်မိုင်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

နိုင်ငံတော်အတွင်း တရားဥပဒေစိုးမိုးရေး၊ နယ်မြေတည်ငြိမ်အေးချမ်းရေးတို့ကို ပျက်ပြားစေရန် ရည်ရွယ်၍ NUG၊ CRPH တို့၏ လက်ဝေခံ PDFအမည်ခံအကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ရဟန်းသံဃာများ၊ အစိုးရဝန်ထမ်းများနှင့် ဒေသခံပြည်သူများကို ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အများပြည်သူအသုံးပြုသွားလာလျက်ရှိသည့် လမ်းတံတားများနှင့် ယာဉ်များ၊ အဆောက်အအုံများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအား လိုင်စင်မဲ့ယာဉ်များ အသုံးပြု၍ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် **စာမျက်နှာ ၂၂ ကော်လံ ၁ ☆**



ရေစကြိုမြို့နယ် ကြန့်ဆိပ်ကျေးရွာအနီး၌ PDF အမည်ခံအကြမ်းဖက်သမားများထံမှ သိမ်းဆည်းရမိသည့် လက်နက်၊ ခဲယမ်းများကို တွေ့ရစဉ်။

# ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ် (Depression)သည် မြောက်-အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၅၈၀ ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏အနောက်-အနောက်တောင်ဘက် ရေမိုင် ၆၈၅ မိုင်ခန့်၊ သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ အရှေ့-အရှေ့မြောက်ဘက် ရေမိုင် ၂၁၀ ခန့်၊ အိန္ဒိယနိုင်ငံ နာဂါပတ္တနမ်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၂၈၅ မိုင်ခန့်နှင့် ချင်းနိုင်မြို့၏ အရှေ့-အရှေ့တောင်ဘက် ရေမိုင် ၃၂၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ယင်းမုန်တိုင်းငယ်၏လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် **စာမျက်နှာ ၁၆ ကော်လံ ၁ ☐**